
www.burmeseclassic.com




www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၆၈၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၅၀၀၄၁၀
၂၀၁၀ ခုနှစ်၊ ဇွန်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ၊
အမှတ် (၁၁၁)၊ ၃၃-လမ်း၊ ပန်းဘဲတန်း။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးမြင့်ဝေ (၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်၊
အမှတ်(၁၈၂)၊ (၃၁)လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်။

◈ ပြည်လုံးကျွတ်ဖြန့်ချီရေး
◈ ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မုန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဓ၉၅ . ၈၃
ပုဗ္ဗညီ
သခဲတောင်ကုန်း၌ တစ်ညတာ/ပုဗ္ဗညီ။ ရန်ကုန်၊
ယုံကြည်ချက်စာပေ ၊ ၂၀၁၀ ။
၁၃၀ - ၈ ၊ ၁၃၀ X ၂၀၃ စင်တီ။
(၁) သခဲတောင်ကုန်း၌ တစ်ညတာ

## အခန်း(၁)

နေဝင်ရိုးရီကို အမှောင်ထုက တရိပ်ရိပ်သိမ်းပိုက်လိုက်သော ညနေခင်းသည် ဝေဝါးလွန်းလှ၏။

ကတီ ကတီ ... ကတော် ကတော် အော်မြည်နေသော မွေးမြူရေးကြက်ခြံတွေအနီးအရောက်မှာ အချမ်းဓာတ်က သိသိသာသာလွန်ကဲလာသည်။

ဆိုင်ကယ်စက်သတ်ကာ ဆိုင်ကယ်ခြင်းထဲမှ ခေါင်းစွပ်ဆွယ်တာ ထုတ်ယူပြီး ခေါင်းပေါ်စွပ်ချလိုက်စဉ် ... သင်းမြမြမွှေးရနံ့တစ်ခု ဖျတ်ခနဲ ရှူရှိုက်မိသည်။ ထိုသင်းကြိုင်လှိုင်မှုက နှစ်သက်ချင်စရာ။

ကြက်စာနံ့ ကြက်ချေးနံ့သာ နံ့ရမည့်ဒီနေရာမှာ မွှေးပျံ့ပျံ့ရနံ့ကား ထူးသစ်စွာ လန်းဆန်းစေပါ၏။

မျက်နှာပေါ်ပိတ်ဖုံးနေသော အင်္ကျီကို မြန်မြန်ဆန်ဆန်ဆွဲခူးအပြီး မှာတော့ ...

www.burmeseclassic.com



"ဟင် ..."

တော်ကောင်းတစ်ယောက် အံ့သြတကြီး အာမေဍိတ်တစ်ခု ထွက်ကျသွားတော့သည်။

စာစောက လူရိပ်လူယောင်ပင် မမြင်ခဲ့ပါဘဲ အနွေးထည်ဝတ်စုံ ခဏချင်းမှာ မိန်းမပျိုတစ်ယောက် သူနှင့်အနီးကပ်ဆုံး လက်တစ်ကမ်းအကွာ၌ ရပ်နေခြင်းက မယုံချင်စရာ။

ဘယ်သို့သော အမြန်နှုန်းနဲ့ရောက်လာသနည်း။

အဘယ်မိန်းကလေးမျိုးနည်း ...

တော်ကောင်းမသိ။ တစ်ခါမှလည်း မမြင်စဖူးသော မျက်နှာလှလှလေးဆိုတာကိုတော့ အပြေးအလွှားအတွေးထဲမှာကို တွေးလိုက်မိသည်။

သွားစွယ်ဖွေးဖွေးလေး လက်သွားအောင် ပြုံးလိုက်သောအခါ တော်ကောင်းရင်ထဲမှာ အေးစိမ့်သွားသည်။

ရာသီဥတုက အေးလို့လား ...

အပြုံးလေးက အေးလို့လား ...

ဆည်းဆာနတ်မိမယ်လေးအလှက အေးလို့လား ...

ကျစ်ဆံမြီးတစ်ချောင်းနဲ့လိုက်ဖက်ညီ မျက်နှာလေးက အေးလို့လား ...

တီရှပ်အဖြူ ဒူးဖုံးဂါဝန်အဖြူနဲ့သွယ်လျကိုယ်ဟန်၏ ပန်းတင့်မှုကပဲ အေးလို့လား ...

ဖြူဝင်းမွတ်မွတ်အသားအရေရဲ့ ကိုယ်သင်းနံ့မွှေးမွှေးက အေး၍ပဲလား ...

မတွေးနိုင်။





ရင်မှာတော့ ငြိမ့်ခနဲ အေးသွားသည်။

တော်ကောင်း လင်းလင်းပွင့်ပွင့် အပြုံးတစ်ခု နှစ်လိုစွာပြန်လည်ပြုံးပြလိုက်မိသည်။

အပြုံးနှင့်တစ်ဆက်တည်း ... ပဋိသန္ထာရစကားဆို၏။

"တစ်ယောက်တည်းလား ... အဖော်မပါဘူးလား ... မိုးလည်းချုပ်တော့မယ်"

သီချင်းစာသားအတိုင်း ဖြစ်သောစကားကို သီချင်းဆိုသလို တော်ကောင်းပြောတော့ ကောင်မလေးတလှုပ်လှုပ်ခါသွားအောင် ရယ်၏။

"ခစ် ... ခစ် ... ခစ်"

ရုပ်ဆင်းသွင်ပြင်သာမက အသံအဆင်းသွင်ပြင်ပါလှပသော မိန်းမပျိုလေး၏ ရယ်သံက ပန်းတစ်ခင်းလုံးကြွေသလို ညက်ညော မွှေးထုံခြင်းတွေ ကိန်းဝပ်နေသည်။

"လိုက်ပို့ရမလား ..."

စေ့စေ့စိမ်းစိမ်းအကြည့်၊ သွက်သွက်ခါခါ ကျစ်ဆံမြီးလေးကိုမြင်လိုက်ရချိန်မှာ တော်ကောင်း တလှုပ်လှုပ်ရင်ဖိုသွားရ၏။

"စေတနာနဲ့ပြောတာပါ ... ဘာညာမပါပါဘူး"

"အ ... ဟင်း"

နှုတ်ခမ်းနှစ်လွှာစေ့စေ့ပိတ်လျက်နှာခေါင်းမှ ထွက်သောရယ်သံက သူ့အပေါ်ယုံကြည်ခြင်းနှင့်မယုံကြည်ခြင်း မျှချေမှာရှိနေသည်။

နှုတ်ခမ်းထောင့်စွန်းနှစ်ဖက်တွန့်ကွေးကွေးအပြုံးသည် မချိပြုံးလှောင်ပြုံး၊ ခနဲ့တဲ့တဲ့အပြုံး၊ ဟန်ဆောင်ပြုံး၊ မဲ့ပြုံးတစ်ခုမှမဟုတ်သည့် ကြည်ကြည်စင်စင်အပြုံးဆိုတာကိုတော့ မျက်ဝန်းလဲ့လဲ့လေးက သက်သေခံ



www.burmeseclassic.com

www.burmeseclassic.com



လျှက်ရှိ၏။

"မြို့ထဲပြန်မှာလား"

ကောင်မလေး ခေါင်းယမ်းသည်။

"ကြက်ခြံတွေကထင်တယ်"

ကောင်မလေး နောက်တစ်ကြိမ်ခေါင်းယမ်း၏။

"မက်မန်းခြံတွေဘက်ဆို ဝေးသေးတယ်လေ"

ကောင်မလေး တတိယအကြိမ်မြောက် ခေါင်းယမ်းပါသည်။

သူ ... ဖြစ်နိုင်ခြေမှုကိုမေးပေမယ့် တစ်ခုမှ မဖြစ်တာက နည်းနည်းတော့ အံ့ဩဖို့ကောင်းနေသည်။

ဒီနေရာမှာသွားစရာက ကြက်ခြံ သို့မဟုတ် မြို့ထဲ သို့မဟုတ် မက်မန်းခြံတွေဆီ ... ဒီသုံးနေရာမှတစ်ပါး တခြားမရှိ။ အခု ... ကောင်မလေးက အားလုံးကိုခေါင်းခါနေသည်။ သူ့ကိုစပ်စပ်ဟပ်ဟပ်စကားမပြောချင်လို့ပဲလား ... ဒါလည်းမဖြစ်နိုင်။ ကောင်မလေးရဲ့မျက်နှာမှာ အဲလို မလိုလားခြင်းတွေကင်းစင်နေတာ သူအတိုင်းသားမြင်ရသည်။

"ဆန်းတော့ဆန်းတယ်နော် ... "

ဒီတစ်ခါတော့ ကောင်မလေးခေါင်းညိတ်၏။

"အိမ်ပြန်မလို့ မဟုတ်လား"

ကောင်မလေး ဒုတိယအကြိမ် ခေါင်းညိတ်ပြန်သည်။

"မင်းအိမ်က ဘယ်မှာမို့လဲ ... "

ခေါင်းညိတ်၊ ခေါင်းခါကောင်မလေး တောင်ကုန်းထိပ်တစ်နေရာဆီသို့ လက်ညှိုးညွှန်ထိုးပြလေ၏။

မှုန်တိမှုန်ဝါးအလင်းရောင်အောက်မှာ ကောင်မလေးညွှန်ပြသည်





မှာ ဘာဆိုတာမကွဲပြားပါ။

သူသိသလောက်ကတော့ အဲဒီတောင်ကုန်းပေါ်မှာ လူနေအိမ် တစ်အိမ်မှျပင်မရှိ။

ကောင်မလေး ... သူ့ကိုနောက်နေပြီထင်သည်။

သို့သော် ... ကောင်မလေးမျက်နှာမှာ နောက်ပြောင်ကျီစယ်ရိပ် တစ်စွန်းတစ်မှုမတွေ့ရပေ။

တော်ကောင်းခပ်ဆဆအတွေးထဲမှာနစ်နေစဉ်၊ ကောင်မလေးသည် သွယ်လျပျောင်းညွတ်သော လက်ချောင်းကလေးများဖြင့် သူ့ကို တဲ့တားလုပ် နှုတ်ဆက်သည်။

သူလည်း ယောင်တောင်ပေါင်တောင်နဲ့ လက်ပြလိုက်မိသည်။ ထိုအချိန်မှာပင် ...

ဝှီး ...

ဖလပ် ...

လပ် ... လပ်

ဝှီး ...

သိမ်းငှက်မှိုတစ်ကောင်ထက်မသေးသော လင်းနို့မည်းကြီး သူနှင့် ကောင်မလေး၏မျက်နှာနှစ်ခုအကြား ဖြတ်ပျံသွားသည်။

"ဟာ ... "

သူအလန့်တကြား ဆုတ်ခုန်ခုန်ချလိုက်တော့ ...

ဝုန်း ... ခနဲ သူ့ဆိုင်ကယ်လေး လဲပြိုသွားလေ၏။

တော်ကောင်း ကပျာကယာပင် ဆိုင်ကယ်လေးပြန်ထူ...

"ခစ် ... ခစ် ... ခစ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ခိုးခိုးခစ်ခစ်ရယ်ရင်း လူသွားလမ်းလေးအတိုင်း တောင်ကုန်းဆီ ပြေးတက်သွားတော့သည်။

"ဟော့ ကောင်မလေး ... နေဦး ... အဲဒီဘက်မှာ ဘာအိမ်မှ မရှိဘူး ... ဟာ ဒီကောင်မလေး စိတ်မှန့်ရဲ့လားကွာ ... ဟော့ ... ဟော့"

တော်ကောင်း အော်သံတဟော့ဟော့သည် ညနေခင်းကို လွှမ်းခြုံ ကျန်နေခဲ့သည်။

ကောင်မလေးကတော့ လူတစ်ရပ်ကျော်ကျော် မြင့်မားထူထပ်သော နေကြာရိုင်းပင်အုပ်အုပ်တွေအကြားရှိ လူသွားလမ်းလိမ်ကောက်ကောက်ထဲသို့ မြွေတစ်ကောင်လို တိုးဝင်ကွယ်ပျောက်သွားတော့သည်။ သူ့ကို ငဲ့စောင်း၍ပင်မကြည့်တော့ပေ။

"ဘယ်လို ကောင်မလေးပါလိမ့်"

တော်ကောင်း တစ်ကိုယ်တည်း ရေရွတ်နေမိ၏။

ပြီးတော့လည်း ကိုယ့်ညီမ အငယ်ဆုံးလေးအရွယ် နုဖတ်လှပလွန်းသော ကောင်မလေးကို စိတ်ပူမှုတွေ တိုးမြင့်လို့လာလေသည်။

"ဖြစ်သေးပါဘူး ... သူ့အိမ်ကိုပြန်ပို့တာ ကောင်းမယ်နဲ့တူပါတယ်၊ မေးလို့စမ်းလို့မရတဲ့ စိတ်ရောဂါသည်လေးဆိုရင်လည်း နီးစပ်ရာကြက်ခြံတွေထဲဝင်ပြီး အကျိုးအကြောင်းပြောပြမှသင့်မယ်၊ ဟုတ်တယ်၊ မတော်လို့များ မသမာသူတစ်ယောက်ယောက်နဲ့တွေ့သွားမှဖြင့် ... ငါကလည်း နယ်ခံမဟုတ်တော့ သိပ်မသိသေးဘူး"

နှမချင်းစာနာစိတ်ဖြင့် သူ ကောင်မလေးနောက်ကို လိုက်လံခေါ်ဆောင်ရန် ဆုံးဖြတ်လိုက်၏။

ဆိုင်ကယ်ပေါ်တက်၊ စက်နှိုးပြီး နေကြာရိုင်းတွေ ဘယ်ညာပိတ်





နေသော လူသွားလမ်းကျဉ်းကျဉ်းလေးအတိုင်း သူ့ဆိုင်ကယ်လေးကို တစ်ရှူးထိုးမောင်းဝင်လိုက်၏။

အမှောင်သည်းလွန်း၍ မီးဖွင့်မောင်းရသည်။

နေကြာရိုင်း အရွက်ကြမ်းရှရှများက တစ္ဆေလက်ဝါးများလို မျက်နှာနှင့်ရင်ဘတ်တို့ကို တဖတ်ဖတ်ရိုက်ပုတ်သဖြင့် ယားသည်။ စပ်သည်။ နာကျင်သည်။ သို့သော်လည်း သူ့ဆိုင်ကယ်အရှိန်မလျှော့ ...

တောင်ကုန်းအပြည့်ဖုံးနေသော နေကြာရိုင်းတွေက တောင်ကုန်းထိပ်သို့နီးလာလေလေ ... ပိုမိုထူပိန်းလာလေလေဖြစ်သည်။ ထို့အတူ သူ့စိတ်ပူပန်မှုကလည်း နေကြာရိုင်းတောနှင့်ထပ်တူ ထူထဲပိတ်သည်းလို့နေ၏။

ကောင်မလေး ... နေကြာရိုင်း တောထဲဝင်ပုန်းနေတာများလား ဒီလိုလုပ်လိမ့်မည်တော့မထင် ...

သူ ကောင်မလေးနောက်မှ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ထပ်ချပ်မကွာ လိုက်ခဲ့သည်။ ကောင်မလေးက ခြေထောက်နဲ့ပြေး၏။ သူက ဆိုင်ကယ်စက်ရှိန်မြှင့်ပြီး လိုက်ခဲ့ခြင်းဖြစ်၏။ အခုလောက်ဆိုလျှင် ကောင်မလေးကိုမှီသင့်ပြီ။

လီဗာလျှော့ပြီး တောတိုးသံကြားရလို ကြားရငြား နားစွင့်ကြည့်တော့လည်း ဆိုင်ကယ်စက်သံမှအပ ပုရစ်မြည်သံပုဇင်းရင်ကွဲအော်သံတို့ပင်မကြားမိပါ။

ဘာပဲဖြစ်ဖြစ် ဝင်လာမိပြီးမှတော့ လမ်းဆုံးအောင်တော့သွားရသည်။

အုံ့ဩစရာအလျင်နှုန်းနဲ့ အမှေးထည်စွပ်တုန်းခဏအတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသော ကောင်မလေးသည် သူ့ဆိုင်ကယ်ထုစဉ်အခိုက် မယုံနိုင်ဖွယ်အလျင်နှုန်းနဲ့ပျောက်ကွယ်သွား၏။

လှသလောက် ဆန်းသောကောင်မလေးဟာ သူ့အတွက်တော့ ပဟေဠိတစ်ပုဒ်ထက်ပင် နားလည်ရခက်နေသည်။

နေကြာရိုင်းတွေက ပိုထူထပ်လာရုံသာမက ပိုပြီးလည်းမြင့်မားရှည်လျားလွန်းလှသည်။ လမ်း၏ တချို့နေရာတွေမှာဆိုလျှင် ရှေ့ဆက်သွားလို့မရလောက်အောင် ပိတ်ကျနေ၏။

တောကြီးမျက်မည်းထဲ တစ်ယောက်တည်းရပ်နေရသူကဲ့သို့ပင် သူအသက်ရှူကျပ်လာ၏။

မျက်နှာရှေ့ရှိသည့် နေကြာရိုင်းပင်တွေကို ခပ်ရိုင်းရိုင်းတိုးဝင်လိုက်သည်။ မျက်နှာအနာခံ၍ပင် ကမူးရှူးထိုးတိုး၍ တိုးချမိရင်း ...

ဘွားခနဲ မွန်းကျပ်မှုကြီးမှ လွတ်ထွက်သွားသည်။

တောင်ကုန်းထိပ်ရောက်ပြီ။

နေကြာခင်းလေးဘက်လေးတန်ပိတ်ဆို့မှုကြီး လင်းပွင့်သွားသည်။

ထို့အတူ လမ်းလည်းဆုံးလေပြီ။

ဆိုင်ကယ်မီးရောင်ဝင်းဝင်းအောက်မှာတော့ ...

"ဟာ ... သချိုင်းကုန်းကြီး ..."

အထိတ်တလန့်ရေရွတ်ရင်း တော်ကောင်းအကြောအခြင်တွေအေးစက်တောင့်တင်းကာ၊ သူရူးတစ်ယောက်ပမာ-ဂနာမငြိမ်တော့ပေ။ စိတ်တွေ ရှုစိထိုးနေ၏။

လမ်းဆုံးရင်ရွာတွေ့ဆိုသော စကားပုံက လမ်းဆုံးမှာသချိုင်းတွေ့ရသော သူ့အတွက်တော့ ဖြောင့်တန်းစွာလွဲချော်လေပြီထင်သည်။





မြင်မြင်လေရာ နေရာအနှံ့မှာ ဖွေးဖွေးလှုပ်အုတ်ဂူတွေက သူ့ကိုခုန်အုပ်ကြမည့် ကျားဖြူတစ်အုပ်လို ငြိမ်သက်ခြင်းဖြင့် ခြောက်လှန့်နေ၏။

ဒီအချိန် ဒီနေရာသို့ ဒီပုံဒီနည်းနဲ့ ရောက်ကိုရောက်ရမည်ဟုသူ့ကို ကံကြမ္မာက ပုံသွင်းစေစားခဲ့ပြီထင်သည်။ ဖွတ်အတင်းဖန်တီးခဲ့သည်ထင်၏။

အခြေအနေတွေကတော့ ဘယ်လိုမှတွေးထင်ထား ကြိုတင်စိတ်ကူးသတ်မှတ်ထားခဲ့လို့မရသည့် မယုံနိုင်စရာတွေနဲ့ ပြည့်နက်နေ၏။

လူမတူ နတ်တမျှလှသည့် ကောင်မလေးသည် သေခြင်းထက်ဆိုးသော အမုန်းဖြင့် သချိုင်းသို့ အရှင်လတ်လတ်ဂူသွင်းဖို့များ သူ့ကိုကျူးသွင်းမောင်းနှင်ခဲ့သည်မလား မဆိုနိုင်။

အခုတော့ ထိုစေတန်မကလေးသည် သချိုင်းအလယ်မှာ သူ့ကိုစွန့်ထားပြီး ကိုယ်ယောင်ပျောက်ကွယ်သွားတော့သည်။

ဆိုင်ကယ်ရပ်ထားပေမယ့် မီးမပိတ်ရပါ။ သူသည် လူ့လောကမှာသို့ အလည်အပတ်ရောက်သော လူရှင်တစ်ယောက်ဖြစ်နေသည်။

သူသည် ကောင်မလေးကိုကယ်တင်ရန် အကူအညီပေးရန် ရည်ရွယ်ချက်နဲ့ ဒီနေရာကိုရောက်ခဲ့သည်။

အခုတော့ အခြေအနေက ပြောင်းပြန်။

သူ့ခမျှာ ကယ်တင်သူ၊ ကူညီသူ ကင်းဆိတ်သော အိပ်မက်ဆိုးမြို့ကြီးထဲမှ မရုန်းနိုင် မထွက်နိုင်ဖြစ်နေရ၏။

မကြောက်စဘူး ကြောက်မိသော ကြောက်စိတ်ကြောင့် ခေါင်းနပန်းတွေ ယောင်ကိုင်းကြီးထွားလာသည်။

လာလမ်းအတိုင်း နေကြာရိုင်းခင်းကြီးကို ဖြတ်ပြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သည်။ သချိုင်းထဲမှာ တစ်ယောက်တည်းရှိနေခြင်းကိုလည်းကြောက်သည်။ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားသော ကောင်မလေးပျောက်ပုံအခြေအနေ ထူးထူးကိုလည်းကြောက်သည်။ ဤနေရာသည် ဘာမြူဒါထရိုင်အန်ဂယ်ကဲ့သို့ပင် လူတစ်ယောက်လုံးလုံး အစအနမကျန် ပျောက်ကွယ်တတ်သော စွမ်းအင်ထူးတွေနဲ့ နေရာတစ်ခုပဲလားမဆိုနိုင်။

သူဒီမြို့ကိုရောက်တာ သုံးလရှိပြီ။ ဒီအနားအနားဝန်းကျင်နှင့်မြင်နေတွေ့နေကျလူတွေကလည်း သူ့ကိုခေါ်ခေါ်ခင်ခင် ခေါ်ကြခင်နေကြပြီ။ သို့သော် ... ဒီနေရာမှာ သချိုင်းရှိသည်ဆိုတာကိုရော – ဒီနေရာ၏ထူးဆန်းမှုတစ်စုံတစ်ရာကိုပါ မပြောပြခဲ့ကြပါ။

အခု ... မည်သူမျှ မပြောရပါဘဲ ... ထူးဆန်းလှပသော မိန်းမပျိုတစ်ယောက် ရုတ်ချည်းတွေ့ကာ ဖြုန်းစားကြီးပျောက်သွားသည်။ တောခွေးပင်တိုးမပေါက်အောင် ထူပိတ်နေသော နေကြာရိုင်းတောကြီးဖုံးသည့် တောင်ကုန်းပေါ် သူတက်ခဲ့မိသည်။ အုတ်ဂူအပြိုင်းပြိုင်းသချိုင်းတစ်ခုထဲမှာ အံ့သြခြင်းထိတ်လန့်ခြင်းအစုံနဲ့ ရောက်ရှိနေလေပြီ။

ဤသချိုင်းသည်ကော အစစ်အမှန်ရှိသော သချိုင်းတစ်ခုဟုတ်မဟုတ်မသေချာပေ။ ထို့အတူ မိန်းမချောလေး နေကြာရိုင်းတော ... တောင်ကုန်းမြင့်မြင့်တစ်လုံး အရာအားလုံးသည် တစ်ခုမျှစိတ်ချစွာယုံကြည်ထားလို့မရပေ။ Something ကတော့ မလွဲမသွေ Wrong နေပြီ။ သူကိုယ်တိုင် မှားရင်မှားမည်။

သူ တစ်ခုချင်းစမ်းစစ်ကြည့်၏။ CHECK, RECHECK, COUNTER CHECK လုပ်သည်။ ၃.

ဆိုင်ကယ် ... Dream၊ ဓိးရောင်(–)၅၉၇၅၃၊ မမှား။





သူ စောစောကမှ ဝတ်လိုက်သည့်ဆွယ်တာအဖြူခံအနီစင်း၊ GSM ဖုန်းတစ်လုံး၊ ဂူချီ (Gucci) ဂျင်းဘောင်းဘီ၊ Sketcher Sport Shoe ပြီးတော့ – စတီးလ်၊ နိုင်းတူးဖိုက် ငွေ၊ ပလက်တီနမ်၊ ရွှေစိန်၊ ကျောက်မျက်တစ်မှုန်တစ်မွှားမျှမပါ။ လက်ပတ်နာရီ၊ ဟန်းချိန်း၊ ဆွဲကြိုး၊ လက်စွပ် တစ်စိုးတစ်စိမျှမဝတ်။ တက်တူး (Tatoo) ဆေးမှင်ကြောင်း တစ်စက်တစ်ပြောက်မျှမရှိ။ ထိုအရာအားလုံးကို လုံးဝမနှစ်သက်တတ်သော Bared Body နဲ့ သူ့ခန္ဓာကိုယ်သည်လည်း မမှား။

ဒီတော့ မှားနေတာသည် ကောင်မလေး။

သို့မဟုတ် နေကြာရိုင်း တောကြီး။

ဒါမှမဟုတ် ဒီဂူသချိုင်း ...

ဆိုတော့ – ကိုယ့်အမှန်လမ်းကြောင်းအတိုင်းပဲ ကိုယ့်မက်မန်းခြံရှိရာကိုသာ သွားတော့မည်။

နေကြာရိုင်းတောထူထူကိုဖြတ်ရမှာ ဝန်လေးပေမယ့် အခြားရွေးချယ်ရန်လမ်း သူမသိပေ။

သူ ယာယီဝင်သွားမိသော ကောင်မလေးအပေါ် ဂနာသနားစိတ်ကိုဖျောက်ကာ ဆိုင်ကယ်ကို ဂယ်ကွေ့ကွေ့ချလိုက်သည်တွင်...

"ဟာ ... ဒီမှာ ဆိုင်ကယ်တစ်စီး"

သူ့ဆိုင်ကယ်မီးအစွေ့မှာ သချိုင်းအဝင်ဝ၌ရပ်ထားသော ဆိုင်ကယ်တစ်စီးကြောင့် သူ့ဘရိတ်ကို ဆောင့်နင်းချလိုက်မိတော့သည်။ ရှုတော့မတွေ့ရပါ။

သူ့မျက်စိရှေ့မှ ဆိုင်ကယ်ကိုစူးစိုက်ကြည့်နေခိုက်မှာပင် – တော်ကောင်းနားထဲသို့ တုန်တုန်ရီရီအသံကြီး ကြားလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အီး ...

ဟီး ... ဟီး

အီး ...

ပူး ...

ရုတ်တရက် ချက်ချင်းကြားလိုက်ရသော ရှိုက်ငင်ငိုကြွေးသံကြောင့် တော်ကောင်းထိတ်လန့်စွာ လီဗာကို ယောင်ရမ်းဆွဲချလိုက်တော့၊ ဆိုင်ကယ်က မြင်းရိုင်းတစ်ကောင်လို ဝုန်းခနဲ ခေါင့်ခုန်ပြေးထွက်သွားသည်။

တော်ကောင်း သတိပြန်ဝင်လာကာ ကမန်းကတန်းပင် ဘရိတ်ကို နင်းလိုက်ရ၏။

တော်သေးသည် စောစောကရပ်ထားသည့် ဆိုင်ကယ်ကို တိုက်လုတိုက်ခင်လေးမှာ တော်ကောင်း ဆိုင်ကယ်ကို ရပ်လိုက်နိုင်သည်။

စိတ်ကို အတတ်နိုင်ဆုံးတည်ငြိမ်အောင်ထိန်းလျှက် ဆိုင်ကယ်ပေါ်မှဆင်း၏။ ငိုသံကြားရာဆီ စိတ်မှန်းနဲ့လှမ်းကြည့်လိုက်သည်။

အီး ...

အဟင့်

ဟင့်

အီး ...

နင့်နင့်သီးသီးငိုသံကြီးကြောင့် တော်ကောင်းတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ အဖီးဖီးထ ထိတ်လန့်သွားတော့သည်။

ငိုသံကတော့ ထွက်ပေါ်မြဲထွက်ပေါ်ဆဲသာ။

ပထမ သူထွက်ပြေးချင်စိတ်ပေါက်မိပေမယ့် သူ တကယ်လုပ်ဖြစ်တာက အုတ်ဂူတွေကြားထဲ ကွေ့ဝိုက်ကာ ငိုသံကြားရာသို့ သတိလက်





လွှတ်လှမ်းလျှောက်မိခြင်းသာဖြစ်၏။

နှင်းဆီဖြူပွင့်ဖတ်အပုံလေးလို ကျုံ့ကျုံ့ရုံ့ရုံ့လေးထိုင်ကာ ရှိုက်ငိုနေသော ကောင်မလေးတစ်ယောက်ကို အုတ်ဂူဖြူဖြူလေးအနီးမှာ တွေ့လိုက်ရသည်။

အနားမှာ ကပ်ရပ်နေသောသူ့ကို ကောင်မလေး သတိထားမိပုံမရ။

သူ မုဆိုးဒူးထောက်ထိုင်ချလိုက်၏။ ကောင်မလေးကတော့ ခံစားချက်အလျှင်ကောင်းစွာ သတိလက်လွှတ် ငှက်တောင်ကျွတ်အလား ပတ်ခန်းကျင်ကို မေ့ချင်တိုင်းမေ့ထားသည်။

မှေးသင်းသင်းကိုယ်သင်းနံ့ ရှူရှိုက်မိတော့ စောစောက ကောင်မလေးကိုသတိရသည်။ အနံ့ယဉ်ယဉ်လေးကလည်း ထပ်တူညီ တူညီနေသည်ကို။

ကောင်မလေး အငိုတိတ်သွား၏။

ထိုအချိန်မှာ ကောင်မလေးအငိုတိတ်လျှက် ထောက်ခနဲ မဂ္ဂနက်ခြစ်ခြစ်လိုက်သည်။ ပြီးတော့ အမွှေးတိုင်ထွန်းညှိနေ၏။

"ဟင် ... မင်း ..."

မီးအလင်းရောင်အောက်မှ မြင်လိုက်ရသည်က စောစောက ကောင်မလေး အုတ်ဂူလေးပေါ် အမွှေးတိုင်ထွန်းနေသည်။

ထိုကောင်မလေးသည် ဆိုင်ကယ်ထက်ပင် မြန်ဆန်စွာပြေးနိုင်သလားဟု တွေးမိတော့ အံ့ဩမှုတွေ ထပ်ဆင့်တိုးလာ၏။

"ရှင် _ ဘယ်သူလဲ _ ဘာကိစ္စ ကျွန်မနားလာထိုင်နေရတာလဲ _ မိန်းကလေးတစ်ယောက်တည်းဆိုပြီး ယီးတီးယားတားလာမလုပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အသက်ချင်းလဲလိုက်မယ်၊ ဘာအောက်မေ့နေလဲ — တွေ့လား ဒီမှာ"

ပါးပျဉ်းထောင်မြွေဟောက်တစ်ကောင်လို ဒေါသအမျက်ထောင် တောင်တောင်ကောင်မလေး၏ လက်ထဲမှ ဖွေးလက်ထက်ရှမည့် ဓားမြှောင် တစ်လက် သူ့လည်ပင်းအနား ဝုစ်ခနဲ ဖြတ်ဆွဲပြလိုက်သည်။

"ဟာ — ဘယ်လိုဖြစ်လို့ ဒီလောက်တောင် ဒေါသတွေကြီးနေ ရတာလဲ — ငါ့မှာ အကျင့်အကြံအကျည်းတန်တဲ့စိတ်ဓာတ် လုံးဝမရှိဘူး။ မင်းကို စိတ်ပူလို့ လိုက်လာတာ ... "

"စိတ်ပူလို့ ...၊ ဟုတ်လား ရယ်ရတယ်နော် ... ရှင်နဲ့ကျွန်... ဘာပတ်သက်လို့လဲ — သွားစမ်းပါရှင် အေးအေးနေပါရစေ ကိုယ့်အပူ... ကိုယ်မှ မငြိမ်းချမ်းရတဲ့အထဲ ... အာရုံလာနှောက်မနေစမ်းပါနဲ့"

"ဟာ ... သွားပြီ ... မှားတာပဲ ... မင်းအပေါ် စေတနာသိ... တာကိုက ငါ့အမှား။ ဒီလိုအကဲတန်မှန်းသိရင် ငါ့ခြိငါသွားတယ် — အ... ချိန် အေးရာအေးကြောင်း နားနေပြီ — ဒီလို အစော်ကားခံရအကြောင်... ရှိလာမှာမဟုတ်ဘူး"

သူ့စကားကို ကောင်မလေး ခပ်စိုက်စိုက်နားထောင်ပြီး ...

"ရှင် — ကြောင်ကြွက်ကျားဖတ်ကားရိုက်တာမဟုတ်ရင် ... မှားတာကိုနိုးသေသွားပြီ၊ ဘာလို့လဲဆိုတော့ ရှင့်ကို ဘယ်တုန်းကမှ မမြင်ဖူ... ဘူး ... "

သူ ကောင်မလေးကို ကြောင်စီစီငေးနေမိသည်။

ပထမတော့ စိတ်တိုသလိုလိုရှိ၏။ သို့ပေမယ့် အတည်ကြီးမြှေ... နေသော ထိုကောင်မလေးသည် စိတ်ရောဂါဝေဒနာသည်တစ်ယောက် ဖြ... ထစ်ချဖြစ်ရမည်ဟုတွေးမိတော့ သနားသွားမိ၏။





"မင်း ငါ့ကိုမမှတ်မိဘူးနော် ... "

"ဟင်း ဟင်း ဟင်း ရှင်စိတ်မှန့်ရဲ့လားရှင် ... "

ကောင်မလေးက သူမကိုပြောမည့်စကားကို သိနေလို့များ ကြိုကန်နေသလားမဆိုနိုင်။

"ဟား ဟား ဟား"

ဘာပဲဖြစ်ဖြစ် သူ နှစ်နှစ်ကာကာ ရယ်ချလိုက်သည်။

"မင်းအိမ်ကို ငါပြန်ပို့ပေးမယ်နော်"

"အမ် မယ် မယ် ပိုင်စိုးပိုင်နင်းနဲ့ — အိပ်မက်လာမက်မနေနဲ့ အဲဒီဇာတ်ကွက်တွေ ကိုရီးယားဇာတ်လမ်းတွဲတွေထဲမှာ ကြည့်ခဲ့ရတာ အပ်ကြောင်းထပ်နေပြီ ... "

"ဟာ ... ဖွဲ့တယ်ဟေ့ ... ဒုရစပ်ပါလားဟ ... မရှုမကောင်း ဆိုတော့လည်း စိတ်ဆိုးရအခက်၊ ခွင့်လွှတ်ရအခက်"

"ယောက်ျားလေးတန်မဲ့ လက်စားချေတတ်တယ်တော့ ချက်ချင်းပဲ"

"ပြန်ကြစို့ ကောင်မလေးရာ ... ဒီအချိန်မျိုး ဒီနေရာမျိုးမှာ နှစ်ယောက်တည်းရှိနေရတာ မင်းအတွက်ရော ငါ့အတွက်ရော လုံးဝမသင့်တော်ဘူး ... ပြန်ကြစို့ကွာ ... ပြန်ကြမယ်"

"ဒီလူ ဘာလူလဲ ... ကျားပိန်တွယ် လာတွယ်နေပါလား — ပြန်ပေါ့ ကိုယ့်လမ်းကိုယ်ပြန်ပေါ့ ရှင်လိုက်ပို့ရအောင် ကျွန်မက ကလေးဆို စိကွေးလည်းမဟုတ်ဘူး ... ခြေမသန်၊ လက်မသန်လည်းမဟုတ်ဘူး ဟောဒီမှာ သော့ — ဟိုးမှာဆိုင်ကယ် ကိုယ့်ဆိုင်ကယ်ကိုယ်ကျွမ်းကျင်ကျင်စီးတတ်ပြီးသား ... လစ်တော့ ... ဆရာ ... "



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ဆိုတော့မှ တော်ကောင်းသတိရသွားသည်။

ဒီကောင်မလေးက သချိုင်းထိပ်မှ ဆိုင်ကယ်ကိုလက်ညှိုးထိုးပြပြီး သူမဆိုင်ကယ်ဟုဆိုနေသည်။

ကြက်ခြံနားမှာ တွေ့တုန်းက ဘာဆိုင်ကယ်မှမပါတဲ့ ကောင်မလေးရဲ့စကားကို သူဘယ်လိုယုံကြည်ရမည်နည်း။

သို့ပေမယ့် ဆိုင်ကယ်ပိုင်ရှင် တစ်စုံတစ်ယောက်မှလည်း ဒီသချိုင်းကုန်းမှာ မတွေ့ရပေ။ ဒီမှာရှိနေတာ သူနဲ့ကောင်မလေးသာ။

နောက်ပြီး ကောင်မလေး ဒီသချိုင်းကုန်းသို့ ခြေလျင်နဲ့လာခဲ့သလား ... ဆိုင်ကယ်နဲ့လာခဲ့သလား။

အလာတုန်းက သူနားစွင့်ကြည့်ပေမယ့် ဆိုင်ကယ်သံမဆိုထား နဲ့ ပုရစ်သံပင် အပိုမကြားခဲ့ပေ။ ဆိုင်ကယ်စီးသည်ထက်မြန်ဆန်သော ကောင်မလေးကို အံ့ဩလို့မဆုံးနိုင်။

"မင်း ... ဒီကို ဘာနဲ့လာခဲ့တာလဲ"

"ဆိုင်ကယ်နဲ့လာခဲ့တာပေါ့ ဘာလုပ်မလို့လဲ"

စိတ်မရှည်သံနဲ့ ကောင်မလေးဖြေသည်။

"ငါနဲ့တွေ့တုန်းက မင်းမှာ ဘာဆိုင်ကယ်မှမပါပါဘူး"

သူ ကောင်မလေးကို နားမလည်နိုင်စွာပြောတော့ ကောင်မလေးက သူ့ကို လူထူးလူဆန်းတစ်ယောက်လိုကြည့်သည်။

"ရှင် ဘယ်သူလဲဆိုတာတော့ ကျွန်မ မသိဘူး ... ရှင့်ဘာသာ စုံထောက်ဖြစ်ဖြစ် ရဲဖြစ်ဖြစ် သတင်းထောက်ဖြစ်ဖြစ် မဟုတ်တာ ဘာမှ လုပ်မထားခဲ့လို့ ရှင့်ကိုဖြေရှင်းနေစရာအကြောင်းမရှိဘူး ... ရှင်ဟာ တာဝန်ရှိသူတစ်ယောက်ယောက်ဆိုရင် ကျွန်မ အိမ်ကိုအိမ်တိုင်ယာရောက်





လာပြီး စုံစမ်းနိုင်တယ်"

ပြောရင်းနဲ့ ကောင်မလေးသည် သူမဆိုင်ကယ်လေးဆီ ခပ်သွက်သွက်လှမ်းသွား၏။

သူ ကောင်မလေးကို ဘာကြောင့်မှန်းမသိပေမယ့် နောက်တစ်ကြိမ်တွေ့လိုသေးသည်။

"မင်းအိမ်က ဘယ်မှာလဲ"

"ဟိုးမှာ ... မီးတွေလင်းထိန်နေတဲ့ တိုက်ကြီးတွေ့လား၊ အဲဒါ ကျွန်မတို့ တိုက်ကြီးပဲ"

ကောင်မလေး လက်ညှိုးညွှန်ပြသည့်က သချိုင်းကုန်းမှ ခပ်လှမ်းလှမ်းမှာရှိသော တောင်ကုန်းမြင့်မြင့် တစ်ကုန်းထိပ်ရှိ အလင်းရောင်ပျပျမှ။

တော်ကောင်း ဘာမှမမေးနိုင်ခင်မှာ ကောင်မလေး ဆိုင်ကယ်စက်နှိုးပြီး ဝေါခနဲ မောင်းထွက်သွားလေသည်။

သုတ်ခနဲ ဆောင့်တိုးလာသော မြောက်ပြန်လေအေးအေးနှင့်အတူ ကောင်မလေး တိမ်လိုလေလို ပျောက်ဆုံးသွားသည်။

သချိုင်းကုန်းတောင်ကုန်းနှင့် ကောင်မလေးရဲ့အိမ်ဆိုသည့် မီးရောင်လက်လက်တောင်ကုန်းအကြားမှာတော့ နက်နက်လျားလျားလျှိုကြီးရှိနေသည်။

ကောင်မလေးနှင့်ဆိုင်ကယ် တစ်ရှိန်ထိုး တိုးသွားသော လှည်းလမ်းကျဉ်းကျဉ်းလေးရဲ့ထိပ်မှာပဲရပ်ရင်း တော်ကောင်းငေးနေမိတော့သည်။

ဆိုင်ကယ်သံညက်ညက်ပျောက်၍ မီးရောင်ပျပျလည်း ကွယ်သွားပြီ။

ဟိုးအဝေးက ကောင်မလေးရဲ့အိမ်ကြီးကတော့ သဲသဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာထဲမှ ထီးထီးမားမားမော်ဘုရင်မကြီးရဲ့ဂေဟာကြီးလို အေးစက်သေ့ခြောက်လို့နေပါသည်။

ထိုနည်းတူ တော်ကောင်းရင်ထဲမှာလည်း အေးစက်နာကျင်ခြင်းများ ယန္တရားခတ်လျှက်ရှိ၏။

ကောင်မလေးသည် လူစင်စစ်မှ ဟုတ်ပါ၏လော ...

လူမဟုတ်တဲ့ကောင်မလေးသည် ဆိုင်ကယ်တစ်စီးနဲ့ ကိုယ်ထင်ပြနိုင်ပါ၏လော ...

အိပ်မက်မဟုတ်တဲ့ ဖြစ်စဉ်ဆန်းဆန်းက နားလည်နိုင်စွမ်းတွေကို ရှုပ်ထွေးဝေဝါးသွားစေ၏။

အမှောင်တွေသာ ထုထပ်ပိတ်သည်းနေသော လျှိုမြောင်နက်နက်၊ မီးရောင်လက်လက် တောင်ကုန်းတွေကို အကြည့်နှစ်ထား ... နစ်မြုပ်ရာမှ သက်ပြင်းလေးလေးကြီးတစ်ချက် ချလိုက်သည်။

''ဟူး ... ရှုပ်နေတာပဲ ... ''

''ဟူး ... ရှုပ်နေတာပဲ ... ရှုပ်နေတာပဲ ... ရှုပ်နေတာပဲ''

တော်ကောင်း ခေါင်းနပန်းတွေကြီးတက်လာ၏။

သူနောက်ကျောခိုင်းထားသော သချိုင်းအုတ်ဂူများဆီမှ သူ့စကားသံကိုပဲ့တင်ပြန်နေ၏။ အထပ်ထပ်ပဲ့တင်ထပ်နေ၏။

သူထိတ်ထိတ်ပျာပျာ လှည့်ကြည့်လိုက်တော့။

''ဟင် ... ကောင်မလေး''

စောစောက ကောင်မလေး အုတ်ဂူဖြူလေးရှေ့မှာ ရပ်နေသည်။ ယိမ်းနွဲ့ပါးမားတစ်လက်လိုရပ်နေ၏။

''မင်း ... ဘာလဲ ... လာခဲ့စမ်း''





သူ့ကို အရူးလုပ်သောကောင်မလေး၏လက်ကို မလွှတ်တမ်း အမိအရခုန်ဖမ်းလိုက်ပေမယ့် ... ကောင်မလေးသည် ကောင်မလေးမဟုတ်တော့ပေ ... အမွေးတိုင်မီးခိုးငွေ့ဖြူဖြူများသာဖြစ်တော့သည်။ သူ အသံကုန်အော်လိုက်၏။

''သွားတော့ ... ထွက်သွား ... သွား ... သွား''

ပေါက်ထွက်မတတ်ရင်ခုန်သံများနဲ့အတူ သူ ... ထိတ်လန့်ဖွယ်ရှုသချိုင်းကြီးထဲမှ လွတ်ရာ နေကြာရိုင်းတောကြီးထဲသို့ ဆိုင်ကယ်တစ်စီးနဲ့မောကြီးပန်းကြီး မောင်းဝင်ခဲ့ပါ၏။ ထိုအဖြစ်အပျက်များသည် အိပ်မက်မဟုတ်တာဆိုးလှသည်။





www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

''ဖောင်း ... ''

''ဟာကွာ ... သွားပြီ ဆိုင်ကယ်ဘီးပေါက်သွားပြီ''

ကံတရားက သူ့ကိုခပ်ကြမ်းကြမ်း ကျီစယ်နေလေပြီ။ ကံဆိုး မသွားရာ မိုးလိုက်လို့ရွာလို့ပဲဆိုရမလား၊ လက်တိုင်းရိုးမျက်လို့ပဲ ပြောရ မလား။ ကြောက်ပါတယ်ဆိုတာမှ အခြေအနေက ဖြီရဲခြောက်လှန့်နေ တော့သည်။

ငုပ်ထိုးခွဲ၍ ဆိုင်ကယ်ရှေ့ဘီးကွဲကာ လေတစ်စက်မျှမကျန် အောင်ပြားကပ်သွား၏။ သူ ဆိုင်ကယ်ပေါ်က ဆင်းလိုက်ရသည်။ အခုတော့ စီး တော်ယာဉ်ဆိုင်ကယ်က သူ့ကိုတစ်ပြန်တစ်လှည့်ပြန်လည်စီးနေလေပြီ။ မတတ်နိုင်။ စီးခွင့်ကြုံတဲ့အချိန်တုန်းက စီးခဲ့ပြီပဲ။ တွန်းချိန်တန်လာတော့ လည်း တွန်းရသေးတာပေါ့။ စီးရသလောက် သက်သောင့်သက်သာမရှိပေ မယ့် မပင်ပန်းလှပါ။ ရာသီအေးအေး၊ နှင်းဖွေးဖွေးမှာ ကျန်းမာရေးပင် ကောင်းသေးတော့သည်။ ထိုင်းမှိုင်းသော ကိုယ်လက်တွေ သွေးနွေးသွား၍





စိတ်လည်းပဲ ပြန်လည်ကြည်လင်လာ၏။

တွန်းကောင်းကောင်းနဲ့ ပြေးပြေးလွှားလွှားတွန်းကောင်းနေသည်။ သို့သော် သူအရှိန်လျှော့လိုက်ရသည်။ ရပ်လိုက်ရ၏။ အဘယ်ကြောင့်ဆို သော် ... ရှေ့မှာ ...

လမ်းက နှစ်ခွခွဲထွက်နေတာတွေ့လိုက်ရ၏။

ဘယ်လမ်းကိုရွေးရမည်လား။ ညာလမ်းကိုရွေးရမည်လား မဆုံး ဖြတ်နိုင်ပါ။ အလာတုန်းကတော့ ဟောဒီလမ်းဆုံလမ်းခွ၊ လမ်းသုံးခွလေးကို သတိမထားမိခဲ့ပေ။

သူ သိပ်ကြီးထွေထွေထူးထူး စဉ်းစားမနေလိုသည်မို့ လက်ယာ လမ်းကို လိုက်ခဲ့လိုက်သည်။ ပြောရလျှင် လက်ယာလမ်းက ကုန်းဆင်းလမ်း ဖြစ်၍ ဆိုက်ကယ်တွန်းရတာ သက်သာသည်။

လောလောဆယ် ခပ်တိုတိုအတွေးတွေက ဝေဝါးမှုထက်စာလျှင် အများကြီးအကောင်းဖက်ကို ဦးတည်နိုင်သည်။

အခုဆို တွန်းလို့တွန်းနေရသည်ပင် မထင်ရလောက်အောင် သက် သောင့်သက်သာရှိလှသည်။

နေကြာရိုင်း ရွက်ကြမ်းရှရှများ မျက်နှာနှင့်ရင်ဘတ်လက်မောင်း တွေကို ရံဖန်ရံခါ ပွတ်ဆွဲရိုက်ခတ်သည်ကိုပင် သူဂရုမထားအားတော့ပေ။

ကုန်းဆင်းက ပို၍ပို၍ မတ်စောက်လာသည်။ ဆိုင်ကယ်က မတွန်း ရပါဘဲရှေ့သို့ အလောကြီးစွာ ထိုးဆင်းနေ၏။ ဘရိတ်ကိုပင် ဆွဲဆွဲညှစ်ထား ရ၏။

သူလမ်းမှားမှားလာပြီလားမသိနိုင်တော့ပါ။

ဘေးဘီဝဲယာသည် လူတစ်ရပ်ကျော်ကျော်မြင့်မားသော နေကြာ



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းတော်ကြီးချည်းသာဖြစ်နေလေတော့ လမ်းအမှန် လမ်းအမှားမှတ်သား မခွဲခြားတတ်ပေ။

တော်တော်လှုပ်လှုပ်ရှားရှားလုပ်နေရသည့်မို့ ဝမ်းထဲက တကြွတ်ကြွတ်အစာတောင်းသံတွေကြားနေရ၏။

သူဆိုင်ကယ်တွန်းခဲ့တာ နာရီဝက်ခန့်ပင်ရှိတော့မည်။ အခုလောက်ဆိုလျှင် ကုန်းထိပ်က ကြက်ခြံတွေမှ ကြက်သံတွေကြားရသင့်ပြီ။

သို့သော် မကြားရ။ သူ့ခြေသံတဘုတ်ဘုတ် နေကြာရွက် လေတိုးသံတရှီးရှီး၊ တဖတ်ဖတ် ဆိုင်ကယ်ဘရိတ်သံ တကျွီကျွီတို့မှအပ ကြက်အော်သံလည်းမကြားရ၊ ကြွက်တိုးသံလည်း မကြားရပါချေ။

ဆိုင်ကယ်မီးက အမှောင်ထုထက်စာလျှင် ပိုးစုန်းကြူးတစ်ကောင်တွင်းနက်ကြီးထဲ ဆင်းနေသည့်နှယ်သာဖြစ်၏။ ကြယ်ရောင်ပြိုးပြက်တို့ကလည်း မြင်ကွင်းတွေကို တိတိပပ မလင်းချင်းနိုင်ရှာပါ။

"သေချာပြီ ... ငါလမ်းမှားလိုက်ခဲ့မိပြီ ... "

"ဘာပဲဖြစ်ဖြစ် လမ်းဆုံးအောင်တော့သွားကြည့်ရမှာပဲ ... လမ်းမှားရဲ့အဆုံးမှာ လမ်းမှန်ရဲ့လမ်းစကို တွေ့နိုင်ကောင်းပါရဲ့၊ သေချာတာက လမ်းမှားပေါ်မှာ တစ်ဝက်တစ်ပြက်ရပ်နေတာက အမှားနဲ့ပိုနီးစပ်တယ် _ ဒီတော့ ငါဆက်သွားမယ် _ လမ်းမှားအတိုင်းပြန်သွားရမယ့်ခရီးက လမ်းမှားအတိုင်းဆက်သွားရမယ့်ခရီးထက် ပိုရှည်နိုင်တယ် ... ငါ ပြန်မလှည့်တော့ဘူး _ အမှားမှန်းသိမှတော့ ငါမမှားဘူး အမှားအတိုင်းသွားတာဟာ အမှားကိုခုံမင်လို့မှမဟုတ်တာ _ အမှားတာမရှည်နိုင်တော့တာကိုသိလို့ပါဆိုတော့ ဆက်သွားတာ အကောင်းဆုံးပဲ"

တော်ကောင်းတစ်ကိုယ်တည်း တတွတ်တွတ်နဲ့ စဉ်းစားနေသည်။

---

ရဲရင့်အောင်စာစေ



ရှေ့မှာ လူသွားလမ်းက ညာဘက်သို့ကွေ့ချိုးသွားသည်။ လမ်းကွေ့အတိုင်း သူ့ဆိုင်ကယ်ဘရိတ်ညှစ်ကာ ချိုးကွေ့ပြေးဟွန်းလိုက်စဉ် _

"ဟာ ... ဟာ ဟော့လူ ... ဘေးကို ဘေးကို ... "

လူတစ်ယောက် လမ်းအလယ်တည့်တည့်မှာ ပိတ်ရပ်နေသောကြောင့် သူ့ ကမန်းကတန်း ရပ်လိုက်၏။

ထိုလူကတော့ တော်ကောင်းစကားကို အရေးအရာလုပ်ပြီး နားစိုက်မထောင်ပါ။ ခေါင်းငိုက်စိုက်ချရပ်နေသည်။

မျက်နှာတစ်ပြင်လုံး ဖုံးရုံမျှသာမက စုတ်စုတ်ပြဲပြဲ အကျီအောက်မှ ရင်သားတစ်စွန်းတစ်စတို့ကိုပါ မဖုံးတုံ့တုံ့၊ ဖုံးတုံ့တုံ့ ဆံနွယ်ရိုင်းများနဲ့ ထိုလူသားသည် မိန်းကလေးတစ်ယောက်ဖြစ်မည်။

စောစောက ကောင်မလေးတော့မဟုတ်ပါ။

အခုတွေ့နေရသည့်မိန်းမပျိုက အမို့အမောက်အရှိုက်အဖို ပိပြင်လွန်းလှသော ကိုယ်လုံးကိုယ်ပေါက်နဲ့ဖြစ်၏။

"ဘယ်လိုဖြစ်လို့ ဒီည သရဲမတွေနဲ့လာပြီး ရေစက်ကြုံနေလဲ မသိဘူးကွာ"

တော်ကောင်း ဆိုင်ကယ်ဒေါက်ထောက်လိုက်၏။

ကြောက်ပေမယ့် မထူးပိုင်း ပိုင်းဖြတ်ထားသည်မို့ အရဲကိုးကာ ပြောမိသည်။

"လမ်းဖယ်ပေးစမ်း ... "

တော်ကောင်း ဆောင့်အော်လိုက်၏။

ကောင်မလေး တုန့်ခနဲ တစ်ချက်ဖြင့်သွားသည်။ ပြီးတော့ အုပ် မျက်နှာလေး ဖြည်းညှင်းစွာ မော့လာ၏။

---

ရဲရင့်အောင်စာစေ

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်က တော်ကောင်းနဲ့ရွယ်တူတန်းတူလောက်ရှိလိမ့်မည်။

အပြစ်ပြောစရာမရှိအောင်လှပပေမယ့် သွေးဆုတ်ဖြူလျော်သော မျက်နှာဖွေးဖွေးကြီးက ပေါင်ဒါရိုက်ထားသည့်လူသေကောင်တစ်ယောက်နဲ့ မခြားနား။ နှုတ်ခမ်းတွေကလည်း ပြာနှမ်းသွေ့ခြောက်နေ၏။

မျက်လုံးတွေကမူ မြွေတစ်ကောင်၏မျက်လုံးများလို မမှိတ်မသုန် မျက်တောင်တစ်ချက်မျှ မခတ်။ အေးစက်လွန်းလှသည်။

"မင်းထွက်သွားပါတော့ ... ငါ့ကို အနှောင့်အယှက်မပေးချင်ပါနဲ့ ... ဘယ်သူ့ကိုမှ မနှောင့်ယှက်ချင်ပါနဲ့ ... မင်းထွက်သွား သွားပါ မိန်းကလေး ဒုက္ခမပေးပါနဲ့ကွာ ..."

သူ ကရားရေလွှတ်ပြောချလိုက်တော့ ကောင်မလေးမျက်ဝန်းတွေ တဖျတ်ဖျတ်စိုလာလာကာ မျက်ရည်ဥတွေ တဖြိုက်ဖြိုက်ကြွေဆင်းကျလာ၏။

"ထွက်သွားမှာပါရှင် ... တစ်ဖက်သားကို ဒုက္ခပေးခဲ့မိလို့ ကျွန်မ ဒုက္ခအကြီးအကျယ်ရောက်ခဲ့ရပါတယ်၊ အခုကိုယ်ပြုတဲ့ကံ ကိုယ်ခံနေရပြီ ... ကျွန်မ အူတွေ၊ အသည်းတွေ မီးစနဲ့ထိုးနေသလို ပူလွန်းလောင်လွန်းလို့ ... ရေတစ်ခွက်လောက်တိုက်ပါရှင် ... လုပ်ပါ ကျွန်မကို ရေတစ်ခွက်လောက်တိုက်ပါရှင်"

အမျိုးသမီးသည် ရုတ်ချည်းပင်လျှင် မီးကျီခဲတံ ပစ်ချခံရသည့် အမဲခြောက်တစ်ညှာင်းလို တွန့်လိမ်ကွေးကောက်နေ၏။

သူ ထိုအမျိုးသမီးကို သနားသွားမိသည်။ သို့သော် ခက်နေတာက

"ငါ့ ငါ့မှာမှ ရေမပါခဲ့တာ ... မင်းကိုဘယ်လိုကူညီလို့ရမလဲ"

" ... "





ကောင်မလေး သူ့အမေးကို မဖြေပါ။

ကောင်မလေးသည် ဘာရယ်ဆိုတာ တော်ကောင်းမသိ။

တော်ကောင်းသိလိုက်သည်က လည်ပင်း၌ မျက်ခနဲ ပြင်းစွာ နာကျင်မှုသာ ဖြစ်သည်။

"အား ...

အား ...

အား ...

အား ..."

တော်ကောင်းအော်လိုက်သံနှင့် နေကြာရိုင်းတော၏ ပဲ့တင်ပြန်သံများ တောနင့်ညထဲမှာ ဝက်ဝက်ကွဲ ညံသွားသည်။

ကောင်မလေး မရှိတော့ပါ။

ရှိနေသည်က သူ့လက်ပြန်ရိုက်ချက်ကြောင့် စုတ်ပြတ်ကျိုးကြေသွားသော နေကြာရိုင်းတစ်ပင်သာ ဖြစ်၏။

"ဟင် ...

ငါ ... ငါ ...

သရဲအခြောက်ခံရတာလား"

ရင်ခုန်သံ ကတုန်ကယင်နဲ့ သရဲမတစ်ဖြစ်လည်း နေကြာရိုင်းပင် အကျိုးအကြေကိုသာ ပြူးပြူးကြီးကြည့်နေမိတော့သည်။

သူ့တစ်ကိုယ်လုံးမှာ ကြက်သီးတွေ အဖီးဖီးထလျှက်ရှိသည်။

သူ့စိတ်သူ အတတ်နိုင်ဆုံး ပြန်လည်ထိန်းချုပ်နေ၏။

တစ္ဆေအခြောက်ခံရခြင်း၏အကြောင်းတရားတွေကို [illegible] သပ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေအခြောက်ခံရန် လုံလောက်သောအကြောင်းအချက်များမှာ

၁။ ညနေ (သို့) ည (သို့) အလင်းရောင်လုံလောက်စွာ မရရှိသော
အချိန် ...

၂။ အဖော်မပါ ... (တီးတိုးဖော်အားကိုးဖော်)သည့်အချိန်

၃။ အစာရေစာ ... ဆာလောင်မွတ်သိပ်နေချိန် ...

၄။ လူနှင့်လူ့ပတ်ဝန်းကျင်၏ ဆက်သွယ်မှုကင်းဆိတ်နေချိန်

၅။ စိတ်နှင့်ကိုယ်ပင်ပန်းနွမ်းနယ်နေချိန် ...

၆။ ကျန်းမာရေး ကိုယ်ခံစွမ်းအားနိမ့်ကျနေချိန် ...

၇။ ရာသီဥတုသည် သာမန်ထက် ပိုထူးခြားနေချိန် ...
တို့ဖြစ်သည်။

အခု သူ့မှာ တစ္ဆေခြောက်ခံရစရာအကြောင်းအချက် (၇)ချက်လုံးနှင့်ကို ပြည့်စုံနေသည်ဆိုတော့ ...

တော်ကောင်း စကျူကန္တြေချလိုက်၏။

အသက်ရှူသွင်းချိန်၊ ရှူထုတ်ချိန်ကို ညီမျှ ဖြည်းလေးမှန်ကန်စွာ ရှူသွင်းရှူထုတ်လုပ်နေလိုက်သည်။

တစ်မိနစ် ...

နှစ်မိနစ် ...

ဆယ်မိနစ်ခန့် ... ကြာတော့

တော်ကောင်း အရေပြားပေါ်မှ ကြက်သီးတွေ ပြေပျောက်သွား၏။

ဝန်းဒိုင်းကြရင်ခုန်သံတွေ တည်ငြိမ်လာ၏။

ထိတ်ထိတ်ပျာပျာ တဆတ်ဆတ်တုန် အသားအရေတွေ ပုံမှန်ပြန်ဖြစ်လာ၏။





မောပန်းဆာလောင်မှုတို့လည်း ထိုက်သင့်သလောက်တော့ လျော့ပါးသွားလေပြီ။

သူသွားမည်။ ဆက်သွားမည်။ လမ်းဆုံးအောင်တော့ ဆက်သွားမည်။

အရှေ့မှာ ဘာအန္တရာယ်ကြီးကြီးမားမားကြီး ကာဆီးစေဦးတော့ လမ်းဆုံးအောင်တော့ဆက်သွားမည်။

သရဲခြောက်ခြင်းအကြောင်း လုံလောက်၍ သရဲခြောက်တာ အဓိပ္ပာယ်ရှိပါသည်။

အကြောက်လွန်ကာ ထုံထိုင်းသွေးပျက်နေခြင်းကတော့ အဓိပ္ပာယ်မဲ့လှ၏။

တစ်သက်မှာတစ်ခါမျှ သရဲအခြောက်မခံခဲ့ရဘူးသော တော်ကောင်း ဒီတစ်ရက်တည်းမှာ နှစ်ကြိမ်ဆက်တိုက် သရဲအခြောက်ခံရတာ အနည်းငယ်စိမ်းသက်ဆန်းပြားနေသည်ဟု တွေးမိသည်မှအပ ထူးထူးထွေထွေ မထိတ်လန့်မိပါချေ။

နေကြာရိုးထိုးမိ၍ သွေးစိမ့်လာသော လည်ပင်းဆီသို့ လက်ညှိုးလေးနဲ့တို့ထိကြည့်လိုက်၏။

သွေးအနည်းငယ်ကိုကြည့်ကာ တော်ကောင်းခပ်ထေ့ထေ့ပြုံးနေမိတော့သည်။

နောက်တော့ တော်ကောင်း ခိုင်ကယ်ကို တွန်းကာ ကူစြေမထွက် ခရီးဆက်ခဲ့လေသည်။

နှင်းမှုန်၊ နှင်းစက်၊ နှင်းငွေ့တွေ ပို၍ ပို၍ ထူထပ်အေးစက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ကဲကဲ နေကြာရိုင်းတောကြီးမှာ ဖျတ်ခနဲ ကုန်ဆုံးသွားသည်။

လမ်းဆုံးပြီ။

အလင်းရောင် တစ်စွန်းတစ်စမျှး သူနှင့်သူ့ဝန်းကျင်အနီးမှာ လင်းဖြာလဲ့လဲ့လင်းလျှက်ရှိ၏။

ကြယ်ရောင်မဟုတ်။

လရောင်မဟုတ်။

ဆိုင်ကယ်မီးရောင်မဟုတ်။

ထိုအလင်းတန်းထွက်ပေါ်ရာသို့ တော်ကောင်း မော့ကြည့်လိုက်ပါသည်။

ကျောက်ဂူကြီး။

မဟုတ်ဘူး ...

ကျောက်အိမ်ကြီး ...

မဟုတ်သေးပါဘူး။

ဒါ ကျောက်တိုက်ကြီး ကျောက်သားတွေ ကျောက်တုံးတွေနဲ့ တည်ဆောက်ထားတဲ့ တိုက်အိမ်ကြီးတစ်လုံးပဲ။

ကျောက်တိုက်အိမ်ကြီးသည် အပေါ်ထပ်၊ အောက်ထပ်နှင့်နှစ်ထပ် အဆောက်အဦဖြစ်လိမ့်မည်။

သို့သော် အပေါ်ထပ်မှာက အနီရောင်မီးအလင်းတွေ ဖြာထွက်နေသော တံခါးပေါက်နှစ်ပေါက်သာရှိပြီး အောက်ထပ်မှာတော့ တံခါးခြောက်ပေါက်မှ နီယွန်မီးဖြူဖြူများ။

ထို့အပြင် ထိုတံခါးခြောက်ပေါက်ဆီသို့ သွယ်တန်းထားသော





လက်တန်းနှစ်ဖက်ပါ လမ်းရှည်ကြီးခြောက်လမ်းနဲ့ အနက်ရောင်တိုက်အိမ်ကြီးပါလား။

ကြည့်ရသည်က အိမ်နဲ့မတူ။ ဂူအသွင်မပေါက် တိုက်ဟုလည်း မဆိုသာသော တိုက်အိမ်ကြီးသည် အသက်ဝင်နေသော OCTOPUS(ရေမ ရေဘဝဲကြီးတစ်ကောင်)နှင့်သာ တူတော့သည်။

စည်းချက်မှန်ထွက်နေသော မီးစက်သံ တဟီးဟီးကပင်လျှင် ထိတ်လန့်ဖွယ်သွင်ပြင်ကို တိုးမြှင့်အားဖြည့်လျှက်ရှိသည်။ ရေဘဝဲကြီး အစာရှာနေ ဆာလောင်နေပုံမျိုးဖြစ်၏။

ထူးခြားသော အသွင်သဏ္ဌာန်ဖြင့် ဒီဇိုင်းဖော်တည်ဆောက်ထားသော ရေဘဝဲပုံတိုက်ကြီးကိုကြည့်ရင်း ကြည့်ရင်း၊ တော်ကောင်းကျောစိမ့်လာသည်။

တော်ကောင်းအဖို့ ရှေ့တိုးထမ်းပိုး၊ နောက်ဆုတ်လှည်းတုတ် ရုန်းနိုင် မထွက်နိုင် နွားတစ်ကောင်လို ချည်ပြီးတုတ်ပြီး ဒုက္ခတောထဲသို့ ရောက်ရှိနေခဲ့ပြီလေ။

နောက်ကြောင်းပြန်လှည့်မည်ဆိုပါက နေကြာရိုင်းတောထဲမှာ ဒီည အသက်ကြီးသွားလိမ့်မည်။

ဂျင်နရေတာသံ လျှပ်စစ်မီးရောင် လူနေသည့်အရိပ်လက္ခဏာများကို ထောက်ချင့်ကြည့်တော့ ဒီရေဘဝဲသဏ္ဌာန်အိမ်ကြီးမှာ ဒီတစ်ညနားခိုရန်သာလျှင် တော်ကောင်းအဖို့ အလုပ်သင့်ဆုံးဖြစ်သည်။

ဒီအချိန်မှာ ဘီးပေါက်ဆိုင်ကယ်နဲ့နေကြာရိုင်း၊ တောထဲ နောက်တစ်ကြိမ်ဖြတ်ရန်ထက်မူ ဒီအိမ်ကြီးသည် သူ့ရဲ့လုံခြုံမှုအတွက် စိတ်[illegible]စရာ အကြောင်းရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

တရင် ...

ရင် ...

ရင် ...

သေးမျှင်စူးရှလွန်းသော လျှပ်စစ်ခေါင်းလောင်းသံများ ရေဘဝဲအိမ်ကြီးဆီမှ အဆက်မပြတ်ထွက်ပေါ်လာသည်။

သူ့နားစည်နှစ်ဖက်မှာ အပ်သေးသေးလေးများဖြင့် ပစ်ဖောက်ထိုးနှက်ခံရသည့်နှယ် စူးခနဲ အူပင်းသွားလေ၏။

ထိုခေါင်းလောင်းသံက လူသာမန်တို့၏ အကြားအာရုံခံအတွက် မကိုက်ညီလွန်းလှသော ဖရီကွင်စီ (Frequency) အသံကြိမ်နှုန်းမျိုးဖြစ်၏။

ဒီအသံကိုသာ ငါးမိနစ်ခန့် မပြတ်တမ်းဆက်လက်ကြားနေရပါလျှင် နားထဲမှ သွေးအစက်စက်စိမ့်ထွက်လာမည်မှာ မလွဲကေန်သာတည်း။

တော်ကောင်း နားပိတ်ထား၏။

သို့ပေမယ့် အသံစူးချွန်ချွန်ကို မဟန့်တားနိုင်ပေ။ ကြားမြဲတိုင်း ကြားနေရသည်။

သူ့နှလုံးသားတွေ ငါးမျှားချိတ်မိသော ငါးပြေမတစ်ကောင်လို ဖျတ်ဖျတ်လူး လှုပ်ခုန်မှုက အဆမတန်လွန်းလှပါ။

ရယ်ချင်သလိုလို ... ငိုချင်သလိုလို ထွက်ပြေးချင်သလိုလို မတည်ငြိမ်မှုတို့ဖြင့် မောဟိုက်ပန်းလျလွန်းပေသည်။

ထိုအခိုက်မှာပဲ ...

ခေါင်းလောင်းသံ တိခနဲရပ်သွား၏။





သို့တိုင်အောင် သူ့ရင်တွေတုန်ရီကာ တလှပ်လှပ် ပန်းလိုက်ဖိုမောနေသေးသည်။

တိုက်အိမ်ကြီး၏ အောက်ထပ်တံခါးနှစ်ချပ် ဝုန်းခနဲပွင့်သွားသည်။

တော်ကောင်း အားကိုးရာတွေ့လို့တွေ့ငြားနဲ့ လှမ်းကြည့်လိုက်တော့ ...

''ဟင် ... ဘာကောင်ကြီးတွေပါလိမ့်''

ကြောက်မက်ဖွယ်ကြီးမားလွန်းလှသော ပင်လယ်လိပ်ကြီး နှစ်ကောင် တံခါးပေါက်တစ်ပေါက်စီ တစ်ပေါက်စီမှာ ရပ်နေကြသည်။

သူ မှင်တက်မိစွာကြည့်နေဆဲမှာပင် ရေဘဝဲကြီး၏လက်တံများနှင့်တူသော ဆင်ခြေလျှောလမ်းတွေအတိုင်း သူ့ထံသို့ပြေးဆင်းလာကြသည်။

တော်ကောင်း ထွက်ပြေးဖို့ခြေတစ်လှမ်းမျှ မလှမ်းနိုင်ခင်မှာ ပင်လယ်လိပ်ကြီးနှစ်ကောင်က တော်ကောင်း၏လက်တစ်ဖက်တစ်ချက်စီကို ခဲ့ပ်ကိုင်လိုက်ကြ၏။

ခန့်မှန်းလို့မရနိုင်အောင် သန်စွမ်းကြသော ထိုဆုပ်ကိုင်မှုမှ လွတ်မြောက်ရန် ရုန်းကြည့်သည်။ လူးကြည့်သည်။ သို့သော် အချည်းနှီးသာလျှင်ဖြစ်သည်။

လက်နှစ်ဖက်သည် ပြတ်တူနှင့်အညှပ်ခံရသလို ရုန်းလေ နာလေ လှုပ်လေမြဲလေ နာကျင်မြဲခိုင်နေတော့သည်။

သတ္တဝါကြီးနှစ်ကောင်ကို ကြောက်ရွံ့စွာငုံ့ကြည့်သောအခါ ...

''အသားအနာခံပြီး မရုန်းချင်ပါနဲ့ လူကြီးမင်း ကျုပ်တို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရဲ့ရေဘဝဲစံအိမ်ထဲကို အေးအေးသက်သာလိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါ တယ်''

လူစကားပြောသော လိပ်ကြီးနှစ်ကောင်ကို တော်ကောင်း ထိတ်လန့်ထူးဆန်းနေသည်။

''ခင် ... ခင်ဗျားတို့က လူစကားပြောတယ် ... ဟုတ် ... ဟုတ်လား ... ''

''လူပဲကိုး ... လူစကားမပြောလို့ ဘာစကားပြောရမှာလဲ လိပ် စကားပြောလိမ့်မယ်ထင်လို့လား''

''ဩော် ... ဆော ... ဆောရီးပဲဗျာ ... ကျွန်တော်က ခင်ဗျား တို့ကို လိပ်ကြီးတွေမှတ်နေတာဗျ''

''ဟုတ်တယ်လေ၊ ကျုပ်ကလိပ်ကြီး သူကလိပ်ငယ် ... ကျုပ် တို့ညီအစ်ကိုဟာ နာရီဝက်ပဲ ကွာတဲ့အမြွှာပူးလိပ်ကြီးလိပ်ငယ် ညီနောင် ပါ''

ကျောကုန်းမောက်မောက်ခုံးခုံး၊ အရပ်ပုပြတ်လွန်းလှသော လိပ် ကြီး၊ လိပ်ငယ် ညီအစ်ကိုကို ဆက်လက်အကဲခတ်ချင်ပေမယ့် လူမှုရေး ရှိုင်းစိုင်းရာရောက်မည်စိုး၍ သူစေ့စေ့မကြည့်တော့ပါ။

''ကျွန်တော့်ကို ဒီမှာ ဒီတစ်ညတော့ တည်းခွင့်ပြုပါခင်ဗျာ၊ ကျွန်တော် လူကောင်းတစ်ယောက်ပါဗျာ၊ ပန်းတောင်ကုန်းက မက်မန်း ခြံပိုင်ရှင် ကိုတော်ကောင်းပါ၊ ကျွန်တော် ဒီမက်မန်းခြံကိုဝယ်လိုက်တာ မကြာသေးလို့ မြို့ခံတွေနဲ့သိပ်မရင်းနှီးသေးပေမယ့် ပထမခြံရှင် ကျွန်တော့် သူငယ်ချင်းနဲ့အတူ ဒီခြံ ဒီမြို့ကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးလို့ ဒီမြို့နဲ့ဒီတော ဟာ ကျွန်တော့်အတွက် အစိမ်းသက်သက်တော့ မဟုတ်ပါဘူး''





''ရတယ် ... ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ရှင်းပြဖို့မလိုပါ ဘူး။ ခင်ဗျားကိုယ်တိုင်က ကျုပ်တို့ရဲ့ရေဘဝဲစံအိမ်မှာ မတည်းချင်ဘူးဆို ရင်တောင်မှ ကျုပ်တို့က ဖွတ်အတင်းဆွဲခေါ်မှာဆိုတာ သဘောပေါက် ထားပါ''

''ဗျာ ... ဘာလို့များလဲဗျ''

''စံအိမ်ထဲရောက်ရင် သိရမှာပေါ့ဗျာ ... ကဲ လာပါလေ၊ အပြင်မှာ မလိုအပ်ဘဲ အအေးခံမနေချင်ပါနဲ့လေ ... ခင်ဗျားဆိုင်ကယ် ကို ခင်ဗျားကိုယ်တိုင်တွန်းပြီး ကျုပ်တို့နောက်က လိုက်ခဲ့ပါလေ ... ''

လိပ်ကလေးဆိုသူက လိပ်ကြီးလောက် စိတ်ရှည်ပုံမရ။

တော်ကောင်းလည်း ဖြစ်သမျှအကြောင်း အကောင်းဟုသတ်မှတ် ကာ၊ ဘာကိုမျှ အကွန့်အညွှန့်တက်မနေတော့ဘဲ လိပ်ကလေးနောက်မှ လိုက်ခဲ့သည်။ သူ့နောက်မှာတော့ လိပ်ကြီးက ထက်ချပ်မခွာ ကပ်ပါလာ ခဲ့လေ၏။

''မင်းဆိုင်ကယ်ကို အဲဒီမှာပဲရပ်ထားပြီး အိမ်ထဲဝင်ခဲ့ပါ၊ လိပ်ကြီး လိပ်ငယ် ကိုယ့်တွင်းထဲကိုယ်ပြန်ဝင်ကြ''

အရပ်မျက်နှာတွက်ဆ၍ မရနိုင်သော မဂ္ဂနက်အသံအုံအုံက စံအိမ်ကြီး၏ ညှော့ခန်းကျယ်ရဲ့အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ၊ အရပ် ဆယ်မျက်နှာမှ ထွက်ပေါ်နေခြင်းဖြစ်၏။

လိပ်ကြီးလိပ်ငယ်တို့နှစ်ဦး သူတို့တစ်ကိုယ်စာ ဆန့်သာရုံ တွင်း ကိုယ်စီထဲဝင်သွားကြသည်။

ပြီးတော့ ... သူတို့တွင်းဝင်ပေါက်တွေ တဂျိမ်းဂျိမ်း ပိတ်သွား ၏။



www.burmeseclassic.com

www.burmeseclassic.com



မြေတိုက်ခန်းဖြစ်မည်ထင်သည်။

အခုတော့ ဧည့်ခန်းကျယ်ကြီး၊ နံ့ရှံကပ်မီးလင်းဖို ရှေ့မှုပ်ဆိုဖာကြီးများ၊ Mordern Furniture အပြည့်အစုံတို့နှင့်ပြီးသော ဤဧည့်ခန်းကြီးထဲမှာ တော်ကောင်းတစ်ယောက်တည်း။

သောင်ပြင်လွှတ်သော ဟင်္သာတစ်ကောင်လို ယောင်ပေယောင်ပေ ရပ်နေမိတော့သည်။

"ထိုင်ပါ မောင်ရင် ... ကြိုက်တဲ့ထိုင်ခုံမှာထိုင်ပါ"

ရှပ်မမြင်၊ အသံကြား အော်တာတစ်ခုကို သူလိုက်နာလိုက်ပါသည်။

"မောင်ရင် ကျုပ်တို့စံအိမ်ကို ဘာရည်ရွယ်ချက်နဲ့ပဲရောက်ခဲ့ ရောက်ခဲ့၊ ဧည့်သည်တစ်ယောက်အပေါ်မှာ အိမ်ရှင်တို့ရဲ့ဝတ္တရားနဲ့အညီ ကျွေးမွေးပြုစုဖို့ ကျုပ်တို့မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုပါ၊ ဒီတော့ မောင်ရင် စိတ်အေးချမ်းသာစွာနေပါ၊ မောင်ရင့်ကို ဒီအိမ်ကြီးမှာ အပ်ဖျားတစ်နေရာစာတောင် အန္တရာယ်မရှိစေရဘူးလို့ ကျုပ်အာမခံပါတယ်"

သူ အလွန်အမင်း ကျေးဇူးတင်သွားမိသည်။

အိမ်၏အရိပ်အာဝါသ အနွေးဓာတ်ကြောင့်လည်းကောင်း သားနားခန့်ထည်သော မီးလင်းဖို၏ အနွေးဓာတ်ကြောင့်လည်းကောင်း၊ အိမ်ရှင်တို့၏နွေးထွေးပျူငှာမှုကြောင့်လည်းကောင်း စောစောက အချမ်းသွေးတွေ ပူနွေးလို့လာ၏။

"ကျွန်တော့်မှာ ဘာရည်ရွယ်ချက်မှမပါပါဘူး ... ကျွန်တော်ဟာ ပန်းတောင်ကုန်းက မက်မန်းခြံကို ဒီနှစ်နှစ်ဦးပိုင်းတုန်းကမှ ဝယ်လိုက်တဲ့ တော်ကောင်းပါ၊ မူလပိုင်ရှင်ကလည်း ကျွန်တော့်သူငယ်ချင်းအရင်းပါ၊





အခု သူနိုင်ငံခြားကို အပြီးပြောင်းသွားလို့ ကျွန်တော်ဝယ်လိုက်တာပါ၊ နယ်မြေဒေသသိပ်ပြီး မကျွမ်းကျင်သေးလို့ ကျွန်တော် နေကြာရိုင်းတောထဲမှာ မျက်စိလည်လမ်းမှားပြီး ဒီကိုရောက်လာရခြင်းဖြစ်ပါတယ်"

သူ ကမန်းကတန်း ဖြေရှင်းလိုက်၏။

အရိပ်မဲ့အသံခေတ္တ တိတ်ဆိတ်နေသည်။

ပြီး မကြာခင်မှာပဲ–

"မောင်ရင့်ပုံကိုကြည့်ကတည်းက မဟုတ်တာလုပ်ခဲ့သူ၊ လုပ်တဲ့သူ၊ လုပ်မယ့်သူမဟုတ်မှန်း ကျုပ်အကဲခတ်နိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် မောင်ရင် ဒီည ဒီမှာတည်းချင်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ ... ဆိုင်ကယ်ဘီးကပေါက်နေတော့ ပြန်ဖို့လည်းအခက်အခဲရှိလို့ပါ"

"တည်းပါမောင်ရင် ... လူတစ်ဖက်သားရဲ့အခက်အခဲကို ကူညီတာ မင်္ဂလာတစ်ပါးပါ၊ တကယ်တော့လည်း မောင်ရင့်မှာ မရိုးမသားစိတ်နဲ့ မဟုတ်တာလုပ်ချင်စိတ်ရှိပြီး၊ ကျုပ်တို့စံအိမ်အပေါ် မကောင်းကြံချင်လို့လည်း ဘယ်လိုနည်းနဲ့မှမရပါဘူး၊ ကဲပါလေ ဒါတွေထားပါတော့ မောင်ရင့်မျက်နှာချင်းဆိုင်က အခန်းတံခါးကိုတွန်းဖွင့်လိုက်ပါ၊ ညစာ အဆင်သင့်စီစဉ်ပေးထားပါတယ်၊ ပြီးရင်တော့ ထမင်းစားခန်းနဲ့ယှဉ်လျက် အခန်းထဲမှာ အိပ်စက်လို့ရပါပြီ ... ရေချိုးခန်း၊ အိမ်သာတွဲလျက်မို့ အပေါ့အပါးအတွက်လည်း အဆင်ပြေပါလိမ့်မယ်"

သူ ထိုင်ရှိခိုးချင်စိတ်ပေါက်လောက်အောင်ကို ကျေးဇူးတင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ သူသည် ဒုက္ခသည်ဖြစ်၏။

ဆိုင်ကယ်ပါလို့ မသွားနိုင် … ဟန်းဖုန်းရှိပေမယ့် တည်းခိုခန်းမှာ Booking မလုပ်နိုင်၊ ငွေကြေးအပြည့်ပါသော်လည်း ဗိုက်မဖြည့်နိုင် … လောက၌ ငွေသည် အချိန်တိုင်းတော့ ဆရာမဖြစ်နိုင်သလို လိုအပ်သူကို ကူညီခြင်းသည် အထူးဆုံးသောကျေးဇူးတရားဖြစ်၍ သူတစ်ထူး၏ ကျေးဇူးတရားကိုစောင့်သိရှိသေရာ၏။

သူ့မှာ အခုလို ဒုက္ခရောက်စရာအကြောင်းကံရှိ၏။

သူ့မှာ အခုလို အကူအညီရယူရမည့်အကြောင်းကံရှိ၏။

အကြောင်းမဲ့သော အကျိုးဟူသည်မရှိ။

ဒါသည် … ကံတရား၏ တိတိကျကျ Phenomina ဖြစ်၏။

ဒါသည် စနစ်တကျ အကျိုးပြုသော ကံတရား၏ ဖြစ်တည်မှု အမှန်သာလျှင်ဖြစ်တော့သည်။

ဒီတော့ …

သူ … တွေဝေခြင်းကင်းစွာပင် ထမင်းစားခန်းထဲသို့ဝင်လိုက်သည်တွင် …

"ဟင် … "

"ရှင်သိပ်တော်တယ် … ကောင်းပါတယ် … ရှင်ဟာ ကျွန်မထင်တာထက်စောပြီး … ကျွန်မဆီအရောက်လာနိုင်ခဲ့တာပဲ ကိုတော်ကောင်း"

တော်ကောင်း မိန်းမူးမေ့မောစွာ ကြည့်နေမိသည်။

"ကောင်မလေး"





သူ့ကို ထူးဆန်းမှုတွေ ထိတ်လန့်မှုတွေ တစ်လွှာချင်း တစ်လွှာချင်းခွာပြခဲ့သော ကောင်မလေးကို တတိယနေရာမှာ တတိယအကြိမ်မြောက် တွေ့လိုက်ရပါသည်။

ကောင်မလေး ချော၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ဖွယ်ရာစုံလင်လှသော ညစာစားပွဲကြီးကိုကြည့်ကာ မျက်ရည်တွေ ရစ်ဝိုင်းဝေ့သီလို့လာသည်။

ဆိတ်သားပြားကင်၊ မာလာဟင်း၊ ငါးရှဉ့်မြေအိုး၊ ယောက်သွား ဖက်ထုပ်ကြော်၊ ဂဏန်းပေါင်းဒင်း(မ်)ဆမ်း၊ ကျောက်ဖရုံသီးစွပ်ပြုတ်တို့ ကို တစ်စားပွဲတည်းမှာ တစ်စုတစ်စည်းတည်းတွေ့ရကာ ရင်ဆို့လွန်းလှ သည်။ ဒီဟင်းတွေ သူမတို့ညီအစ်မ သိပ်ကြိုက်ကြ၏။

ဟိုးအရင်တုန်းကဆိုလျှင်တော့ ဒီဟင်းတွဲနဲ့စားရလျှင် မပြီးနိုင် မစီးနိုင်။ ကုတ်နဲ့ကော်ထုတ်တော်င် သူမ ထလိမ့်မည်မဟုတ်ပါ။ ဖေဖေတို့က နဲ့အတူလကာရီရဲ့အိမ်မှာ စားပိုးနင့်အောင်စားနေခဲ့သော ဗိမ္မိသာရမင်းကြီး နှင့်သားတော် အဇာတသတ်မင်းသားတို့လို ထမင်းပွဲမှ အတင်းဆွဲထုတ်မှ ထမည့် မြရွက်ညှာပါ။ အခုတော့ ...

တို့ကနန်း၊ ဆိတ်ကနန်း၊ ဟိုတစ်တို့၊ ဒီတစ်တို့၊ ဝတ္တရားကြေ စားပြီး ... သူမ ထရပ်လိုက်သည်။





"သမီးလေး ... ဘာလိုလို့လဲ ... "

"သမီးဝပြီ ဖေဖေ"

"နည်းလှချည်လားကွယ် ... သမီးသိပ်ကြိုက်တဲ့ဟင်းတွေ ဖေဖေ စီမံလို့လိပ်ကြီးလိပ်ငယ် လက်စွမ်းပြထားတာ၊ မကောင်းလို့လား ကွယ်"

"ကောင်းပါတယ် ဖေဖေ ... သိပ်ကိုကောင်းပါတယ်၊ ယှုနန် ဟိုတယ်လက်ရာထက်တောင် ကောင်းပါတယ် ... "

"သမီးစားတာ အရမ်းနည်းလွန်းလို့"

"ကိုကို့သမီး ဗိုက်ပြည့်နေလို့ဖြစ်မှာပါ ... ခံတွင်းမကောင်းရင် ဟင်းဘယ်လောက်ကောင်းကောင်း အလကားပဲ"

ဖေဖေ့ဂရုတစိုက်စကား၊ ဖေဖေ့မိန်းမ မချိုလွင်ရဲ့ မလိုတမာ လေသံတို့ကို ဘာတစ်ခွန်းမှထပ်ပြီး အထွန့်မတက်တော့ဘဲ မြရွက်ညှာ ထမင်းစားခန်းထဲမှ ထွက်ခဲ့သည်။

မြရွက်ညှာစိတ်ညစ်လှပြီ။ ဖေဖေ့တစ်မျက်နှာသာမရှိလျှင် သူမ ဒီဝန်းကျင်ရဲ့အဝေးဆုံးကို ထွက်ပြေးခဲ့တာကြာလှပြီ။ ဖေဖေ့သက်ပြင်းကို ကြားတော့ သူမစိတ်တွေ ဂနာမငြိမ်ချင်။

သူမ ဖေဖေ့ကိုချစ်သည်။ ဖေဖေ့မိန်းမ မချိုလွင်ကိုတော့မုန်း သည်။ ပြီးတော့ ကြောက်လည်းကြောက်သည်။ ကြောက်ရလောက်အောင် လည်း အန္တရာယ်များသည်ဟု သူမသိထားသည်။ သို့သော် သူမသိသည့် အသိကို မည်သူ့ကိုမျှ ဖွင့်ဟမပြောပါ။ ယုတ်စွအဆုံး ယုံကြည်အားကိုး ရာအကောင်းဆုံး ဖေဖေ့ကိုပင် ဖွင့်မပြောခဲ့ပေ။

သေချာတာတစ်ခုကတော့ မချိုလွင်ကို လက်ထပ်ပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



တိုင် ဒီအိမ်(ရှေဘဝစံအိမ်)ကြီးဆီ ခေါ်လာခဲ့သည့်ညမှစ၍ မြရွက်ညာရဲ့ မြက်ခင်းစိမ်းလို အေးမြငြိမ်းချမ်းသောဘဝလေး ကန္တာရဖြစ်ခဲ့ရ၏။ ဒဏ်ရာ ရခဲ့ပါသည်။

ဒီအကြောင်းတွေကို ပြန်မတွေးလိုပေမယ့် ဖျောက်ဖျက်မရနိုင်လောက်အောင် စွဲထင်အမှတ်ရနေသည်။

အခန်းတံခါးကိုဆွဲဖွင့်ပြီးမှ အခန်းထဲမဝင်ချင်လောက်အောင် စိတ်ညစ်ညူးလွန်းသည်မို့ ပြန်စေ့ပိတ်လိုက်သည်။

ခြံနောက်ဖေးရှိ ရေကန်ဘေးမှာထိုင်ရန် စိတ်ကူးရ၍ စင်္ကြံလမ်းအတိုင်း အိမ်နောက်ဖက်ထွက်ခဲ့၏။

အိမ်အပြင်ရောက်သည်နှင့် အေးမြကျယ်ပြန့်မှုက ရင်ကိုရုတ်ချည်းလတ်ဆတ်စေသည်။

ဒီတော၊ ဒီတောင်၊ ဒီမြေ၊ ဒီရေ၊ ဒီအိမ်၊ ဒီဝန်းကျင်ကို မြရွက်ညာ ချစ်ခဲ့သည်။ ပျော်ခဲ့သည်။ ကြည်နူးခဲ့ပါသည်။ နှစ်ကာလမကြာမြင့်သေးခင်လပိုင်းအထိဖြစ်၏။

အတိအကျဆိုရလျှင် ... ဖေဖေ မေမေ ညီမလေးတို့နှင့်ပျော်ခဲ့ရချိန်တွေသည် သူမအတွက် အဖိုးအနဂ္ဃထိုက်ရတနာတွေသာဖြစ်သည်။ အခုတော့ ဆုံးသွားပြီ။ ကုန်းကောက်လို့မရအောင် ပျောက်ရှသွားပြီ။

မရှိတော့ပါ။ မနေ့ကတွေ့ခဲ့သော မြူနိုးမြူငွေ့၊ ပြီးခဲ့သောလကတွေ့ခဲ့သော တောမီးခိုးတန်း၊ အရင်နှစ်ကတွေ့ခဲ့သော တိမ်ပန်းချီတွေသည်သာ အခုချိန်မှာ ပြန်လည်တွေ့ရမြင်ရစကောင်းလျှင် တွေ့မြင်ရမည်။ တစ်ခါက ပျော်ရွှင်ကြည်နူးမှုတွေကတော့ ဖမ်းဆုပ်မရနိုင်အောင် စုတ်စမြုပ်စပျောက်ရှခဲ့ပါပြီ။





"ချစ်သော ညီမလေးရေ၊ မမတစ်ယောက်တည်း အထီးကျန်လွန်းတယ်ဟယ် ... "

"မေမေ ... မေမေ မရှိတော့တဲ့ သမီးရဲ့ဘဝဟာ ခြောက်သွေ့ရုံသာမဟုတ်ပါဘူး ... အကြီးမားဆုံး အန္တရာယ်တောကြီးမျက်မည်းထဲမှာ မျက်စိလည်လမ်းမှားရခြင်းပါ၊ သမီး မေမေနဲ့ပဲနေချင်တယ်၊ ညီမလေးနဲ့ပဲနေချင်တယ်၊ မေမေ ... သမီးတို့ညီအစ်မနှစ်ယောက်ကို ဘယ်သူ့ပိုချစ်လဲလို့မေးတိုင်း အတူတူပါပဲဆို ... မေမေ ညာခဲ့တာပေါ့၊ မေမေက ညီမလေး ရွှေပွင့်လွှာကို သမီးထက်ပိုချစ်လို့သာ ညီမလေးကိုကျတော့ ခေါ်သွားပြီး၊ သမီးကိုကျ ဖေဖေနဲ့ထားခဲ့တာပေါ့ ... သမီးကိုလာခေါ်ပါ မေမေ၊ မေမေတို့ညီမလေးတို့ရဲ့ သေခြင်းနိုင်ငံတော်ဟာ သိပ်ပျော်စရာကောင်းမှာပေါ့နော် မေမေ ... ဟုတ်လားဟင် ... သမီးရဲ့ရှင်သန်ခြင်းဒီဘက်ကမ်းကတော့ ပူလောင်လွန်းလှပါတယ်ရှင် ... မမျိုနိုင်၊ မအန်နိုင် အံပုသံခဲကြီး လည်ချောင်းဝမှာ တစ်ဆို့မွန်းကြပ်နေသလို ကြောက်စရာကြီးပါ မေမေ ... သမီးမနေရဲတော့ဘူး ... သမီးသေပါရစေ ... သေခြင်းနိုင်ငံမှာပဲ မေမေနဲ့ညီမလေးနဲ့အတူ သမီးပျော်ချင်ပါတယ် ... "

မြရွက်ညာ ရေကန်ပေါင်လေးပေါ် ပုဆစ်တုတ်ထိုင်ချရင်း တမ်းတမ်းမက်မက်တောင်းဆိုနေမိသည်။

လူတိုင်း ရှင်သန်ပျော်ရွှင်လိုကြသည်။

ရှင်သန်ခြင်းသည်၎င်း၊ ပျော်ရွှင်ခြင်းသည်၎င်း လူ့စိတ်နှလုံးကို …းအေးစေ၏။

ထပ်တူညီ အဓိပ္ပာယ်သက်ရောက်၏။

အကယ်၍ ရှင်သန်ခြင်းဖြစ်စေ ... ပျော်ရွှင်ခြင်းဖြစ်…



www.burmeseclassic.com

www.burmeseclassic.com



သောကတွေ၊ ထိတ်လန့်ဖွယ်ဗျာပါဒတွေ၊ ကြောက်စရာဝေဒနာအစုအဝေးတွေ သက်ဝင်နေပါလျှင် ရှင်သန်ခြင်းလည်း အနှစ်သာရမဲ့သည့် ပျော်ရွှင်ခြင်းလည်း မိုက်မဲခြင်းမည်သည်။

ထိုအခါမျိုးမှာ ရှင်သန်ခြင်း၊ ပျော်ရွှင်ခြင်းတို့သည်ကား ဒုက္ခအတုံးအခဲ၊ သောကအစုအပုံ၊ ပရိဒေဝ အဝန်းအဝိုင်းဖြစ်တော့၏။

သူမကတော့ ဒီလိုပဲခံစားရပါသည်။

သူမ ခံစားချက်မှားသည်ဟုတော့ မခံစားမိပါ။

စိုးထိတ်စွာ အသက်ရှင်ရတာထက်တော့ သေဆုံးရခြင်းကမှ တစ်စုံတစ်ရာသက်သာမှုရမည်ဟု မြရွက်ညှာထင်၏။

သေချင်သည်။

သို့သော် ကိုယ့်ကိုယ်ကိုယ်လည်း သေကြောင်းမကြံရဲပါ။

တကယ်တော့လည်း ... မြရွက်ညှာ သေချင်တာမဟုတ်ပါ။

သတ်ချင်တာဖြစ်မည်။

သို့ပေမယ့် မသတ်ရဲပေ။

သူမ သေစေချင်တဲ့ ဖေဖေ့မိန်းမ မချိုလွင်ကို မသတ်ရဲပါချေ။ မသတ်ရပါဘဲ သေလျှင်တော့ကောင်းမည်။

ဒါတွေက မြရွက်ညှာရဲ့အလို ... မြရွက်ညှာရဲ့ဆန္ဒပါ။

စိတ်ကူးအကောင်အထည်တွေသာလျှင် ဖြစ်၏။

လက်တွေ့မှာတွင်မူ ...

မြရွက်ညှာ ... ရှင်သန်ချင်သည် အသက်ရှင်ချင်သည်။

သေရမှာကို သေချင်စော်နံအောင်ကြောက်လှသည်။

သေခြင်းထောင်ချောက်အမျိုးမျိုးကို မနည်းတကဲရှောင်နေ တိမ်း





နေ ဆင်ခြင်နေရမည်။

အချိန်တွေ မည်မျှကုန်သွားအောင် မြရွက်ညှာတွေးနေမိသည် သိ။

လရိပ်ကြောင့် ကန်ရေပြင်ပေါ် ခပ်ရှည်ရှည်လေးမျောကျနေသည့် သူ့မအရိပ်လေးကိုတွေ့ရသည်။

သူမခန္ဓာကိုယ်ထက် နှစ်ဆခန့်ရှည်သော သူမအရိပ်လေး ရေပြင်ငြိမ်မှာ ပြားကပ်နေ၏။

ဒီလို လရောင်ထိန်ထိန်သာသည့် လပြည့်ညမျိုးဆိုလျှင် သူမနှင့်ညီမလေး ရွှေပွင့်လွှာတို့ လရောင်လှုံသည်။

"မေမေရေ ... သမီးတို့ မေမေ့ကို သိပ်လွမ်းနေပြီ ခဏဖြစ်ဖြစ်ဆင်းခဲ့ပါ"

ဟု ရှူးသွပ်စွာ သံပြိုင်အော်မြည်တမ်းတာနေဖြစ်သည်။

"မမ ... မေမေက ဘယ်မှာလဲဟင်"

"လရောင်ထဲမှာပေါ့ လရောင်ကိုချစ်တဲ့မေမေဟာ လပြည့်ညကြီးမှာပဲ မမနဲ့ညီမလေးကိုထားသွားခဲ့တာ မဟုတ်လား"

"လရောင်ကို ညီမလေးတို့ထက် ပိုချစ်လို့လားဟင်"

"ဟင့်အင်း ... လရောင်နဲ့အတူ မမတို့ညီအစ်မကို အေးချမ်းသာခြင်းတွေနဲ့ အချိန်အကြာကြီးတွေးပွေ့ထားချင်လို့ပါကွယ်"

"ညီမလေးတို့ညီအစ်မက အခုဆိုရင် မေမေ့ရင်ခွင်ထဲရောက်နေပြီပေါ့ ဟုတ်လားမမ"

"ဒါပေါ့ကွယ်"

"မေမေက ညီမလေးတို့ကိုမြင်ရလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ရလို့ဖက်ထားတာပေါ့ ညီမလေးရဲ့"

"ညီမလေးတို့ကတော့ မေမေ့ကို ဘာလို့မမြင်ရတာလဲ"

မမတို့ ညီမလေးတို့ရဲ့မျက်စိတွေထဲမှာ အသက်ဓာတ်ဆိုတဲ့ ရှင်သန်ခြင်းအရိပ်ကြီးက ပိတ်ဆီးဖုံးကွယ်ထားလို့ပေါ့ ... "

"အဲဒီရှင်သန်ခြင်းအရိပ်ကြီးကို မုန်းလိုက်တာနော် ... မေမေ့ကိုမမြင်ရတာ သူ့ကြောင့်ပေါ့နော် မမ ... "

"ဟုတ်တယ် ညီမလေး"

"အဲဒီအရိပ်ကြီးကို မောင်းထုတ်ပေးပါ မမရာ ... "

"မမ မောင်းထုတ်လို့မရဘူး"

"လိပ်ကြီးလိပ်ငယ် ဦးဦးတွေကို မောင်းထုတ်ခိုင်းပေး"

"ဦးဦးလိပ်ကြီး၊ ဦးဦးလိပ်ငယ်တို့လည်း မောင်းထုတ်လို့မရဘူး ညီမလေး"

"ဒါဆို မောင်းထုတ်ပေးဖို့ ဖေဖေ့ကိုသွားခိုင်းရအောင်နော်၊ နော် မမ ... ဖေဖေက ဒီအိမ်ကြီးကိုလည်းဆောက်နိုင်တယ် ... သေနတ်ကြီးတစ်လက်နဲ့ တောဝက်တွေ ကျွဲတွေကိုလည်းပစ်ပမ်းနိုင်တယ်၊ ဦးဦးလိပ်ကြီး၊ ဦးဦးလိပ်ငယ်တို့ကိုလည်း လက်ညှိုးလေးတစ်ချက်စိ ထောက်လိုက်ရုံနဲ့ ကျောက်ရုပ်ကြီးတွေလို တောင့်တောင့်ကြီးရပ်သွားအောင်လုပ်နိုင်တယ်၊ ကော်ဖီခြံအကျယ်ကြီးကိုလည်း ကော်ဖီသီးတွေအများကြီးရအောင် လုပ်တတ်တယ်၊ ကားတစ်စင်းလုံးကိုလည်း အမှိုက်ပုံတစ်ပုံဖြစ်အောင်လုပ်တယ်၊ အမှိုက်ပုံတစ်ပုံကိုလည်း ကားတစ်စင်းဖြစ်အောင် လုပ်တတ်တယ်၊ ဖေဖေ့ကိုခိုင်းရအောင်နော် ... ဖေဖေလည်း မေမေ့ကို တွေ့ချင်ရှာမှာပါ မမရာ"

---

ရှိရင်းစွဲအောင်စာပေ



"ဖေဖေ ဘယ်ငေ

ရှင်သန်ခြင်းဆိုတဲ့အရိပ်မည်း

ဘူး ညီမလေး"

"ဒါဆို ... ဘယ်

"မေမေ့မျက်နှာ

ပျောက်သွားမှာလဲဟင် ...

"မမတို့ညီအစ်

"တကယ်လား

"တကယ်ပေ

တာ မေမေဟာ သူတို့

အမေကိုချစ်လို့ သူတို့အ

အခုဆိုရင် သူတို့အမေ

ရောက်ရောက်လာပြီး

"ဖေဖေ

လဲဟင် ... မေမေ

"မဟု

မဖြောင့်နိုင်ေ

ကြာပြီလို့

www.burmeseclassic.com



"မမက သေရမှာကြောက်လို့လား"

"ဟင့်အင်း _ မသေဘဲနဲ့ မေမေ့ကိုမြင်ရတဲ့နည်းကိုရှာချင်လို့ ဟယ်ရီပေါ်တာတောင် သေတဲ့လူတွေကိုမြင်နိုင်တယ်မဟုတ်လား"

"အဲဒါက ရုပ်ရှင်ကြီးကို _ မမကလည်း အရမ်းသွေးကြောင်တာပဲ အခုသေ _ အခု မေမေနဲ့တွေ့ရမှာမှန်းသိလျှက်နဲ့ _ တော်ပြီ မမ မလိုက်ရင်နေခဲ့တော့"

ပြောပြီး ညီမလေး ရွှေပွင့်လွှာ ခြေဆောင့်ပြီး လှည့်ထွက်တော့ သူမ ကမန်းကတန်းပင် လက်ကိုဖမ်းဆွဲလိုက်ရ၏။

"ညီမလေးက ဘယ်သွားမလို့လဲ"

"သွားသေမယ်လေ _ အိပ်ရာထဲမှာ ပက်လက်လေးလှန်ပြီး မျက်စိမှိတ်မယ် _ ခြေတွေလက်တွေဆန့်ထားပြီး ငြိမ်ငြိမ်လေးနေမယ် ဖေဖေခေါ်လည်းမထူးဘူး၊ မမခေါ်လည်းမထူးဘူး။ ဦးဦးလိပ်ကြီးခေါ်လည်း မထူးဘူး။ ဦးဦးလိပ်ငယ်ခေါ်လည်းမထူးဘူး၊ ထမင်းဆာလည်းမထဘူး၊ ရေငတ်လည်းမထဘူး၊ ကော်ဖီသောက်ချင်လည်းမထဘူး။ ငိုချင်ရင်လည်း အသံမထွက်ဘူး၊ ရယ်ချင်ရင်လည်း အသံမထွက်ဘူး၊ ငြိမ်ငြိမ်လေးနေမှာပေါ့ _ မေမေသေတုန်းကလို ငြိမ်ငြိမ်လေးနေလိုက်မှာပေါ့ _ အဲဒါဆို မေမေ သေသလို ညီမလေးလည်းသေမှာပေါ့ _ "

မြရွက်ညှာ ညီမလေး ရွှေပွင့်လွှာကို ဘယ်လိုဖြေရှင်းပေးရမှန်း မသိပါ။

ညီမလေးစကားကြောင့် ရင်တစ်ပြင်လုံးကျပ်စည်းခံရသလို တင်းကျပ်သွားသည်ကိုသာသိတော့သည်။

သူမ ညီမလေးကို ဖက်ထားသည်ထင်၏။





သို့မဟုတ် ညီမလေးက သူမကိုဖက်ထားတာလည်းဖြစ်ကောင်းဖြစ်မည်။

သူမတို့ညီအစ်မနှစ်ယောက်သာ တစ်သားတည်းကျမတတ် တင်းတင်းကျစ်ကျစ်ဖက်ထားကြသည်။

တစ်ယောက်သွေးခုန်နှုန်းတစ်ယောက် ကြားရမတတ် ဖက်ထားကြသည်။

တစ်ယောက် အသက်ရှူသံတစ်ယောက် မျက်နှာထက်မှာ တရှူးရှူးကြားနေရသည့်တိုင်အောင် ဖက်ထားကြသည်။

ရှုန်းကြည့်သည်။

ဖယ်ကြည့်၏။

ရုန်းမနိုင်။ ဖယ်မရအောင် ညီမလေးအဖက်ကြမ်းလွန်းသည်။

မြရွက်ညှာ အသက်ရှူကျပ်လာသည်။

ကလေးဘဝ မေမေဆုံးခါစကာလဆီကိုအောက်မေ့တမ်းတမှုက ယခုအချိန်အထိ ဆိုးရွားစွာ စွဲလမ်းအမှတ်ရနေခြင်းဖြစ်ပေသည်။ လွန်ခဲ့သည့် (၁၅)နှစ်ကာလကို မမေ့နိုင်။

အခုချိန်မှာ မြရွက်ညှာကိုဖက်မည့် ညီမလေးရွှေပွင့်လွှာပင်လျှင် သေဆုံးခဲ့ကာ တစ်လပြည့်ခဲ့ပြီ။

သူမ အထင်မှားနေခြင်းသာဖြစ်၏။

သူမတို့လည်း မူလတန်းအရွယ်၊ မေမေဆုံးခါစကာလတုန်းကလို ပိစိပုကျုအရွယ်မဟုတ်တော့ပါ။ နည်းပညာတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူဖြစ်နေပြီ။

ယခု ညီမလေးရွှေပွင့်လွှာဖက်ခြင်းသည် လက်တွေ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ အထင်မှားခြင်းသက်သက် စိတ်စွဲလမ်းခြင်းသက်သက်သာလျှင် ဖြစ်သည်။

သူမ ညစာထမင်းဝိုင်းမှထခဲ့သည်သာဖြစ်၏။

ဖေဖေ့မိန်းမ မချိုလွင့်မျက်နှာကိုမြင်ချင်ကြည့်ချင်စိတ်မရှိ၍ ထခဲ့သည်။

လွန်ခဲ့ပြီးသော (၁၅)နှစ်ဆီက မေမေသေဆုံးခဲ့သည့်ခံစားချက်နှင့် အလေမတန်ခံစားခဲ့ရသော သူမ၏ငယ်ဘဝအဖြစ်အပျက်ခါးခါးများကို တမေ့တမူးခံစားနေရခြင်းသာဖြစ်၏။

ဖက်သူမတွေ့ရပါဘဲ အဖက်ခံရသည့် မွန်းကျပ်မှုက ဆိုးလှသည်။

အနီးအပါးမှ မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါ။

ဖေဖေလည်းမရှိ၊ မချိုလွင်လည်းမရှိ၊ ဦးဦးလိပ်ကြီးလည်းမရှိ၊ ဦးဦးလိပ်ငယ်လည်းမရှိ၊ သူမတစ်ယောက်တည်းသာ ဖြစ်၏။

အိမ်နောက်ဖေးရေကန်အစပ်မှာ သူမတစ်ယောက်တည်း ရပ်နေခြင်းဖြစ်၏။

သို့သော် သူမ အဖက်ခံနေရတာ ဘာကြောင့်နည်း။

လူရိပ်လူယောင် မတွေ့ရသော်လည်း အသက်ရှူမွန်းလောက်အောင် တင်းတင်းကြီး အဖက်ခံနေရတာ အဖြစ်မှန်လား။ ထင်ယောင်ထင်မှားလား။

အဖြစ်မှန်ဆိုပါလျှင် သူမ ချစ်လှသော သူမ၏ညီမငယ်လေး ရွှေပွင့်လွှာသည် တစ္ဆေတစ်ကောင်အဖြစ် သူမထံရောက်လာတာ ဖြစ်မည်။





ထင်ယောင်ထင်မှားဆိုလျှင်တော့ သူမသည် စိတ်ဂယောက်ဂယက်ဖြစ်နေခြင်းသာ ဖြစ်လိမ့်မည်။

မြရွက်ညှာ နေရာရွှေ့ရပ်ကြည့်၏။

မရပါ။

အိပ်ပျော်စဉ်မှာ ဘီလူးအစီးခံရသလို မွန်းသိပ်မောဟိုက်လှ၏။

မကြာခင် အသက်ရှူရပ်ပြီး သေရတော့မည်လား။

သူမအဖြစ်က ဆိုးလှသည်။

မအိပ်ပါဘဲ အိပ်မက်ယောင်သူ ဖြစ်နေပြီ။

နှလုံးသွေးကြောကျဉ်းရောဂါ မရှိပါဘဲ နှလုံးသွေးကြောကျဉ်းရောဂါသည်တစ်ယောက်လို ဖုတ်လှိုက်ဖုတ်လှိုက်မောနေသည်။

"ဘယ်သူလဲ … ဖယ် … ဖယ်ပါ"

သူမ ဖွတ်အတင်းရုန်းတော့ အဖက်ခံရမှုက ပိုမိုတင်းရင်းလာ၏။ အသက်မရှူရဲလောက်အောင်ပင် ထိတ်လန့်နေမိသည်။

"ဖယ်ပါ … လွှတ်ပါတော့နော်"

သူမ ထိတ်လန့်ကြီးစွာ တိုးလျှိုးတောင်းပန်လိုက်၏။

ထိုစဉ် …

ရှပ် …

ရှပ် …

ရှပ် …

နားထဲမှာ ခြေသံတရှပ်ရှပ်ကြားရသည်နှင့်အတူ သူမ အသက်ရှူသို့ဝသွားသည်။ စောစောက အဖက်ခံရသော ခံစားချက်အထိအတွေ့ပျောက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံကြားရာသို့ လှမ်းကြည့်လိုက်တော့လည်း လူ၊ ခွေး ကြောင်၊ ဝက် မည်သည့်သတ္တဝါ တစ်စုံတစ်ယောက် တစ်ကောင်တစ်မြီးကိုမျှ မတွေ့ရပေ။

ခြေသံကတော့ဖြင့် ...

ရှပ် ...

ရှပ် ...

ရှပ် ...

သူမထံမှ တရွေ့ရွေ့ဝေးကွာသွားသည်။ ပြီးတော့ အသံ တိခနဲ ရပ်သွား၏။

ဝုန်း ... ပြုန်း ... ပြုန်း

"အား"

ရေကန်ထဲမှ ဝရုန်းသုန်းကား အသံများကြားရသည်။

"ဟင် ... ညီမလေး ... "

လက်ကလန်၊ ခြေကလန်နဲ့ ရေနစ်တော့မည့် ညီမလေး၏မျက်နှာမှာ သေခြင်းတရားအတွက် အသည်းအသန်ထိတ်လန့်နေရှာ၏။ စိုးရိမ်စိတ်ကြောင့် ခေါင်းအဆမတန်ကြီးလာ၏။

ချက်ချင်းဆိုတော့ သူမ မနေနိုင်မထိုင်နိုင်အောင် စိတ်ပူသွားသည်။

ဘာလုပ်ရမလဲ မစဉ်းစားနိုင်ခင်မှာ ...

"ညီမလေး ... ဆွဲ ... ဆွဲ မမလက်ကိုဆွဲလိုက်"

ညီမလေး ရှေ့ပွင့်လျှာထံ သူမလက်လေးကမ်းပေးလိုက်ပါသည်။





ထိုအခါ ... ညီမလေး၏ ထုံကျင်ကျင်အေးစက်စက်လက်ကြီး တစ်ဖက် သူမလက်အားဖမ်းဆုပ်ပြီး ဆောင့်ဆွဲချလိုက်ပါတော့သည်။

"ဝုန်း ... အား ... ဖလူးလူးလူး"

အတန်အသင့်ရေကူးတတ်ပါလျက် သူမ ရေကူး၍မရပေ။

ညီမလေးက ဖွတ်အတင်းဆွဲနှစ်နေ၏။

ရေတွေက နှာခေါင်း၊ ပါးစပ်သို့မှတစ်ဆင့် အလုံးအရင်းနဲ့ဝင်လာသည်။

ရေနစ်သူတို့ထုံးစံအတိုင်း သူမဆွဲမိဆွဲရာဆွဲပြီး ရေပေါ်သို့ မျက်နှာကိုမရမက ဖော်လိုက်၏။

သူမရင်ဘတ်အောက်မှာ ဆွဲထား၊ နှစ်ထားမိသည့် ခပ်လုံးလုံး အရာက ညီမလေး၏ ဦးခေါင်းမှန်းသိသည်။

သို့သော် ... သေခြင်းတရားနဲ့ကြုံသောအခါ သူမ ညီမလေးကို သူမကိုယ်သူမချစ်သလောက် မချစ်နိုင်တော့ပါ။

"ဖေဖေရေ ... ကယ်ပါဦး ... "

"ဖေဖေ ... "

မြွက်ညှာအသံကုန်ဟစ်အော်သည်။

မရွေးမနှောင်းမှာ ဖေဖေ ... ဦးဦးလိပ်ကြီး၊ ဦးဦးလိပ်ငယ်တို့ ပြေးလာတာကိုမြင်လိုက်ရ၏။

"တော်သေးတာပေါ့ ... မဟုတ်ရင် မင်းရေနစ်သေမှာ"

သူမ၏အဖြစ်အပျက်ကိုပြောပြရင်း မောဟိုက်ကြောက်ရွံ့နေရှာ သူလေးကို တော်ကောင်းသနားနေမိသည်။

"ဒါဆို မင်းညီမလေးကို မင်းအပြင် မင်းအဖေရော သိပြီး



www.burmeseclassic.com

www.burmeseclassic.com



လိပ်ငယ်တို့ညီအစ်ကိုရော တွေ့လိုက်မှာပေါ့နော်''

''မတွေ့လိုက်ပါဘူးရှင်''

''မင်းဖက်ထားတာ မင်းညီမလေးခေါင်းဆိုတော့ သူတို့တွေ့မှာပေါ့ မြရွက်ညှာ ... ''

''ကျွန်မဖက်တုန်းကတော့ ညီမလေးခေါင်းပဲ ... ဒါပေမဲ့''

'' ... ''

''ဖေဖေတို့ရောက်လာတော့ ကျွန်မဖက်ထားတာဟာ အုန်းသီးကြီး တစ်လုံးဖြစ်နေတယ်လို့ပြောကြတယ် ... ''

''ဟား ဟား ဟား ဟုတ်ပြီ ... မင်းက အုန်းသီးကြွေကျတာကို လန့်သွားလိမ့်မယ် ... ဒီလိုမကြွေခင်မှာ မင်းအတွေးက သေသွားတဲ့ မင်းညီမလေးကိုစဉ်းစားနေမိလိမ့်မယ်''

ကောင်မလေး သူ့ကောက်ချက်ချစကားကို မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

ပြီးတော့ ခေါင်းယမ်း၏။

''မဖြစ်နိုင်ဘူး ကိုတော်ကောင်း ... ကျွန်မ ညီမလေးကို လက်ကမ်းပေးတဲ့အချိန်အထိ သတိကောင်းကောင်းရှိသေးတယ်၊ အုန်းသီးကို အုန်းသီးမှန်းမသိရလောက်အောင် အကြောက်မကြီးသေးဘူး၊ ရေနစ်ပြီး သေမလိုဖြစ်တော့မှ အကြောက်လွန်ပြီး အသိစိတ်ကင်းမဲ့သွားလိမ့်မယ်၊ ပြီးတော့ ကျွန်မသိတဲ့အချိန်မှာ ကျွန်မအနားမှာ ဖေဖေ့မိန်းမ မချိုလွင်မရှိဘူး''

''ဘယ်လို ... မင်းဆိုလိုတာက ... ''

'' ... ''





မြရွက်ညှာအသံတိတ်နေ၏။ ခေါင်းကိုအတင်းခါယမ်းလိုက်သည်။

သက်ပြင်းတွေနဲ့လေးပင်လွန်းသည့် ကောင်မလေးကို တော်ကောင်း သနားလွန်းလှသည်။

''ကျွန်မအတွက် စိတ်မကောင်းဖြစ်မနေပါနဲ့ ... ရိုးရိုးစင်းစင်း အခြေအနေကိုပဲ ကျွန်မ သံသယက အရောင်ဆိုးသလား ... ပိရိစွာ မွေလိမ်ရှုပ်နေတဲ့ အခြေအနေကို လိုက်မမီနိုင်အောင် ကျွန်မက ပိန်းပိတ်ပိတ် ပိန်းနေခဲ့သလားဆိုတာ အခုချိန်အထိ အဖြေမရှိတဲ့ဝိရောဓိတစ်ခုပါ''

ကောင်မလေး မြရွက်ညှာ၏ရင်ထဲမှ မကြေနိုင်သည့်အစိုင်အခဲတစ်ခုကို သူဘယ်လိုနည်းနဲ့ ချေဖျက်ပေးရမည်မသိ။ ကြေပျက်စေလိုလှသည်။

ကောင်မလေး၏ကျေးဇူး သူ့ဆီမှာရှိသည်။

ကောင်မလေးဆီ၌သာ တည်းခွင့်မရခဲ့လျှင်၊ နေကြာရိုင်းတောကြီးထဲမှာ ဆိုင်ကယ်(ဘီးပေါက်)တစ်စီးနဲ့ ဆာလောင်၊ အိပ်ပျက်၊ မျက်စိလည်လမ်းမှား၊ ပင်ပန်းနွမ်းနယ်မှုများ မည်မျှလောက်အထိဆိုးရွားဦးမည်မသိ။

ဒီကောင်မလေးကြောင့်ရသည့်ဒုက္ခကို ဒီကောင်မလေးကပြန်ဖြေရှင်းပေးခြင်းဖြစ်ပေမယ့် ကျေးဇူးတင်ပါသည်။

''မင်းအခက်အခဲမှန်သမျှ ငါကူညီဖြေရှင်းပေးချင်ပါတယ် ... ဒါပေမဲ့ အခုချိန်အထိ မင်းဟာ ငါနားလည်လို့မရသေးတဲ့ ပဟေဠိတစ်ပုဒ် ဖြစ်နေတယ် မြရွက်ညှာ''

''ရှင်က ဘာကိုနားလည်ချင်လို့လဲ ... ''



www.burmeseclassic.com

www.burmeseclassic.com



"သချိုင်းကုန်း ..."

သချိုင်းကုန်းမှာ တွေ့ရှိခဲ့တာကစပြီး မေးရန်စကားစလိုက်စဉ်

"အဲဒီသချိုင်းက ကျွန်မတို့ရဲ့ ဆွေစဉ်မျိုးဆက်ဂူသချိုင်း ... ကျွန်မ မေမေက စော်ဘွားအနွယ်တော်တစ်ယောက်ပါ၊ ညနေတုန်းက ရှင်တွေခဲ့တဲ့ ဂူသချိုင်းရှိတဲ့တောင်ကုန်း၊ နေကြာရိုင်းတွေ တောဖြစ်လို့ထူနေတဲ့တောင်ကုန်း၊ ကျွန်မတို့အိမ်ရဲ့နောက်မှာရှိတဲ့ ကော်ဖီစိုက်ခင်းအပြည့်တောင်ကုန်းနဲ့ အခု ကျွန်မတို့အိမ်ရှိတဲ့တောင်ကုန်း အားလုံးဟာ မေမေတို့ဘိုးစဉ်ဘောင်ဆက်ပိုင်ဆိုင်တဲ့ အမွေဆိုင် ဘိုးဘွားပိုင်မြေတွေပေါ့၊ ဒါကျွန်မသိသလောက်ပဲပြောပြတာပါ ... ဒီထဲကမှ မကျေနပ်သေးလို့ထပ်သိချင်ရင်တော့၊ ရှင့်ဘာသာရှင် မြေစာရင်းဌာနမှာ မြေပုံရာဇဝင်သွားပြီးရှာပေတော့ ..."

ကောင်မလေးကပြောရင်း စိတ်တိုလာပုံရသည်။

"သချိုင်းကုန်းမှာ မင်းနဲ့ငါတွေ့ခဲ့တယ်နော် ..."

စိတ်တိုမှန်းသိပေမယ့် သိလိုသမျှကို မြန်မြန်သိမှအေးမှာမို့ သူဇွတ်တိုးမေးလိုက်မိ၏။

"ရှင်က ကျွန်မကို အတိတ်မေ့နေတယ်ထင်လို့လား ..."

ဒီအထိတော့မှန်နေသည်။

"ကြက်ခြံထိပ်မှာတုန်းက ဆိုင်ကယ်မပါဘဲ ... သချိုင်းကုန်းရောက်မှ ဘာလို့ဆိုင်ကယ်နဲ့ဖြစ်နေတာလဲ ..."

သူနားမလည်နိုင်စွာမေးသည်ကို ကောင်မလေး နားရှုပ်သွားပုံရသည်။

"ရှင် ... ဒီမေးခွန်းကိုမေးတာ နှစ်ခါရှိပြီ ... ဘာလဲ ကျွန်မ





ဆိုင်ကယ်က ဘာဖြစ်နေလို့လဲ၊ ပြီးတော့ ရှင့်ကိုကြည့်ရတာ ... သချိုင်းမှာ မတွေ့ခင်ကတည်းက ကျွန်မကိုမြင်ဖူးထားသလိုပဲ ..."

"ဟုတ်တယ်လေ"

"ဟင့်အင်း ... ရှင့်ကို ကျွန်မအရင်က မတွေ့ဖူးပါဘူး ... ဘယ်တုန်းကတွေ့ဖူးလို့လဲ ..."

"ဒီနေ့ညနေ ... သချိုင်းကုန်းမှာမဆုံခင် ဆယ့်ငါးမိနစ်လောက်စောပြီး မင်းနဲ့ငါတွေ့ခဲ့တယ်လေ ..."

"မှားနေပြီ ... ဘယ်မှာတွေ့တာလဲ ..."

"ကြက်ခြံတွေနားက ကုန်းထိပ်မှာ ..."

"မဟုတ်ဘူး ... ဒီနေ့ တစ်နေ့လုံး ကျွန်မ အဲဒီဘက်ကိုရောက်ခဲ့ဘူး ..."

"မင်းမှမင်းအစစ်ပါကွာ ... ဒီအင်္ကျီအဖြူ၊ ဒီဂါဝန်အဖြူ၊ ဒီဘုစ်ဆံမြီး၊ ဒီမျက်နှာ၊ ဒီအသားအရည်၊ ဒါ့ထက်ထပ်တူညီတာတောင်ဒီလောက်ထပ်တူညီနိုင်မှာမဟုတ်ဘူး"

"ရှင် ... ရှင်တကယ်ပြောနေတာလား"

"ငါက မင်းလိုဖြောင်လည်းမငြင်းဘူး၊ ညာလည်းမပြောတတ်ဘူး ..."

"ဒါ ... ဒါဆို ရှင်တွေ့ခဲ့တာ ညီ ... ညီမလေး"

"ဘာ ..."

"သေသွားတဲ့ကျွန်မညီမလေး ရွှေပွင့်လွှာ ..."

တော်ကောင်း ကြက်သီးမွေးညင်းတွေထသွား၏။

"မင်းနဲ့မင်းညီမက အဲလောက်တောင်တူလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ခွဲမရအောင်တူတယ် ... ဟုတ်ပါပြီ၊ ဒီနေ့ဟာ ညီမ်လေးဆုံး တာတစ်နှစ်ပြည့်နေ့ပဲ ... ဒါကြောင့် ညီမလေး ... ညီမလေးရောက်လာ တာဖြစ်မယ်၊ ညီမလေးရယ် ... မမဆီလာပါတော့လားဟယ် ... ဘာလို့ မဆိုင်တဲ့လူဆီကိုတော့အရောက်သွားပြီး မမဆီကိုမလာတာလဲ ညီမလေး ရယ် ... မမကဖြင့် ညီမလေးအုတ်ဂူမှာ တစ်ညနေလုံး ထိုင်စောင့်နေခဲ့ ရတာ ညီမလေးရဲ့"

ကောင်မလေးက ငိုသံတစ်ဝက်နဲ့ပြောတော့ တော်ကောင်းမှာ နေမထိ၊ ထိုင်မသာ ...

"ကိုယ်တောင်းပန်ပါတယ်၊ ကောင်မလေးရယ်၊ ကိုယ့်စကား ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားတာ တောင်းပန်ပါတယ်ကွာ"

"ရပါတယ် ... ရှင့်ကြောင့်မဟုတ်ဘူး ... ရှင်နဲ့ညီမလေး အချို ကတည်းက ရင်းနှီးနေခဲ့တာလား"

"ဒီနေ့ညနေမှစတွေ့ဖူးတာ ... မိန်းကလေးတစ်ယောက်တည် နေကြာရိုင်းတောကြီးထဲဝင်ပြေးသွားလို့ စိတ်ပူပြီးလိုက်လာရင်း သချိုင်း ကုန်းကိုရောက်တယ် မင်းနဲ့တွေ့တယ်၊ ကိုယ်သိထားတာက အဲဒီဘက် မှာ လူနေအိမ်ခြေရှိတယ်ဆိုတာ့မှ မသိခဲ့ဘဲကိုး ... အဲဒါကြောင့် ကိုယ့် ညီမအရွယ်မိန်းကလေးစိတ်မနှံပြီး မသမာသူတွေနဲ့များတွေ့ခဲ့ရင်ဆိုတဲ့ ပူပ မှုကြောင့် ကိုယ့်ခြံကိုယ်ပြန်မရောက်ဘဲ အခုလိုဗုက္ကရောက်ခဲ့ရတာ လူတ ဖက်သားကို ကူညီချင်တဲ့စိတ်ကလွဲရင် ကိုယ့်မှာ ဘာအကြံဆိုးမှရှိမနေ ဘူးဆိုတာ ယုံပါ မြရွက်ညှာ ... "

"ရှင့်စိတ်ဓာတ်ကိုယုံပါတယ် ... ယုံလို့လည်း ရှင့်ကို ကျွန်မတ အိမ်ထဲထိ ယုံယုံကြည်ကြည်ဖိတ်ခေါ်ခဲ့တာပေါ့"





"ကျေးဇူးလည်းတင်တယ်၊ ဝမ်းလည်းသာတယ်၊ ဒါပေမယ့် ခွင့် ပြုမယ်ဆိုရင် တစ်ခုလောက်သိချင်လို့ပါ"

"ဘာလည်းမသိဘူး"

"စောစောက ကိုယ်ဝင်လာတာကစပြောတဲ့ စကားသံက ခင်းအသံမဟုတ်ဘူးထင်တယ် ... ကိုယ့်စိတ်ထဲမှာ ယောကျ်ားကြီးတစ် ယောက်ထင်လို့"

"ဟုတ်တယ် ... အဲဒါ ကျွန်မဖေဖေ"

"ကိုယ်နဲ့ဘာလို့ပေးမတွေ့တာလဲ"

"မတွေ့ရတာ ရှင့်အတွက်ပိုကောင်းလို့ပါ ... ကဲပါလေ ရှင် သည်း ပင်ပန်းပြီ၊ အိပ်တော့နော် ... ဂွတ်နိုက် ... ကိုတော်ကောင်း ဂွတ်နိုက်"

သူ့အိပ်ခန်း၏ ညှော်ခန်းဆက်တီပေါ်မှ အသာအယာထကာ မြရွက်ညှာထွက်သွားတော့ သူ့မှာမမေးလိုက်ရသော မေးခွန်းတွေနဲ့ရင်ထဲ မှာတစ်ဆို့မွန်းကျပ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

ဒုန်း ... ဒုန်း ...

ဒုန်း ... ဒုန်း ...

ဒုန်း ... ဒုန်း ...

မှေးခနဲအိပ်ပျော်သွားရာမှ တော်ကောင်း လန့်နိုးလာသည်။

စိတ်ထဲမှာ အနည်းငယ်တော့ မူသွားသည်။

တံခါးခေါက်တာပဲ၊ တကယ်ဆိုရင် လက်ခေါက်လေးနဲ့ခေါက်ရင်ရသားနဲ့ အခုလို လက်သီးဆုပ်နဲ့အားပါးတရထုတာတော့ မလုပ်သင့်ဘူးထင်သည်။ သို့ပေမယ့် ကိုယ်က စောဒကတက်နေလို့မဖြစ် ... ကိုယ်က အခုမှစတွေ့ပြီး ဒုက္ခရောက်လာကာ လာရောက် တည်းခိုရသည့်ဧည့်သည်။ ဧည့်သည်ဆိုသည်ထက် ဒုက္ခသည်ဟုပြောရလျှင် ပိုမှန်သည်။ သူတို့က အိမ်ရှင်။ သဘောထားကြီးစွာ တစ်ညတာခိုလှုံခွင့်ပေးထားသူဖြစ်သည်။ ဒီတော့ ဖြစ်သမျှအကြောင်း ဆိုးဆိုးကောင်းကောင်း ကောင်းကိုကောင်းသင့်သည်။





တုံ ... တုံ ...

တုံ ... တုံ ...

လေးနာရီပင်ထိုးပြီထင်သည်။ အဝေးဆီမှ အုန်းမောင်းသံ ခပ်ဖျဖျကိုလည်းကြားနေရ၏။

တော်ကောင်း နောက်တစ်ကြိမ် တံခါးမခေါက်ခင် တံခါးဖွင့်ရန် အပြေးသွားလိုက်သည်။

ပြီးတော့ မင်းတုတ်ဆွဲတင်၏။

ထိုအခိုက်မှာကို ...

"ဒုန်း ... ဒုန်း ... "

တံခါးခေါက်သံထွက်ပေါ်နေသေးသည်မို့ ... သူအသံပြုရင်း တံခါးဖွင့်လိုက်၏။

"ဟုတ်ကဲ့ ... ဖွင့်နေတယ်ဗျို့ ဖွင့်နေတယ်"

ပြောလည်းပြော ဖွင့်လည်းဖွင့်၊ ပြောပြောဖွင့်ဖွင့် ဖွင့်လိုက်၏။

သို့ပေမယ့် ...

"ဟင် ... ဘယ်သူမှလည်းမရှိပါလား"

သူတစ်ထိုင်တည်းသာ ရှူးသွားချင်တော့သည်။ ဘေးဘီဝဲယာ ဘယ်မှာမှ ဘယ်သူမှမရှိပါ။

အိပ်မှုံစုံမွှား မျက်စိနှစ်လုံးကိုပွတ်သပ်ရင်း အခန်းတံခါးပြန်ပိတ်လိုက်သည်။

ခုလေးပဲကြားလိုက်သားနဲ့ နားစွင့်ကြည့်သည်။

တံခါးခေါက်သံ ခြေသံ ဘာသံမှဆက်မကြားရတော့ပေ။

နားကပ်ထောင်နေရာ တံခါးရွက်မှ နားကိုခွာ၏။



www.burmeseclassic.com

www.burmeseclassic.com



တော်ကောင်း ဝါးခနဲသန်းဝေဝိုက်မြည်းနေသည်။

နံရံကပ်နာရီကိုကြည့်တော့ လေးနာရီထိုးပြီးကာစသာ ရှိသေး၏။

သူအိပ်ရေးတစ်ရေးကောင်းကောင်းလောက် ထပ်အိပ်လို့ရသေးသည်။

ပေတိပေကပ်မျက်စိနှစ်လုံးကို လက်ဖြင့်ပွတ်သပ်ရင်းက စိတ်မှုန်းခြေလှမ်းများဖြင့် ခုတင်ဆီ တရွေ့ရွေ့လှမ်းလာ၏။

ခုတင်ဘောင်ကို ဒူးနဲ့တိုက်မိချိန်မှာ ... သူရပ်လိုက်သည်။

ပြီးတော့ စပရိန်မွေ့ရာပေါ် ဝုန်းခနဲ လှဲအိပ်ပစ်လိုက်တော့သည်တွင် ...

''အွတ် ... ''

''အမလေး သေပါပြီ ဖြည်းဖြည်းသက်သာမအိပ်ဘူး။ ဘာလို့အဲလောက်အကြမ်းပတမ်းလုပ်ရတာလဲ''

နာကျင်ထိခတ်စွာ ညည်းတွားသံကြောင့် တော်ကောင်းတအံ့တဩကြည့်မိ၏။

သူ့ရင်ခွင်အောက်မှာ ကောင်မလေး ...

မျက်နှာ နုနုလေးရှုံ့မဲ့နေသည့် ကောင်မလေး မြရွက်ညှာ။

''မင်း ... မင်း ဘယ်လိုဖြစ်လို့ ငါ့ခုတင်ပေါ် ... ''

''လောလောဆယ် ကျွန်မပေါ်ဖိထားတာ အရင်ဖယ်ပေးပါဦးရှင်''

သူ့ရင်ဘတ်အောက်မှ ရင်ဖိုစွာပြောနေရှာသူလေးကို ငုံ့ကြည့်မိတော့ သူ့ရင်ဗလောင်းဗလံလှုပ်ခုန်သွားသည်။

ဇီရင့်အောင်ခေ



တစ်ခါဖူးမျှ မကြုံစဘူးသော ခံစားချက်တွေနဲ့အတူ နှလုံးသွေးကြောမှာများ၊ သွေးကြောမများတစ်လျှောက် လှုပ်စစ်စက်ကွင်းပြင်အားတွေ ဖြင်းထန်နေသည်။

တစ်ကိုယ်လုံး ခဲခဲကျဉ်ကျဉ်ခံစားချက်တွေက ပင့်ကူမျှင်များနှယ် ...နှင်းထိုးယှက်တင်လျှက်ရှိသည်။

ဒိန်းတပ်တပ်ရင်ခုန်သံတွေ မနိုင်မနင်းထပွင့်နေ၏။ နှလုံးသား...သည် ဖျတ်ဖျတ်လူးငါးတစ်ကောင်ဖြစ်၏။

ခြေဖျား၊ လက်ဖျားများသည် ရေခဲချောင်းဖြစ်၏။

အသားစိုင်တို့သည် နတ်ဝင်သည်၏ ကိုယ်ထည်ဖြစ်၏။

ကောင်မလေးကိုယ်ပေါ်မှာ ပိကျနေသော သူ့ခန္ဓာကိုယ်ကို ပင်ပန်း...စွာခွာသည်။

ကောင်မလေး၏ ကျစ်ဆံမြီးက သူ့လည်ပင်းကို သစ်မွှေးနွယ်ရှင်...ချောင်းလို ပတ်ခွေသည်။

နှာသီးဝမှရင်၏ အနက်ရှိုင်းဆုံးတိုင်အောင် မွှေးရီသော ဆံနွယ်...သင်း၏ဖြားယောင်းမှုလား။

ကောင်မလေး၏ အရှက်မျက်နှာပန်းသွေးရဲရဲတို့၏ ဆွဲညှို့မှုကြောင့်...

တဆတ်ဆတ်တုန် နုနီထွေးထွေး နှုတ်ခမ်းလွှာတို့၏ ချိုမြိန်ခြင်း...ကို တော်ကောင်း တမက်တမော နမ်းရှိုက်လိုက်မိသည်။

သေးကျင်ကျင်ခါးလေးကို အတင်းကျပ်ဆုံးဖက်မိသည်။

နုနုနွဲ့နွဲ့ရင်နှစ်မွှာကြားမှာ သူ့မျက်နှာအပ်ချလိုက်တော့သည်။

''အရမ်းချစ်တယ် ကောင်မလေးရယ် ... အရမ်းချစ်ပါတယ်''

ဇီရင့်အောင်ခေ

www.burmeseclassic.com

www.burmeseclassic.com



မြရွက်ညှာ ... ကိုယ့်ကိုချစ်လားဟင် ကောင်မလေး ကိုယ့်ကိုပြန်ချစ်ပါကွာနော် ... ''

မျက်တောင်ရှည်တွေ လေးပင်စွာပိကျနေသော ကောင်မလေး စကားပြန်မဆိုနိုင်လောက်အောင် ရင်ခုန်သံ လျှော်လှိုင်းကြားမှာ ဒလိမ့်ခေါက်ကွေး ယိမ်းထိုးနေရှာသည်။

သူ့ကျောပြင်ကို ဖက်ထားဆဲ လက်အစုံတင်းခနဲဖြစ်သွား၏။

နှာတံလုံးလုံးလေးက တော်ကောင်း၏ဆံနွယ် _ တော်ကောင်း၏နဖူး၊ တော်ကောင်း၏ပါးပြင်၊ တော်ကောင်း၏မေးဖျား၊ တော်ကောင်း၏ရင်ခွင်အနံ့စုန်ဆန်၊ လူးလာ၊ အသော့အလျင် ရွေ့လျားနေသည်။

တင့်လင့်လင့်လှုပ်ခုန်နေသော နှုတ်ခမ်းတွေ၏အလိုကို တော်ကောင်းစာနာစွာ သိတတ်လိုက်ပါသည်။

''ကို ... ရယ် ... သိပ်ချစ်တယ်''

ချစ်သူကောင်မလေး၏အသံက သူ့ရင်ခွင် ဒိုင်းနမိုက်အတွက် ရှို့မြိုက်လိုက်သော စနက်တံဖြစ်တော့သည်။

အနမ်းတွေက နုနယ်ရာမှ ကြမ်းတမ်းလာ၏။

ကြမ်းတမ်းရာမှ ကျားစီးဝါးစီးပြင်းထန်လာ၏။

နှလုံးသားနှစ်ခုပေါင်းစည်းရင်ခုန်သံက ကမ္ဘာသစ်အတွက် ဗျို အလျင်ဖြစ်သည်။

ချစ်သူ၏မျက်နှာကို မြတ်နိုးစုံမက်ခြင်းအနန္တဖြင့် ငုံ့မိုးငေးစို ကြည့်မိသည်။

ချစ်သူ မြရွက်ညှာခများ အသက်ရှူမှန်းကြပ်လာသည်ထင်၏

ခပ်ပြင်းပြင်း ရှူထုတ်သော ထွက်သက်လေနွေးနွေးတွေ တော်ကောင်းမျက်နှာပေါ် တိုးဝှေ့နေသည်။

ရိုရင့်အောင်စာပေ



ခန္ဓာကိုယ်လေးက ဖားဖိုလေးလို နိမ့်ချည်မြင့်ချည်။

စောစောက ကြည်နူး ကျေနပ်ရိပ်များ ကွယ်ပျောက်ကာ တလွန့်လွန့် လွန့်လူးလိုက်သည်။

ဒဏ်ရာရ မြွေတစ်ကောင်ပမာ ...

ချစ်သူ့အပေါ် ဖိထားမိသော သူ့ကိုယ်လုံးကြီးကို လွှတ်ဖယ်ရန် စိတ်ကူးဖြင့်-တော်ကောင်းစာနာမိသွားသည်။

နောက်ဆုံးအနေနဲ့ အနမ်းနုနုလေးကိုတော့ ချစ်သူ့နဖူးပြင် ဝင်းမွတ်မွတ်လေးပေါ် ဖိကပ်ချလိုက်မိ၏။

သို့သော် ...

တော်ကောင်းအနမ်းတွေ ချစ်သူ၏မွှေးမြမြ နဖူးထက် မထိမိချေ။

''ဟင် ... ''

တော်ကောင်း အကြီးအကျယ် အံ့သြသွားသည်။

''ကောင်မလေး ... ''

'' ... ''

ကောင်မလေး ခွန်းတုံ့မပြန်တော့ပါ။

တော်ကောင်း ချစ်သူ၏ဦးခေါင်းလေးကို လှုပ်ခါလိုက်၏။

''ဟာ ... ''

ကောင်မလေးကို ကိုင်တွယ်လို့မရပါ။ ကောင်မလေးသည် အကောင်အထည် တို့ထိ၍ မရတော့သော LOOSE MOLECULES များဖြင့် ဖွဲ့တည်ထားသော တစ္ဆေတစ်ကောင်လို လေဟာနယ်ဆန်သွားသော ...

''မြ ရွက် ညှာ''

ရိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တော်ကောင်း အော်သံနဲ့အတူ မြရွက်ညှာ၏ခန္ဓာကိုယ်လေး အရိပ်မရှိ၊ အရောင်မကျန် ပျောက်ကွယ်သွားတော့သည်။

တော်ကောင်း သိလိုက်ပြီ။ သရဲ ...

"အား ... သ ... သရဲ ..."

တော်ကောင်းအသံကုန်ဟစ်အော်လျက် အိပ်ရာပေါ်မှ ဝုန်းခနဲ ထခုန်လိုက်သည်။

ပြီးတော့ တစ်ပေါက်တည်းသာရှိသော တံခါးပေါက်ဆီသို့ တစ်ဟုန် ထိုးပြေးချမိတော့သည်။

BURMESE CLASSIC

"ဝုန်း ... ဒုန်း ..."

တံခါးပေါက်ကိုပင် ပြန်မပိတ်နိုင်တော့ပါ။

အခန်းအပြင်သို့ ဒလိမ့်ဒလိမ့်နဲ့ အရှိန်ကောင်းစွာ လိမ့်နေသည်။

ဆွဲရမ်းလွှင့်ပစ်ခံရသည့် မြွေတစ်ကောင်လို လိမ့်နေသော သူ့ခန္ဓာကိုယ်အတွဲ့ဘောကြီးသည် တစ်စုံတရာနဲ့ ထိမိကာ တုံ့ခနဲရပ်တန့်သွားသည်။

ထိုတစ်စုံတစ်ခုကို သူအသေအချာကြည့်လိုက်၏။

အဝတ်ဖိနပ်တစ်ရံ စီးထားသော ဖြူဝင်းမွတ်မွတ် ခြေသလုံး တစ်စုံ။

တော်ကောင်းအကြည့်တွေ အထက်သို့မြှင့်၍မြှင့်၍ တက်လိုက်သည်။

ရင်ဖိုဖွယ်ရာ အရှိုက်အဝင် အဝေ့အဝိုက်၊ အမို့အချိုင့်၊ မျဉ်း ကွေးကွေးတွေနဲ့ ပိသကျော့ရှင်းသော ခန္ဓာကိုယ်ကောက်ကြောင်း တစ်ခု။

မြင်ဖူးသလိုလိုရှိသော ထိုကောက်ကြောင်းသည် ဂျုနီဖာလိုပက်(စ်)





လေလား။ ဂျက်ဆီကာအယ်(လ်)ဘာလေလား ... ဘရစ်တနေ့စပီးယား... လေလား ... မြင်ခဲ့ဖူးတာတော့ သေချာသလောက်ရှိသည်။

ထို့ကြောင့်ဆက်လက်ပြီး အထက်မြှင့်ကြည့်၏။

ပျောင်းသွဲ့သွဲ့လည်တိုင် ... ရှန်းတင့်တင့်မျက်ဝန်းတွေနဲ့ မိန်းမ သယ် ...

"ဟင် ... သ သ ... ရဲ ..."

အထိတ်တလန့် သူ့အသံကို မထွက်ပေါ်လာစေရန် သူ့ပါးစပ်သူ သူ့လက်နဲ့ ကမန်းကတန်း ပိတ်ချလိုက်ရ၏။

အံ့ဩထိတ်လန့်မှုက နှလုံးသားကို ဆယ်ပေါင်တူဖြင့် ထုနှက်နေတော့သည်။

ဒီမိန်းမ ...

နေကြာရိုင်းတောထဲမှာ ...

တော်ကောင်း ဆိုင်ကယ်တွန်းလာစဉ် ဆုံတွေ့ခဲ့ရသော ... မိန်းမ။

တော်သေးသည် ဒီတစ်ကြိမ်တော့ ထိုမိန်းမသည် တော်ကောင်းကို သတိမပြုမိပေ။

ဒီအချိန်ဟာ ထွက်ပြေးဖို့အကောင်းဆုံးဖြစ်သည်မို့ တော်ကောင်း အားကုန်ကရီ ထထိုင်လိုက်၏။

သို့သော် ခန္ဓာကိုယ်သည် Battery အားနည်းသည့် အရုပ်ကြီး ...လိုလို ထ,လို့မရပါ။

ဝီ ...

ဝီ ...

ဝီ ...



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှ လေတွေ တဝီဝီ ထွက်နေသည်လော၊ နားထဲသို့ လေတွေ တဝေါဝေါဝင်နေသည်လော မသိ။ လေတိုးသံတွေက သရဲမရဲစီးလွန်းလှသည်။

ဆက်သွယ်ရေး (Tower) တိုင်ထိပ်ဖျားတက်မိပြီး ပြန်မဆင်းရဲတော့သူလို တော်ကောင်း တစ်ကိုယ်လုံး ကြောက်စိတ်တွေ အဖိုးဖိုးထနေ၏။

ဝီ ...

ဝီ ...

ဝီ ...

ကြားရသောလေသံတွေက ပိုပြီး ကျယ်လောင်လာသည်။

သေမင်းခြေသံလို့ပင် တော်ကောင်းခံစားမိသည်။

မလှုပ်နိုင်၊ မရှားနိုင် သေအံ့မူးမူး လေဖြတ်လူနာအလား ထိုင်လန့်ခြင်းတွေသာ ရင်ဘတ်ကွဲမတတ် ခံစားပြည့်လျှံနေ၏။

သူ ထိုမိန်းမ (သရဲမ)ကိုကြောက်သည်။

သို့ပေမဲ့ ကြောက်ကြောက်နဲ့ကို ကြည့်ချင်၍ ကြည့်သည်။

ဘယ်လိုကြည့်ကြည့် မြင်ကွင်းကား ဝေဝါးလွန်းလှ၏။

ထိုမိန်းမသည် FOCUS မပြတ်သော ဓာတ်ပုံတစ်ပုံလို ပုံရိပ်ဝါးဝါးကြီး ဖြစ်နေသည်။

ဒါသည် သူ အားနည်းလွန်း၍လော မဆိုနိုင်။

သူသိလိုက်တာက ထို မထင်မရှား ပုံရိပ်တရွေ့ရွေ့နဲ့ ရွေ့လျားသွားသည်သာ ဖြစ်၏။

ခြေသံတော့ မကြားမိ။

တကယ်တော့လည်း နားထဲမှာ လေယာဉ်အစင်းတစ်ရာ ဖြတ်





[...]မောင်းလာလျှင်တောင် ကြားနိုင်မည် မဟုတ်ပေ။

သေခါနီးဆဲဆဲ လူနာတစ်ယောက်ဟာ သူ့လိုပဲ အကြားအာရုံတွေ [...]ပျက်စီးတတ်သလား မဆိုနိုင်။

ဒါဆို သူဟာ သေခါနီးလူနာလား။

ဘာပဲဖြစ်ဖြစ် အခုထိ မသေသေးပါ။

မသေသေးတာကိုက ကံဆိုးမှုတစ်ခုဖြစ်၏။

ကြောက်စိတ်တွေ၏ ခြောက်လှန့်ခြင်းကြောင့် တစ်ကိုယ်လုံး အပ်[...]စင်းစင်းဖြင့် ထိုးစိုက်ခံရသလို နာကျင်လွန်းလှသည့်ဒဏ်ကို ဆက်လက်[...]ခံစားချင်ပေ။

သေသာ သေလိုက်ချင်သည်။

သို့သော် မသေသေး။

ပိုးတဝါး ပုံရိပ်တွေ ဖြစ်နေရပေသည်။

သရဲမ ထမင်းစားခန်းရဲ့တစ်နေရာမှာ ဒူးထောက်ထိုင်ချလိုက်[...]သည်။

"ဟင် ... သရဲက နှစ်ကောင် ဖြစ်သွားပါလား"

တော်ကောင်း ဗလုံးဗထွေး ရေရွတ်မိသည်။

ဟုတ်သည်။

စောစောက သူမြင်သော သရဲမထိုင်သည့်ရှေ့မှာ သရဲကစ်ကောင်[...]လိမ့်နေ၏။

တော်ကောင်း မျက်မှောင်တွန့်ချိုးကြည့်သည်တွင် ပုံရိပ်တွေက [...]ညီးငယ်ထင်ရှားလာ၏။

လူးလိမ့်နေသော ကောင်မလေးသည် အရက်လွန်အရက်သမား[...]ယောက်လို တဝေါ့ဝေါ့ထိုးအန်နေပုံမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တွန့်တွန့်လူးကာ လက်တွေခြေတွေ ကွေးချည်ဆန့်ချည် ဖြစ်နေ

ဟန်က အဆိပ်မိ ဝံပုလွေတစ်ကောင်ပမာ ...

သို့ပေမယ့် သူတွေ့နေရတာ ဝံပုလွေ မဟုတ်။

လူ။

အမြှုပ်တစီစီနဲ့လူ။

ကြမ်းပြင်၊ မျက်နှာနှင့် ခန္ဓာကိုယ်အနှံ့အပြားမှာ အနီဖတ်များ

က နံဟောင်လွန်းလှ၏။

တော်ကောင်း အသေအချာကြည့်လိုက်ပြန်သည်။

''ဟာ ... ဒါ ... ဒါ ... မြရွက်ညှာ''

ချက်ချင်းပြေးထူချင်ပေမယ့် တော်ကောင်း ဘယ်အရာကိုမျှ

ယတိပြတ် မယုံရဲတော့ပေ။

တော်ကောင်း ဘယ်အရာသည် အမှန်တရား အစစ်အမှန်ဆိုတာ

ဝေဖန်ပိုင်းခြားခြင်းငှာ မစွမ်းသာပါ။

သချိုင်းကုန်းသည် အစစ်လား။

နေကြာရိုင်းတောသည် အစစ်လား။

ရွှေပွင့်လွှာသည် အစစ်လား။

မြရွက်ညှာသည် အစစ်လား။

လူလိပ်ညီနောင်သည် အစစ်လား။

ရေဘဝဲစံအိမ်သည် အစစ်လား။

အရိပ်မဲ့အသံရှင်သည် အစစ်လား။

Dream ဓီးရောင် ၁၉၇၅၃ သည် ... အစစ်လား

သရဲမချောချောသည် ... အစစ်လား။

မသိ ... မသိခဲ့ ... မသိတော့ပါ။





နောက်ဆုံး သူကိုယ်တိုင်သည်ပင်လျှင် တော်ကောင်း စစ်၊ မစစ်

မဝေခွဲနိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"မြ ... ရွက် ... ညှာ ... "

တော်ကောင်းကျယ်လောင်စွာ အော်ခေါ်လိုက်သည်။

ပါးစပ်မှ အမြှုပ်တစီစီနဲ့ ကောင်မလေး၏ တွန့်တွန့်ကွေးကွေး ကိုယ်လုံးလေးကို မချင့်မရဲတိုးဖက်ထား၏။

ကောင်မလေး၏ ပါးစပ်သည် သေအုံ့မှုန်မှုန်ပန်းလျလွန်းစွာ ဟစိ ဟစိ ငါးပါးဟပ်လို အသက်ကိုကြိုးကြိုးစားစားရှိုက်၍ ရှိုက်၍ရှူနေရသည်။

ရင်အစုံနှင့်ဝမ်းဗိုက်တို့သည် အသက်တစ်ချက်တစ်ချက်ရှူရှိုက် အရေးနိမ့်ချည်မြန်မြန်၊ မြင့်ချည်သွက်သွက် ဖြောင်းဆန်လိုက်မောလျှက်ရှိ ၏။

ကြည့်ရတာ တော်ကောင်းပင် အသက်ရှူမချောင်တော့ပေ။

ရင်ဘတ်သည်လည်း ဆင်နင်း၍ မြင်းကန်ခံရသည့်နှယ်နာကျင် ပြားကပ်လွန်းလှပေသည်။





"မသေနဲ့ဦး !... မြရွက်ညှာ ... မသေပါနဲ့ဦးကွာ ... ကိုယ် ...်းကိုသိပ်ချစ်တာ ... သိပ်ချစ်လွန်းလို့ပါ"

ရင်တွင်းခံစားချက်တွေ မထိန်းနိုင်မသိမ်းနိုင် ထွက်ကျသွား၏။

တော်ကောင်းရင်ထဲမှာ ကောင်မလေးကို မသေစေချင်။ ကောင်မလေးသေမှာကို မမြင်ရဲ။ ကောင်မလေးသေမည်ကို သူသေရမှာ ထက်ပင် ပိုမိုစိုးရိမ်စွာ နှလုံးသည် တထိတ်ထိတ်။ စိုးတထိတ်ထိတ် ...

ကောင်မလေးက မြွေတစ်ကောင်လို တွန့်ကွေးနေချိန်မှာ ... တော်ကောင်း၏ရင်ခုန်သံဂရပ်မျဉ်းတွေက ထိုးထိုးထောင်ထောင်။

သူ့လက်မောင်းကိုဖက်ထားသော လက်ချောင်းကောက်ကောက် များသည် အားကိုးတကြီး ကွေးလိမ်မာခေါက်လို့နေသည်။

"မြရွက်ညှာ ... ကြားလား ... ကိုအရမ်းချစ်တယ် ... မင်း မသေရဘူး ... မသေလိုက်ပါနဲ့ ... ကိုယ့်ကို ခွဲမသွားနဲ့ ... ခွဲမသွားပါနဲ့ မြရွက်ညှာ ... "

ကောင်မလေးမျက်လွှာလေး ဖျတ်ခနဲ ပွင့်လာသည်။

သူ့ကိုကြည့်သည်။ အားကိုးတကြီးကြည့်သည်။

ခေါင်းတဆတ်ဆတ်ညိတ်သည်။ ခက်ခက်ခဲခဲညိတ်သည်။

သူ့ကိုချစ်လို့ ခေါင်းညိတ်တာလား။

သူမ သေရမှာကြောက်တာကို ခေါင်းညိတ်ပြတာလား မသိ။

ကောင်မလေးခေါင်းညိတ် ပင်ပန်းနေရှာတာကို မကြည့်ရက်တော့ပေ။

ကောင်မလေးရဲ့မျက်ဝန်းထဲမှာ မျက်ရည်တွေက မစဲနိုင် မထိတ် နိုင်၊ စိုစွတ်အိုင်ထွန်းလို့သာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးရဲ့အသက်ကို သူတယ်လိုကယ်ရမလဲ။ သူ့အသက်နဲ့ အစားထိုးပြီးကယ်လို့ ကောင်မလေးအသက်ရှင်မယ်လို့တော့ ဆင်ခြင်ဉာဏ်မဲ့ရူးသွပ်စွာ မယုံကြည်ချင်ပါ။ သူ့အသိတွေ အဲလောက်တော့ ပိတ်ပိတ်ပိန်းမမှောင်ပါ။

သူ့စိတ်ထဲမှာ ကောင်မလေးကို မသေစေချင်သလို သူကိုယ်တိုင်လည်းမသေလို။

ကောင်မလေးနဲ့သူ မသေကြသေးဘဲ ကြင်နာလိုသေးသည်။

လောကကြီးထဲမှာ သေခြင်းတရားထက် ပိုမိုလှပသည့်အလှအစစ်အမှန်တွေရှိကြောင်း အစစ်အမှန်၏အလှ(သစ္စာတရား၏အလှ)တွေအကြောင်း ... ကောင်မလေးနဲ့သူ သိရှိ ထိတွေ့ခံစားလိုသေးပါ၏။ ခံစားလိုပါသေးသည်။

သူ့ကိုကြည့်သည့်ကောင်မလေး မျက်ဖြူတစ်ချက်တစ်ချက်လန်သွားသည်။ မျက်နက်ဆံပျောက်မျက်ဝန်းအိမ်ကတစ္ဆေပုံတစ်ယောက်။

ချွေးစေးတွေက သူမတစ်ကိုယ်လုံးသာမက တော်ကောင်းကိုပါကူးစက်စွတ်စိုနေ၏။

သေခြင်းအတွက်.ထိတ်ထိတ်ပျာပျာမျက်ဝန်းတွေကို မကြည့်ရက်တော့ပေ။

မနားတမ်းပြောနေပေမယ့် စကားသံတစ်ခိုးတစ်စ်မျှထွက်ပေါ်ခြင်းမရှိတော့သော ပါးစပ်လှုပ်စကားလုံးတွေကို တော်ကောင်းပုံဖော်ကြည့်မိသည်။

"HELP ... ME"

လို့ ပြောသည်လား။

---

ရဲရင့်အောင်စာပေ



"ကယ် ... ပါ"

လို့ ပြောသည်လား။

ပွင့်တစ်ခါ၊ ပိတ်တစ်လှည့် နှုတ်ခမ်းအလှုပ်အဟတွေ အပ်ကြောင်းအခါခါထပ်နေ၏။

သူ့ရင်သည်လည်း စိုးထိတ်မှုနဲ့ ဖျတ်ဖျတ်လူးလို့နေသည်။

တစ်ခေါင်းလုံး ပူလောင်ခြင်းတွေ တမြေ့မြေ့ ...

တစ်ကိုယ်လုံး လောင်ကျွမ်းခြင်းတို့ အဆုံးအစမဲ့လှ၏။ မီးသင့်လှသားလို တရှိန်ရှိန် အလှုံညီးညီး ပူပြင်းလှပေသည်။ ရင်တွေပူနေသည်။

ဖီးနစ်(စ်)ငှက်လိုလည်း မီးတောက်ထဲမှ ခုန်ပျံကာ ရှန်းမထွက်နိုင်တော့ပါ။

ကောင်မလေး ရှန်းရင်းဆန်ခတ်လွန်းစွာ ဆတ်ခနဲ ခပ်ကြမ်းကြမ်းတစ်ချက်တွန့်သွားသည်။

ကောင်မလေး နိုးထလာတော့မှာလားရယ်လို့ သူလှပ်ခနဲ ရင်ဖိုမိပေမယ့် ...

ကောင်မလေး ခေါက်ခနဲ ငြိမ်ကျသွားသည်။

သူ သိလိုက်ပြီ။

"ဟင့်အင်း ... မသိချင်ဘူး ... မဟုတ်ပါနဲ့ ... "

သူ ကောင်မလေးကို လှုပ်နှိုး၏။ မလှုပ်။

ခပ်ကြမ်းကြမ်း လှုပ်နှိုး၏။ လုံးဝမလှုပ်။

"မြရွက်ညှာ ... "

တိုးဖွဖွ ခေါ်သည်။ မလှုပ်။

"မြရွက်ညှာ ... "

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အသက်ပါမတတ် အော်ခေါ်သည်။ မလှုပ်။

ကောင်မလေး သေပြီ။

"မြရွက်ညှာ ... "

ကောင်မလေးကို အားကုန်ဖက်၍ အော်ခေါ်လိုက်သည်။ တကယ်က သူ ငိုမိတာပါ။

မျက်ရည်တွေ ကောင်မလေး နဖူးပေါ် တတောက်တောက်ခုန်ပေါက်ကျဆင်းသွားသည်။

သို့သော် ...

မျက်ရည်စီးကြောင်းတို့၏ ခုလတ်မှာ ... သူ ...

အံ့ဩမှင်တက်မိရပြီ။

သူ့မျက်ရည်တွေကျနေတာ ကောင်မလေးမဟုတ်။ နဖူးနနမဟုတ်။ ဖက်လုံးလေးတစ်လုံး။

ဟုတ်သည်။

သူ့ရင်ခွင်ထဲမှာ တွန့်ခွေနေသည်က ...

ဖက်လုံးလေးတစ်လုံး ... သာဖြစ်တော့သည်။

ခံစားချက်အလျင်က ကဆပ်(ရှ)ပြီ၊ စက်ပျက်မော်တော်ကားတစ်စီးလို တုံ့ခနဲ ထိုးရပ်သွားလေပြီ။

ကောင်မလေး မသေဘူးဆိုတာသိရတော့ အတိုင်းအတာမရှိ ဝမ်းသာသွားပေမယ့် ...

အနားအနီးမှာ ... အသက်မဲ့သည့် မြရွက်ညှာ၏ ခန္ဓာကိုယ်လေး မျှပင်မရှိခြင်းက နှလုံးသားကို ဖျစ်ဖျစ်မြည်ကြေကွဲဝမ်းနည်းစေပါသည်။

မြရွက်ညှာကို သူသိပ်ချစ်သွား၍ပါ။

---





"မြရွက်ညှာ ... "

သူတမ်းတမ်းမူးမူး၊ ရှူးရှူးသွပ်သွပ်အော်ခေါ်နေမိ၏။

ထိုစဉ် ...

သူခုတင်ဘေးနံရံသည် တံခါးပေါက်တစ်ချပ်လို ဖျတ်ခနဲပွင့်လာသည်။

"ဟင် ... မြရွက်ညှာ ... "

"ဘယ်လိုဖြစ်လို့ ဒီလောက်အော်ကြီးဟစ်ကျယ်အော်နေရတာလဲ ကိုတော်ကောင်းရယ် ... ကြည့်စမ်း မျက်နှာရော တစ်ကိုယ်လုံးမှာပါ ချွေးတွေရွှဲနစ်နေပါလား ... ဆောင်းတွင်းကြီးမှာ ချွေးပျံနေရတယ်လို့ရှင် အိပ်မက်ဆိုးတွေမက်နေတယ်ထင်တယ်၊ ကျွန်မက အိပ်မက်လှလှလေး ပေးခဲ့တာကို ... ရှင်က တကယ့်ပြောင်းပြန်လူသား ... Bat Man ပဲ ဆာလာ ... မဖြစ်သေးပါဘူး၊ ရှင် ချွေးအအေးပတ်သွားပြီး တစ်ခုခုဖြစ်သွားရင် ကျွန်မငိုနေရဦးမယ် ... "

ကောင်မလေးမြရွက်ညှာ ... နံရံကပ်ဗီရိုထဲမှ အကျႌ၊ ပုဆိုးနဲ့ ချွယ်တာအသစ်တစ်ထည်အပြင် ... တဘက်တစ်ထည်ပါထုတ်ယူလိုက်သည်။

ပြီးတော့ ... ခုတင်ပေါ်မှ သူ့အနီးသို့ တိုးကပ်ထိုင်လိုက်သည်။

သူ့အဝတ်အစားတွေကို တစ်လွှာချင်းချွတ်ပေးသည်။ တဘက်နဲ့ ... ယပွတ်သုတ်ပေးသည်။

မျက်တောင်ထူထူစင်းစင်း ကောင်မလေးသည် သူ့ရဲ့မြရွက်ညှာ ... သည်။

"ဟာ ရတယ် ... ပုဆိုးကို ကျွန်တော့်ဘာသာလဲပါ့မယ်"

---



www.burmeseclassic.com

www.burmeseclassic.com



"အခုမှ ရှက်တယ်လာလုပ်နေတယ် _ စောစောကဖြင့် ဟွန်း မပြောလိုက်ချင်ဘူး"

"မြရွက်ညှာ ဟုတ်ပါတယ်နော်"

"ရှင်က မမှတ်မိချင်တော့ဘူးပေါ့ ဟုတ်လား"

"အင်း ကိုယ်က မှတ်ဉာဏ် (memory) နိမ့်တယ်၊ တစ်ခါတည်း နဲ့ မမှတ်မိတတ်ဘူး ..."

"အဲဒီဒိုင်ယာလော့ရှိုးသွားပြီ"

"ဟုတ်တယ်နော် _ ဒီဇာတ်ကွက်မှာ _ ဒိုင်ယာလော့မပါမှ ပိုလှမယ်ထင်တယ်နော်၊ အပြောသည် လက်တွေ့လောက်မထိတဲ့"

"တော်ပါပြီ ဆရာသမားရယ် ... ကျွန်မက မှတ်ဉာဏ်သိပ် ကောင်းပါတယ် _ တစ်ခေါက်ဆို တစ်ခေါက်လုံလောက်ပါပြီ"

"ကိုယ့်ကို အိပ်မက်လှလှလေးပဲပေးချင်တယ်ဆို"

"ပြောမိလို့လား"

"မလုပ်ပါနဲ့ ကောင်မလေးရာ၊ ကိုယ်တစ်ယောက်တည်းမဖြစ် လို့ပါ"

"ဒါတော့ တို့မသိဘူး"

"လုပ်ပါကလေးရယ်"

"ဟယ် _ ဖွတ်ကြီးပဲတော့"

ကောင်မလေးက သူ့ကိုဆွယ်တာတစ်ထည် စွပ်ချပေးရင်း အတွင်ငြင်းသည်။

မီးပူနံ့၊ ပရုပ်နံ့တွေအကြားမှ ကောင်မလေး၏ ကိုယ်သင်းနံ့က သူ့ရင်ခုန်သံကို သာသာထိုးထိုးနှိုးဆွ၏။





ရင်ခုန်သံ တိုက်တွန်းလိုက်သည်နှင့် သူ့လက်အစုံက မြရွက်ညှာ ၏ကိုယ်လုံးနုနုလေးကို ဖွေ့ခနဲတွေးပွေ့လိုက်တော့သည်။

သူ့ရဲ့အကြမ်းပတမ်း အပွေ့အဖက်တွေအကြားမှ ကောင်မလေး သည် ကင်းလိပ်ချောတစ်ကောင်လို လွတ်ထွက်သွား၏။

ကချော် ကချော် လုပ်ပြီးပြေးထွက်သွားသူ မြရွက်ညှာနောက်သို့ နှားသိုးကြီးပြုတ်လိုက်ခဲ့မိလေသည်။

ကောင်မလေး အိမ်အပြင် ဆင်ခြေလျှောလှေကားထစ်များ အတိုင်း ပြေးဆင်းသွား၏။

အိမ်၏ ဒီဘက်မျက်နှာစာမှာ လှေကားနှစ်စင်းရှိသည်၊ တစ်ဘက် မျက်နှာမှာ လှေကားနှစ်စင်းနှင်းနဲ့ မျက်နှာစာလေးဘက်မှာ လှေကားရှစ် စင်းရှိဟန်တူသည်။ ပုံကြည့်ရ၏။ တကယ့်ရေဘဝဲတစ်ကောင်၏ပုံကို ဒီဇိုင်း ရေးဆွဲတည်ဆောက်ခဲ့ပုံရသည်။

သူ့လှေကားထစ်တွေ၏ အလယ်လောက်အရောက်မှာ ကောင်မ လေးက လှေကားထစ်တွေ၏အဆုံးမှနေ၍ တစ်မျှော်တစ်ခေါ် ကော်ဖီ ခင်းထဲသို့ ပြေးနေလေပြီ။

ကော်ဖီ ပင်ခြေတွေမှာ ရဲရဲလှုပ်ပြွတ်နေအောင် သီးလျှက်ရှိသော စတော်ဘယ်ရီခင်းတွေရှိ၏။

ကောင်မလေးသည် စတော်ဘယ်ရီစိုက်ခင်းမြောင်းဘောင်တွေ အကြား ပြေးနေ၏။

တစ်ဘောင်ကျော်တစ်ဘောင်ကျ ဖားပျံမလေးတစ်ကောင်လို ချည်ပြေးချည်လွှားချည်နဲ့ ကြည့်လို့ကောင်းလွန်းလှသေးတော့သည်။

အရှေ့တောင်ကုန်းဆီမှ ရောင်နီဦးအလင်းပျို့ပျို့မှာ မြင်ရသော



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူမြရွက်ညှာ၏ပင်ကိုယ်အလှတရားသည် ကမ္ဘာကျော်လက်ရာမြောက် မိုနာလီဇာပန်းချီကားထက်ပင် သူ့ရင်ကို နက်ရှိုင်းစွာစွဲငြိစေပါ၏။

မြရွက်ညှာ လှသည်။

ချစ်ခြင်းက ပိုလှသည်။

မြရွက်ညှာကို ချစ်မိခြင်းက အလှဆုံးလှပပါပေသည်။ ဘယ် ပန်းချီရေးလို့မမှီဟူသော စာသားလေး၏အနက်အဓိပ္ပာယ်ပုံဆောင်ခဲကို တော်ကောင်းအမိအရ ခံစားနေမိသည်။

နှင်းဖွေးဖွေးက အေးမြသည်။

ချစ်ခြင်းက ပိုမိုအေးမြသည်။

နှင်းဖွေးဖွေးထံမှ ချစ်သူမြရွက်ညှာကိုချစ်မိခြင်းက တုန့်ိုင်းမဲ့ကင်း လှပခြင်းနဲ့ ရင်ကိုတထိတရှ အေးမြပါတော့သည်။

အိပ်ရာထစောသော ကျေးငှက်သာရကာတို့ တွတ်တီးတွတ်တာ စကားစမြည်ချီနေသည်။

သစ်သစ်လွင်လွင် စတော်ဘယ်ရီသီးနှံများ နှင်းသီးတွေတွဲခိုတချို့ ကြွေကျတချို့ ခေတ္တနားခိုရာ ... သစ်ရွက်စိမ်းစိမ်းများ နှင်းရည်စို့ ကလိုရိုဖီးရနံ့သစ်များ _ ဖွာရရာမြေစာခဲတို့၏ စိုထိုင်းဆ ရနံ့လတ်လတ် ဆတ်ဆတ်များ ချိုမြ၏။

ရနံ့သစ်တို့ထက် ကောင်မလေး၏ နှင်းငွေ့စက်လက်ကိုယ်သင်း ကပိုမွေး၏။

တောင်မြောက်ဝဲယာ သင်းရနံ့တို့ထက် _ မြရွက်ညှာ၏ လှုပ်ယိမ်းယိမ်း ကျစ်ဆံမြီးနံ့က ပိုမွေး၏။

ရှေ့နောက်ထက်အောက် မွှေးပျံ့မှုတို့ထက် ချစ်သူမြရွက်ညှာ





တလွင်လွင်ရယ်ရှင်ခံတွင်းနံ့က ပိုမွှေး၏။

"မြရွက်ညှာ ... နေပါဦး ... "

တော်ကောင်း တိုးတိုးလျှိုးလျှိုးအော်ခေါ်၏။

ဆင်မြီးလို ဘယ်ညာယိမ်းနေသော ကျစ်ဆံမြီးနဲ့ မြရွက်ညှာ၏ မျက်နှာလေးက အပျော်ကဲကဲစပ်ဖြဖြနဲ့ သူ့ရင်ကို ကလိနေသည်။

သားပိုက်ကောင် (Kangaroo) တစ်ကောင်အလား စတော်ဘယ်ရီ မြောင်းဘောင်တွေ တစ်ဘောင်ပြီးတစ်ဘောင်ကို ခုန်ဆွခုန်ဆွ ခုန်ကျော် ပျော်လွှန်းလှသည်။

သူလည်း ခြသေ့် ခြေလှမ်းတွေနဲ့အတူ ကောင်မလေးနောက်သို့ ခနဲ ... ရိပ်ခနဲ ခုန်ပေါက်ပြေးလိုက်လာခဲ့၏။

ပြေးရ၊ လိုက်ရတာ ချွေးစို့အောင်မောပေမယ့် ထိုအမောတွေ ည် ပျော်ရွှင်ခြင်းတစ်ပွေ့တစ်ပိုက်ကြီးကို ထိုက်တန်စွာဝယ်နေခြင်းသာ သည်။

သမင်ဆယ်လှမ်း၊ ကျားတစ်လှမ်းဆိုသလို ခဏအတွင်းမှာ တော် င်းကောင်မလေးနဲ့ မနီးမဝေးမှာ ရောက်လာ၏။

လက်တစ်ကမ်း၊ လက်နှစ်ကမ်းကျော်ကျော်၊ တစ်ခုန် နှစ်ခုန်သာ ွာမှာ ...

သူ့ကို လှည့်ပြန်လှည့်ကြည့်သော မြရွက်ညှာ ခြေခေါက်ကာလဲ သည်။

ပိုးလို့ပက်လက်လန်လဲကျသူ ချစ်သူမြရွက်ညှာက တခစ်ခစ် သည့်တိုင်အောင် ချစ်သူအသား ပွန်းပဲ့နာကျင်သွားမှာကို သူတင် ိုးထိတ်စွာနဲ့။



www.burmeseclassic.com

www.burmeseclassic.com



“ကလေး ... ”

“ကလေး မပြေးနဲ့ ကိုယ်မလိုက်တော့ဘူး ကိုယ်အရှုံးပေးပါတယ် မပြေးပါနဲ့တော့ ... ”

“ ... ”

သူတိုးလျှိုးတောင်းပန်ချိန်မှာ ကောင်မလေးလက်နောက်ပြန် ထောက်လျှက် ထိုင်ကာ ရယ်ကြဲကြဲပြုံးနေသည်။

သူ ကောင်မလေးဆီ ... သာသာဖွဖွ လှမ်းလျှောက်သွားလိုက်၏။

ထိုစဉ် ...

အရိပ်မည်းကြီးတစ်ရိပ် မြရွက်ညှာခန္ဓာကိုယ်ပေါ် ဝုန်းခနဲအုပ်မိုး ခွစီးလို့လာသည်။

အမှတ်တမဲ့မို့ သူခြေစုံတုံ့ရပ်သွား၏။

သူတွေ့မြင်ရသော အရိပ်မည်းကြီးသည် ဆံပင်ဖားလျားချမိန်းမ တစ်ယောက်ဖြစ်သည်။

မြရွက်ညှာ သူ့ကိုအားကိုးတကြီး လှမ်းကြည့်၏။

မြရွက်ညှာသည် ကျားခံတွင်းသက်ဆင်းလုဆဲဆဲ ယုန်ဖြူတစ် ကောင်လို သေလုမျောပါး တုန်လှုပ်နေရှာသည်။

မြရွက်ညှာ၏ ခန္ဓာကိုယ်ထက်ရှိ ဆံပင်ဖားလျားချမိန်းမ၏လက် တစ်ဖက် မိုးပေါ်မြောက်တက်သွားသည်။

ဖွေးခနဲ လက်သွားသော ထိုမိန်းမ၏လက်ထဲရှိနေသည်က ချွန်ပါ ဖွေးရှသော ဓားမြှောင်တစ်လက်သာဖြစ်၏။

“ဖယ် ... အယုတ်တမာမ ... အခုဖယ် ... နင် ငါ့ညီမ





...တ်တာလည်းနင်ပဲ ... ငါတို့မိသားစုကို ဖျက်ဆီးတဲ့မိစ္ဆာမ ဖယ်စမ်း”

“ဟား ဟား ဟား ... ”

“အောက်ကလည်းနေသေး ကြောက်ပြီလားလည်းမေးသေးတယ်၊ ...ရွက်ညှာရယ် ... စိတ်ချ ငါနင့်ကိုသနားလို့၊ နင့်အမေ ... နင့်ညီမရှိတဲ့ ...ဆီအရောက်ပို့ပေးမယ် ... ”

“လူသတ်ကောင်မ နင့်ကိုထောင်ချပစ်မယ် ... ”

“နင့်အိပ်မက်တွေ နောက်ဘဝရောက်မှ အကောင်အထည်ဖော် ...တော့ ... ”

“ငါ့ညီမကို အဆိပ်ခတ်သတ်တာ ငါသိတယ်”

“နင်သိလည်း နင်ဘာမှလုပ်ခွင့်မရှိတော့ဘူး မြရွက်ညှာ ... ...အမေသေပြီ၊ နင့်ညီမသေပြီ၊ အခုနင်သေရမယ်၊ ပြီးရင် နင့်အဖေသေ ...မယ် ... နင်တို့ရဲ့ ဘိုးစဉ်ဘောင်ဆက်ချမ်းသာခဲ့သမျှ အားလုံး ငါပိုင် ... ဟား ဟား ဟား ... ”

အသံနက်ကြီးက လူစိတ်ကင်းမဲ့စွာ ခက်ထရော်ကြမ်းတမ်းသလို ...အမှုကလည်း ရက်စက်လွန်းလှသည်။

ဟား

ဟား

ဟား

အောင်နိုင်သူရယ်သံနဲ့မိန်းမသည် သူရူးတစ်ယောက်လို စိတ္တဇ ...ထ်ကောင်လို ကြောက်မက်ဖွယ်ဒေါသမျက်နှာနှင့် စက်ဆုပ်ဖွယ်သွေး ...ကျောမှုများဖြင့် ကြမ်းရှမိုက်မဲနေ၏။

“သေ ... သေ ... တော့ ... ”



www.burmeseclassic.com

www.burmeseclassic.com



မားသွားက ရိပ်ခနဲ ... ချစ်သူမြရွက်ညှာ၏ ရင်ဘက်ဆီသို့ ဖွက် ခနဲ စိုက်ဝင်ကျလာသည်။

"အား ..."

"မြရွက်ညှာ ..."

အထိတ်တလန့် အော်သံများ အုတ်အော်သောင်းနင်း ... ယန္တရားခတ် ဆူညံသွားတော့သည်။

သူ့ရင်တွေ ကြွပ်ကြွပ်ဆူ ပူလောင်သွား၏။

သို့ပေမယ့် ...

အခြေအနေက သူထင်သလိုမဟုတ်ပါ။

"အား"

အော်သံနက်ကြီးက မြရွက်ညှာအသံမဟုတ်။

မြရွက်ညှာနှင့် ဆံပင်ဖားလျားချမိန်းမ၏ အကြားမှာ လျှပ်စီး လက်သလို ရောက်ရှိလာသော လူကြီးတစ်ယောက်၏ အော်သံသာဖြစ် သည်။

မျက်နှာပြင်မှာ အမြှောက်လက္ခဏာသဏ္ဌာန် မားဒဏ်ရာကြီး၊ သွေးတွေမြင်မကောင်းအောင် လိမ့်ဆင်းလာသည်။

အသက်ဘေးမှ သီသီလေးလွတ်သွားသော မြရွက်ညှာကတော့

ဝုန်းခနဲ ကုန်းရုန်းထပြီး စတော်ဘယ်ရီခင်းတစ်လျှောက် တ ရှုးထိုး ထွက်ပြေးသွားလေသည်။

"ဟား ဟား ဟား ဟား ... ရှင့်ကိုနောက်ဆုံးမှ သတ်ဖို့သ မှတ်ထားတာ ... ရှင်ကစောစောလေး သေချင်တော့လည်း ရှင့်ဆန္ဒ ဖြည့်ဆည်းပေးရတာပေါ့လေ ကောင်းရာသုဂတိလားပါစေ ... သွား





တော့"

မားရိုပ်က တောဝက်ရိုင်းဝက်စွယ်တစ်စွယ်လို တံရှူးထိုးရှေ့တိုး သွား၏။

"အု ..."

မျက်စိတစ်မှိတ်အတွင်းမှာ မားဒဏ်ရာနဲ့ ပုဂ္ဂိုလ်ကြီးလက်တစ် ဖက် မည်သို့လှုပ်ရှားလိုက်သည်မသိနိုင်ပါ။

မားသွား၏ ဦးတည်လမ်းကြောင်းသည် မားဒဏ်ရာနဲ့လူကြီး၏ ဝမ်းဗိုက်ဆီမဟုတ်တော့ဘဲ ... ဆန့်ကျင်ဘက်လမ်းကြောင်းဖြစ်သော မားကိုင်ဖားလျားချမိန်းမ၏ ရင်ဘတ်ဆီသို့ ဖြောင့်ဖြောင့်ကြီးလွဲပြောင်း သွားတော့သည်။

အာရုံသစ်နံနက်ခင်းနေခြည်နုနုတွေရဲ့အောက်မှာ မားကိုင်မိန်းမ ၏ရင်ဘတ်မှသွေးတွေ ဝေါက်ခနဲ ဝေါက်ခနဲ ပန်းထွက်လာ၏။

အံ့ဩခြင်း ... ထိတ်လန့်ခြင်း သေမင်း၏မျက်နှာကို ဘွားခနဲ မြင်လိုက်ရခြင်းတို့ဖြင့် ထိုမိန်းမ ဒူးတွေ ညွှတ်ခွေသွား၏။

ပန်းထွက်နေသော သွေးတွေ တဖြည်းဖြည်းလျော့ကျလာသည်။ သို့တိုင်အောင် တပွက်ပွက် ယိုစိမ့်စီးကျမြဲ စီးကျနေသေးသည်။

ပြူးကြောင်ကြောင်မျက်လုံးထဲမှာတော့ နောင်တရိပ်နောင်တရောင် များ ထင်ကျန်ငြိမ်သက်လျက်ရှိတော့သည်။

ဘုတ်ခနဲ လဲပြိုကျသွားသော ဖြူရော်ရော်မိန်းမ၏မျက်နှာသည် သွေးအိုင်ထဲမှ စက္ကူဖြူတစ်ရွက်လို အသက်ဓာတ်ကင်းပြတ်သွားလေပြီ။

မျက်နှာမှာ အနီရောင်အမြှောက်လက္ခဏာ မားဒဏ်ရာနဲ့လူကြီး မိန်းမကို ခပ်တွေတွေတစ်ချက်ကြည့်ပြီး လေးကန်သော ခြေလှမ်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နောက်ကြောင်းပြန်လှည့်သွားတော့သည်။

ချစ်သူမြရွက်ညှာလည်း ဘယ်ရောက်လို့ ဘယ်ပေါက်သွားမှန်း မသိတော့ပါ။

အခုတော့လည်း ...

သာယာလှပသော ဆောင်းနံနက်ခင်းလေးသည် အနိဋ္ဌာရုံများဖြင့် ရဲပဒေါင်းခတ်သွားသည်။

လောက၏ ဖြစ်စဉ်ဆန်းများက စိတ်ကူးယဉ်အိပ်မက်များထက် ဆန်းနေ၏။

သူ ဒီမြင်ကွင်း၊ ဒီအဖြစ်အပျက်မျိုးကို တစ်ခါဖူးမျှ မတွေးတော ခဲ့ဖူးပါချေ။

မတွေးတောနိုင်အောင် ပွေလီသောအကျိုးတရားတို့၏အကြောင်း ခံအရင်းအမြစ်ကိုလည်းမသိချင်။

ရင်မှာ ပျို့တက်လာသည်။

ပျို့တက်လာသည်တို့ကလည်း သောကတစ်ဆုပ်၊ တစ်တွေးကြီး သာဖြစ်၏။ အလိုဆန္ဒတွေရဲ့ ရှုံ့ရှာဖွယ်တွေက အော့နှလုံးနာချင်စရာပါ။

စက်ဆုပ်ရွံရှာဖွယ်ကောင်းလေစွ။

စိတ်ကူးမယဉ်တတ်တဲ့ ဟော်ကောင်း တွေ့ကြုံနေရသော ဖြစ်စဉ် ဆန်းများသည် စိတ်ကူးယဉ်ခြင်းလော … အိပ်မက်လော … လက်တွေ့ လော ထိုသို့မှမဟုတ်လျှင် ဘာလဲ … ။

ဘာဆိုတာမှ မတွေးနိုင်အောင် တစ်ခေါင်းလုံးညက်ညက်ကြေ ထားထုထားသလို ကြေမွနေရပြီ။

ဝန်းကျင်တစ်ခုလုံးသည် ငှက်သံစိုးစိုးစိစိမျှမကျန်အောင် ကင်း ဆိတ်လျှက်ရှိ၏။





ခါးတန်းလန်းလှသောကောင် မိန်းမနဲ့ဟော်ကောင်းသာလျှင် စတော်ဘယ်ရိခင်းထဲမှာ ရှိုးဘော့အရုပ်ကြီးများလို တောင့်တောင့်ကြီးကျန် ရစ်၏။

ရှုခင်းသာယာက ပုံဆိုးပန်းဆိုးအသွင်သို့ ရုတ်ချည်းကူးပြောင်း သွားလေပြီတည်း။

သေသူမိန်းမရဲ့မျက်နှာကို သူခံစားချက်မဲ့မဲ့နဲ့ ငုံ့မိုးကြည့်မိသည်။

စောစောက လောဘ ဒေါသတွေက ထိုမိန်းမ၏ ဝိညာဉ်နဲ့အတူ ကောက်ကောက်ပါအောင်ပါသွားသည်မို့ အသက်မဲ့ရုပ်ကလပ်သည် ငြိမ်းချမ်းလက်စ ရှည်စွာငြိမ်းချမ်းနေပါ၏။

သူ့အငေးတွေ အသက်မဲ့မျက်နှာပေါ်မှာ စိုက်ချ၊ စိုက်ကျရင်းက အသိတစ်ခုဝင်လာသည်။

အသက်ခါတ်ကင်းမဲ့ခြင်းသည် ငြိမ်းချမ်းခြင်းလား။

အခု ရှင်သန်ဆဲဟော်ကောင်းမှာ သောက၊ ဗျာပါဒ၊ ပရိဒေဝ တွေနဲ့ ပူလောင်လွန်းလှ၏။

စောစောက ဒီမိန်းမ၏အသွင်က ခက်ထရော်ကြမ်းတမ်းလွန်း သည်။ ဘီလူးသရဲထက်ပင် ပူလောင်သော အပူတွေနဲ့။

ဟော ... အခု အေးငြိမ်းသွားလိုက်တာ

ဒါသည် လူဖြစ်စေ တစ္ဆေပြိတ္တာဖြစ်စေ အသူရကာယ်ဘုံသား ဖြစ်စေ သုံးဆယ့်တစ်ဘုံနေ ရုပ်နာမ်အစုအဖွဲ့တစ်ခုသာလျှင်တည်း။

သံသရာမှ ယခု ပစ္စုပ္ပန်အချိန်လေးအထိ ကိုယ်ပြုသမျှကံ၏ စီမံရာ ကို ခံနေရသည်ဟုသာ မှတ်ယူယုံကြည်မိသည်။

သူသည် မသေချာခြင်းထဲမှာ သေချာနေရသူသာ ဖြစ်၏။

ဟော်ကောင်း သူ့ကိုယ်သူ မယုံကြည်ချင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူသည် လူတစ်ယောက်ဆိုပေမယ့် လူတစ်ယောက်နဲ့ လုံးဝမတူတော့ပါ။

သူသည် ထိတ်လန့်ဖွယ်အဖြစ်ဆိုးများ၏ သယ်ဆောင်ရာလွင့်နေရသော ဝိညာဉ်အစအန အပဲ့အရွဲ့တစ်ခုဖြစ်လိမ့်မည်။

အိပ်မက်ဟုဆိုရအောင်လည်းပဲ အိပ်မက်သည် လက်တွေ့ထက် ပင်တိကျ၏။ ရှင်းလင်း၏။ ပြတ်သား၏။ မှုန်တိမှုန်ဝါးအဖြစ်အပျက်တွေမှ ကင်းလွတ်နေပါ၏။

အကုသိုလ်စေတသိတ်တို့ ခြေရာလက်ရာပင်မထင်ကျန်တော့သော အလောင်းကောင် (သရဲကောင်)ကတော့ အပြစ်ကင်းစင်စွာ လှုပနေသေးသည်။ ပီပီသသတွေ့နေရသည်။

ဖျတ်ခနဲ မျက်နှာလွှဲလိုက်၏။ ဆက်မကြည့်လိုတော့ပါ။

သို့သော် ကြောက်စိတ်ကား မပြေ။

ချစ်လျှင်လည်း ကြည့်မဝ၊ မုန်းလျှင်လည်း ကြည့်မိသည်။ ကြောက်လျှင်လည်း မကြည့်ဘဲမနေနိုင်သည့် စိတ်အလိုအတိုင်း သူ လူသေမိန်းမ၏မျက်နှာကို တစ်ပြန် ပြန်၍ကြည့်လိုက်၏။

စောစောကမှ အထိတ်တလန့် ပြူးကျယ်ပွင့်ဟနေသော မျက်လုံးများ မှိတ်ကျသွားသည်။

တော်ကောင်း ကိုယ့်ကိုယ်ကိုယ် မယုံကြည်စွာ ပြန်ကြည့်တော့ ထိုမှိတ်ကျသွားသော မျက်ခွံတွေ ပြန်ဖွင့်လာပြန်သည်။

တော်ကောင်း ရင်ထဲမှ ထိတ်လန့်စိတ်က ဝုန်းခနဲ နိုးကြွလာပြန်၏။ အထင်အမြင်မှားခြင်းဖြစ်နိုင်သည်။

သို့မို့ကြောင့် တော်ကောင်း မျက်တောင်တဖျတ်ဖျတ်ခတ်လျက် ကြည့်၏။





"ဟာ ..."

လူသေမိန်းမလည်း မျက်တောင် တဖျတ်ဖျတ်ခတ်နေသည်ပဲ ထင်သည်။ မြင်သည်။ ထင်သည်လား မြင်သည်လားတော့ အကြောက်လွန် တော်ကောင်း အတိအကျမသိ။

ဘာဖြစ်ဖြစ် ဒီအန္တရာယ်စက်ကွင်းလွတ်ရာကိုသာ ပြေးချင်တော့သည်။

တော်ကောင်း ကြောက်လန့်စွာ လူသေမိန်းမအပေါ် ခုန်ကျော်ကာ ပြေး၏။

သို့သော် ကံဆိုးမှုကြောင့် လူသေမိန်းမ၏လက်ပေါ်ကိုမှ သွားတည့်နင်းမိသည်။ သူ့ရှိန်းလို့မရအောင် အကြောအချဉ်တွေ လန့်ဖျတ်သွားသော လူသေကောင်၏လက်က သူ့ခြေကျင်းဝတ်၌ ...

"လွှတ် ...

လွှတ်ပါ ... ငါ့ကို

ငါ့ကို ... လွှတ်ပါ ...

လွှတ် ..."

ပါးစပ်မှလည်း အဆက်မပြတ်အော်သည်။

လက်မှလည်း လူသေကောင်မိန်းမ၏လက်ကြီးကို ဆွဲခွာ၏။ ... သည်။

သို့သော် ...

မပြုတ်ရုံ၊ မလွှတ်ရုံသာမက ပို၍ပင် မြဲမိုင်လာ၏။

ရှန်းလေလေ မြဲလေလေ ...

တော်ကောင်း ခြေကျင်းဝတ်တစ်ခုလုံး ကိုက်ခဲနာကျင်လာသည် ... မြဲမြံနိုင်လွန်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

သူ့အော်၏။ သွေးပျက်ချောက်ချားစွာအော်၏။

သို့သော် သူ့အသံတွေကား မထွက်။ လည်ချောင်းဝမှာတင် တစ်ဆို့ပျောက်ရှသွားတော့သည်။

တော်ကောင်း ခြေကျင်းဝတ်သည် သံမဏိကြိုးဖြင့် အစည်း အနှောင်ခံရသကဲ့သို့ပင် မခံမရပ်နိုင်အောင် နာကျင်လွန်းပေစွ။

"အား ..."

ဒီတစ်ကြိမ်တော့ တော်ကောင်းအော်သံနက်ကြီးသည် ကားဘီး ပေါက်သလို မြည်ဟည်းသွား၏။

နံနက်ခင်းလေးတစ်ခုလုံး သူ့အော်သံကြောင့် ညစ်ထေးပေကျံ သွားလေပြီ။

အသေအချာ ပြန်လည်ငုံ့ကြည့်၏။

"ဟင်း ..."

ခနဲ သက်ပြင်းချလိုက်သည်။

သူ့စိတ်အထင်သည် လက်တွေ့မဟုတ်ပါ။

သူ့ခြေထောက် ခြေကျင်းဝတ်ကို လူသေကောင်၏လက်က ဆုပ်ကိုင်ထားသည်မဟုတ်ပါ။ နွမြစိုင်ခဲနှစ်ခုအကြားရှိ ပတ်ကြားအက် မြေကြီးထဲ သူ့ခြေထောက်နစ်ဝင်နေခြင်းသာ ဖြစ်၏။ သူ့အသားအနာခံပြီး ဆောင့်ရုန်းပြေးထွက်ခဲ့ပါတော့သည်။



## အခန်း(၆)

သည်းအူပြတ်မျှ နာကျင်မှုကား ခန္ဓာကိုယ်အနှံ့ တစ်ရံတစ်ဆစ် လယ် ဆတ်ဆတ်ခါတုန်ယင်နေသည်။

ခြေကျင်းဝတ်အော်ပိုင်း မရှိတော့သော တုံးတိတိခြေသလုံးသည် အိမ်မြှောင်အမြီးပြတ်လို ဆွေ့ဆွေ့ခုန်ရမ်းခါလျှက်ရှိသည်။

သူ့မျက်ဝန်းအစုံ၌ ကြောက်ဖောချွေးသီးချွေးပေါက်များ၊ ထိခတ် ဆိတ်လန့်မျက်ရည်ဥများ အိုင်ထွန်းယိုစီးလာ၏။

မျက်တောင်နှစ်ဖက်ပိတ်ချပြီး ဖိညှစ်အော်လိုက်၏။

"အား ..."

ချွေးစီးကြောင်း၊ မျက်ရည်စီးကြောင်းတွေထဲမှာ နာကျင်မှုတွေ ပျောပါသွား၏။

မျက်လုံးဖွင့်ကြည့်မိသည်တွင် ...

"ဟင် ... မရှိတော့ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



သူ မြောက်ခနဲ ဝမ်းသာသွားသည်။

သူသိပ်ကြောက်သော သရဲမ မရှိတော့ပါ။ အရိုးစုလက်ချောင်းကြီး၊ အရိုးစုဦးခေါင်းကြီးနဲ့ အရိုးစုသရဲမ မရှိတော့ပါ။

ထို့အပြင် သူ့ခြေထောက်သည်လည်း မပြတ်သေးပေ၊ အကောင်းပကတိအတိုင်းရှိနေသေးသည်။ မိမွေးတိုင်း၊ ဖမွေးတိုင်း၊ အင်္ဂါအစုံအလင် ရှိနေပါသေးသည်။

တော်သေး၏။ တော်ပါသေးရဲ့။

သို့ပေမယ့် ... သူ့ခြေထောက်ခြေကျင်းဝတ်နေရာမှာတော့ ရှုးရှုးရှုရှုနာကျင်နေသေးသည်။

ဟုတ်သည်။ သရဲမ မရှိတော့ပေမဲ့ လိပ်ကြီးလား၊ လိပ်ငယ်လား မသိ။ ကြီးတော့ကြီးသည်။ လိပ်ကြီးတစ်ကောင်သည် သူ့ခြေကျင်းဝတ်ကို ပါးစပ်နဲ့ငုံခဲထားသည်။

"လွှတ်ပါ လိပ်ကြီးရယ် ... လွှတ်ပါ၊ အရမ်းနာလို့ပါခင်ဗျား ကျွန်တော် တောင်းပန်ပါတယ်"

လိပ်ကြီးက မလှုပ်။ ကိုက်မြဲတိုင်းကိုက်နေ၏။ ဒါ လိပ်ကြီးမဟုတ် လို့ထင်သည်။

"ဦးလိပ်ငယ် ... လွှတ်ပါဗျာ ... နော်၊ အရမ်းနာလို့ မကိုက်ပါနဲ့ဗျာ ... "

လိပ်ငယ်က မလှုပ်။ ကိုက်မြဲတိုင်းကိုက်နေ၏။ ဒါ လိပ်ငယ် မဟုတ်လို့ပဲလား ... ဒါဆိုရင် ... ဘာလဲ ...

လိပ်တော့လိပ် လူလိပ်မဟုတ်ဘူးဆိုလျှင် လူမဟုတ်တဲ့လိပ်လား။ လူလိပ်က လူစကားပြောသည်။ ဒီလိပ်ကစကားမ





လူလိပ်က လိပ်နဲ့တူပေမယ့် ... လူတစ်ယောက်၏ ခန္ဓာကိုယ်ခွဲစည်းပုံအတိုင်းဖြစ်သည်။

ဒီလိပ်က လူတူလိပ်နဲ့တူသည်သာဆို၏။ လူတူလိပ်လို လူတစ်ယောက်၏အင်္ဂါရုပ်တွေ မတွေ့ရပါ။

ကျောကုန်းခွံမာမာခုံးခုံးကြီးသည် လူလိပ်တို့၏ ခါးကုန်းဘုလုံးကြီးမဟုတ်ပါ။ မှောက်ချထားသော ဒယ်အိုးကြီးလို့ ထုထူထူလိပ်ခွံကြီးသာ ဖြစ်သည်။

တိုတိုတုတ်တုတ် ခြေနှစ်ဖက်သည်လည်းကောင်း၊ လက်နှစ်ဖက်သည် ၎င်း၊ ခြေတိုလက်တို လူလိပ်ညီနောင်၏ ခြေလက်တိုကိုတွေထက်ပို၍ ထွန်စွာတိုလွန်းလှသည်။

မျက်တောင်မပါသော ဖုဖုလိပ်လိပ်မျက်လုံးအစုံသည်လည်း လူ စိတ်ကင်းမဲ့နေသလို အရွက်မပါသည့်နားတွေကလည်း ဘာကိုပဲပြောပြော နားဝင်ပုံမရပါ။ ဆောက်သွားလို ချွန်ချွန်ရှရှသွားတွေက အရိုးဖြတ်မည့် (Machine Saw) များလို တိုက်စားမှုအားကောင်းပြီး (Machine Drill) ထွင်းပူကြီးများလို လှိုက်စားမှုကြီးလှပေသည်။

အား

အီး

အာ

အီး ...

အသည်းနိုက်မျှ နာကျင်မှုကြောင့် အော်ဟစ်ညည်းတွားသံတွေ ... သူ့ခြေထောက်ကို ကိုက်ခဲထားသော လိပ်ကြီးတစ်ကောင်၏ ဦးခေါင်း ... တသော ခြေတစ်ဖက်နဲ့ ဆောင့်ကန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ...

"ဒုတ်

ဒုတ်

ဒုတ်"

"အား ... "

သူ့ခြေကန်ချက်တွေက ကျောကုန်းခွံထဲ ငုံ့ရှောင်လိုက်သောလိပ်ကြီး၏ ဦးခေါင်းကိုမထိမိပါဘဲ _ သစ်ခေါက်လို မာခေါက်ခေါက် လိပ်ခွံကြီးကိုသာ ကန်နေမိ၏။

သို့တိုင်အောင် ...

သူ့ခြေထောက်ကို ကိုက်ခဲထားသော ပါးစပ်ထဲမှတော့ လွှတ်ဖြေမပေးဘဲ ကိုက်ထားသည်။ သူ့ခြေထောက်သည် လိပ်ခွံအောက်သို့ လိပ်ခေါင်းနဲ့အတူ ဝင်ရောက်ပျောက်ကွယ်သွားသည်။

နာကျင်မှုကပို၍ နာကျင်လာရာမှ အဆုံးစွန်ထိ နာကျင်ကိုက်ခဲလွန်းလှသည်။

လိပ်ကြီးက သူ့ထက် နှစ်ဆ၊ သုံးဆလောက် သန်မာ၏။

ဘာပဲပြောပြော လိပ်ဆိုသည်မှာ ဘယ်လောက်ပင်ကြီးကြီး၊ ဘယ်လောက်ပဲသန်သန် ပက်လက်လှန်ထားလျှင်တော့ _ ဘာမှလုပ်နိုင်တော့မည်မဟုတ်ပေ။

လိပ်ကျောကုန်းခွံသည် လိပ်တစ်ကောင်၏ အသက်အန္တရာယ်ကို ကာကွယ်ပေးသည့်အရာလည်းဖြစ်သလို လိပ်တစ်ကောင်၏ အသက်ကို နှုတ်ယူခံရအောင် အထောက်အပံ့တစ်ခုလည်းဖြစ်၏။

အခုလည်းကြည့်လေ  အန္တရာယ်မှပြေးထွက်လွတ်မြောက်စေ





သည့် လူ့ခြေထောက်သည် အသက်ကိုရန်ရှာသူ ရန်သူ၏နိုင်ကွက်တစ်ကွက်ဖြစ်နေသည်။ သူ့ခြေထောက်ကို ပစ်ထားခဲ့ပြီး အသက်လုပြေးလို့မရသလို၊

လိပ်ကြီးသည်လည်း လိပ်ကျောကုန်းခွံကိုပစ်ချထား၍ မရနိုင်သည်ကိုတွေးမိသည်နှင့်။

တော်ကောင်း နာကျင်မှုတွေကို ခေတ္တအောင့်အည်းသည်းခံကာ လိပ်ကျောကုန်းခွံမာမာကြီးကို ဆွဲလှန်ချလိုက်ပါတော့သည်။

ထိုမျှသာမက ... သူ့ထက်သန်မာသောလိပ်ကြီး၏ ဒေါသကို ထွပေးလိုက်သလိုဖြစ်ကာ သူ့ခြေထောက်ကို ကိုက်ခဲမှုက ပိုမိုစူးရှလာသည်။

ပြီးတော့ ...

"အား ... "

သူ့ခြေထောက်ကိုကိုက်ချီကာ သူ့ခန္ဓာကိုယ်ကို ဒရွတ်တိုက်ဆွဲသွားပါတော့သည်။

ခြေကားရာ လက်ကားရားနဲ့ တော်ကောင်း လင်းတအဆွဲခံရသော ခွေးသေကောင်ပုပ်လို လိပ်ကြီးဆွဲခေါ်ရာသို့ ကသောင်းကနင်းနဲ့ ပါရွေ့ရွေ့ပါသွားပါသည်။

မွန်းတည့်နေဝင်းဝင်းတောက် အလင်းရောင်က မျက်နှာပေါ်စူးရဲစွာ ထိုးကျနေ၏။

မြေအပြင် ပူပူသည် တံလျှပ်ငွေ့တံလျှပ်ရိုင်တွေ တရိုန်ရိုန်၊ အလျှံ မီးတောက်လျှက်ရှိသည်။

နေရောင်က အသားလောင်မတက်။ ခရမ်းလွန်ရောင်ခြည်ပိုမိုပါဝင်မှုများဖြင့် ပူပြင်းလွန်းလှသလို၊ မြေအပြင်သည် ကျောက်ခဲအောင်ပူ တောက်ပူကျက်လှိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပါးစပ်ထဲမှ သူ့ခြေထောက်ကတော့ သွေးချင်းချင်းနီနီများနဲ့ မြင်မကောင်းရှုမကောင်းတော့ပါ။

နာကျင်မှု၊ ပူလောင်မှု၊ အားငယ်မှု၊ အလိုမကျမှု၊ မချင့်မရဲဖြစ်မှု၊ ကြောက်ရွံ့မှုတို့ပေါင်းစုလျက် သူသည် ငရဲတွင်းဝသက်ဆင်းရမည့်ငရဲသားလို ဒုက္ခအစုအဝေးထဲမှ စွန့်ပစ်သားကောင်လို လောကငရဲခံစားနေရသည်။

ကောင်းကင်ပြာသည် နေရောင်စူးစူးကြောင့် အပြာရောင်ပျော့ကာ အဖြူဘက်လှလျက်ရှိသည်။

တိမ်ဖြူဖြူတို့သည်ပင် နေအပူကိုမကာကွယ်နိုင်တော့ပါ။ ထုတ်ချင်းဖောက် မှန်သားပြင်များလို နေရောင်လက်လက်များ၏ ထုတ်ချင်းဖောက် အထိုးအဖောက်ခံဖြစ်နေရသည်။

နံနက်ခင်းတုန်းက နှင်းရည်စိုလူး သစ်ရွက်များလည်း နေရောင်ကိုလက်မခံတော့ပေ။ လုံလောက်သော နေခြည်ကို (Photosynthesis) အစာချက်လုပ်ဖို့ ပြည့်စုံနေပြီမို့ ပိုပိုလျှံလျှံအန်ထုတ်လျက်ရှိ၏။

သူ့ခန္ဓာကိုယ်သည်သာ လက်မခံလို့လည်း မရနိုင်စွာ နေပူရဲရဲကိုအသားတွေ အက်ကွဲမတတ်ခံယူနေရသည်။ သေလုမျောပါးအပူများ ခါးစည်းခံလိုက်၏။

မြေပြင်မှ လေးဆယ့်ငါးဒီဂရီယွန်းယွန်းတွင်မှ ရောဘဝဲစံအိမ်၏ ရောဘဝဲလက်တံနှစ်ခုနဲ့တူသော ဆင်ခြေလျှောလှေကားနှစ်စင်း၏ထိပ်၌ လူတစ်ယောက်ကို တွေ့ရသည်။

သူ့အတွက် ကူကယ်ရာအဖြစ် တော်ကောင်းအားတက် ဝမ်းမြောက်မိသော်လည်း ထိုခံစားချက်က ရုတ်ချည်းပြိုပျက်သွား၏။

သူတွေ့လိုက်ရသောလူသည် လူဟုတ်လိမ့်မည်မထင်။





မျက်နှာထက်မှာ အမြောက်လက္ခဏာသဏ္ဌာန်အမာရွတ်[illegible] ကြီးနဲ့ လူကြီးသည် လူတစ်ယောက် တစ္ဆေတစ်ကောင်ဖြစ်ဖို့များသည်။

သူ့ကိုကြည့်နေသည့်အကြည့်များထဲမှာ ဥပေက္ခာတရားတွေသာ ပါ၏။

ကြွက်တစ်ကောင်ကို အသေမသတ်ဘဲ ဆော့ကစားနေသည့် ကြောင်တစ်ကောင်၏မြင်ကွင်းကိုကြည့်သည့် ခံစားမှုထက်မပိုပါ။

လိပ်ကြီးပါးစပ်ထဲမှ သူ့အသက်ကို ကယ်ဆယ်ဖို့နေနေသာသာ [illegible]တ်လေသည့်ငါးပိ ရှိသည်ပင် ထင်ဟန်မတူ။

သို့တည်းမဟုတ်။ လိပ်ကြီးနှင့်သူ့ကို မမြင်သော ကြည့်ခြင်းနဲ့ [illegible]ကြည့်နေခြင်းလည်းဖြစ်နိုင်၏။ ထို့အပြင် မျက်စိစုံလုံးကန်းနေသူ၏ အကြည့်(ဖာသိဖာသာအကြည့်)များလည်း ဖြစ်နိုင်သည်။

အံ့ဩဟန်၊ တုန်လှုပ်ဟန်၊ သနားဟန်၊ မတွေ့ရသလို ကြည့်နူး[illegible]န်၊ ကျေနပ်ဟန်၊ ဝမ်းမြောက်ဟန်လည်းမတွေ့ရပေ။

မျက်ဝန်းတော့မျက်ဝန်း။ သို့သော် ... ခံစားချက်အသေများနဲ့ [illegible]ဝန်းတွေဖြစ်၏။ အကြင်နာမဲ့လွန်းသော ထိုမျက်ဝန်းတွေကိုကြည့်ရမှာ [illegible]ဂလီဆန်လှသည်။

သူဆက်ကြည့်ချင်လို့လည်း ကြည့်ခွင့်မရတော့ပါ။

မျက်နှာမှာ အမြောက်လက္ခဏာအမာရွတ်နဲ့ လူကြီးကိုသာမက [illegible]၊ သစ်ရွက်စိမ်းစိမ်း၊ နေရောင်ဝင်းဝင်း ဘာဆိုဘာကိုမှ သူကြည့်[illegible]ရတော့ပါ။

''ဗွမ်း ...''

အောခနဲ အသံနဲ့အတူ သူ့ရေကန်ထဲပြုတ်ကျသွားသည်။ ရေဘွေ



www.burmeseclassic.com

www.burmeseclassic.com



က နွတ်ခေါင်းပေါက်၊ ပါးစပ်ပေါက်ထဲသို့ လုံးခနဲဆောင့်ဝင်လာသည်။

ခေါင်းထဲမှာ မီးရှူးမီးပန်းတွေလက်လက်ထ လင်းသွား၏။

သူခြေကလန်၊ လက်ကလန်နဲ့ ကူးခတ်လိုက်၏။

သူကသန်းကရမ်းရုန်းကန်၍ထင်သည်။ သူခြေထောက်ကို ကိုက်ခဲ ထားသော လိပ်ကြီး၏ အန္တရာယ်မှ လွတ်ထွက်လာရသည်။

ဖလူး ...

လူး ... လူး ...

အဟွတ် ...

အွတ် ... အွတ် ...

သူ ... မသေပါဘူး ... ရေကူးတက်သေး၍ တော်သေး၏ သေမင်းတမန် မိစ္ဆာလိပ်ကြီးကိုလည်း မတွေ့ရတော့ပါ။ ရေကန်ထဲမှ လိပ်တစ်ကောင်ကိုတွေ့အောင်ရှာဖို့က မဖြစ်နိုင်။ ဒဏ္ဍာရီထဲမှာတော့ မဖြစ်နိုင်ပါ။

ဖွမ်း ...

ဖွမ်း ...

ဖွမ်း ...

ဖွမ်း ...

လောလောဆယ်အရေးအကြီးဆုံးက (SAFE MYSELF FIRST) ကိုယ့်အသက်ကို ကယ်ဆယ်ရေးသည်သာ အဓိကဖြစ်၏။

တော်ကောင်း ကျွမ်းကျွမ်းကျင်ကျင်ပဲ ရေကန်အစပ်သို့ ကူးခတ် သွားလိုက်သည်။

တက္ကသိုလ်မှာ အားတိုင်းရေကူးနေကျ နိစ္စဓူဝအလေ့အထကြော





က သူ့အသက်ကို ကယ်လိုက်နိုင်သည်။

ရေကန်အစပ်ရှိ မြက်ဖုတ်တစ်ဖုတ်ကိုဆွဲလျှက် သူရေကန်ဘောင် ပေါ်တက်ရန် ကြိုးစားလိုက်၏။

သို့သော် သူဆွဲလိုက်သော မြက်အဖုတ်လေးက ဝုန်းခနဲ ကျွတ်ထွက် လာသည်။

သူ အထိတ်တလန့်နဲ့ ထိုမြက်အဖုတ်လေးကို ကြည့်နေမိသည်။

ကိုယ့်ကိုယ်ကိုယ် ကာကွယ်သည့် (Instant) အလိုအလျှောက်အသိ ဖြင့် အန္တရာယ်မကင်းသော မြက်အဖုတ်လေးနဲ့လွတ်ရာသို့ ရှောင်တိမ်း လွှတ်လိုက်၏။

ဖလူးလူး ...

ဖူး ...

ဖွမ်း

ဖွမ်း ...

သူ မြက်အဖုတ်လေးဟုထင်ထားသည်က မြက်မဟုတ်ပါ။ လူ ခေါင်းခွံဆံပင်ယောက်သံဖြစ်နေသည်။

ထိုလူကို သူထုလို့ကယ်ဆယ်လိုပေမယ့် ကယ်ရမှာကိုပင်ကြောက် သည်။ ဆယ်ရမှာကိုပင် ကြောက်ပါသည်။

တော်ကောင်း အရာရာကို သွေးလန့်ကြောက်ရွံ့မိတော့သည်။ ပြူပြားလွန်းသော ပုံရိပ်အမှားတွေကြားမှာ သူသတိမပြုလျှင် ပြီးမည်မဟုတ်။

ဘယ်အရာသည် လူသားနည်း။

ဘယ်အရာသည် တိရစ္ဆာန်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရာသည် လူတိရစ္ဆာန်နည်း။

ဘယ်အရာသည် တိရစ္ဆာန်လူနည်း။

ဘယ်အရာသည် တစ္ဆေကောင်နည်း။

ဘယ်အရာသည် တိရစ္ဆာန် တစ္ဆေကောင်နည်း။

ဘယ်အရာသည် တစ္ဆေတိရစ္ဆာန်နည်း။

ဘယ်အရာသည် လူတစ္ဆေနည်း။

ဘယ်အရာသည် တစ္ဆေလူသားနည်း။

မသိနိုင်သည့် မသေချာခြင်းထဲမှာ သူကိုယ်တိုင်၏ ရပ်တည်မှု ကိုယ်နှိုက်ကိုယ်က ကောက်ကြောင်းမပီတဲ့ ဖြစ်တည်မှုသာဖြစ်တော့သည်။

အရေးအကြီးဆုံးက အခုချိန်သည် ရေကန်ဘောင်ပေါ် အမြန် ဆုံးရောက်နေရန်သာတည်း။

အားသွန်ခွန်စိုက် ကူးခတ်လိုက်ပြီး၊ အလျင်အမြန်ပင် ရေကန် ဘောင်ပေါ် တွားတက်လိုက်သည်။

သူ ... ရေဘဝဲစံအိမ်ကြီးဆီပြေးသွားရန် ကြံရွယ်မိ၏။

စိတ်ထဲမှာလည်း ... လူသားချင်းစာနာစိတ်က ခေါင်းထောင်ထ လာသည်မို့ ... ရေနစ်နေသော လူထံလည်း ပြန်ကြည့်လိုက်ရာ ...

"မြရွက်ညွှာ ... "

သူ့ဦးခေါင်းကြီးနှစ်ဆလောက်ကြီးထွားလာသည်။

ရေနစ်နေသူသည် ချစ်သူမြရွက်ညွှာဆိုသော အသိနဲ့သူ့ရင်‌ အဆမတန် ပူပြင်းလောင်မြိုက်သွားသည်။

သူ ရေကန်ထဲခုန်ဆင်းရန် ဟန်အပြင် ...

"ဝုန်း ... "





ရောမလိပ်ကြီး လေထဲပျံဝဲလျက် ရေထဲသို့ ခုန်ဆင်းချလိုက်သည်။

ပြီးတော့ ... မြရွက်ညွှာရှိရာဆီသို့ ကူးခတ်သွားပြီး ရေထဲသို့ စွက်ခနဲ ငုံ့လျှိုးသွား၏။

ခဏအကြာမှာတော့ ...

မြရွက်ညွှာ၏ ခန္ဓာကိုယ်လေး အရုပ်လေးတစ်ရုပ်လို မြောက်တက် လာသည်။

ရေကန်အစပ်မှာထိုင်နေသော သူ့ထံသို့ မြရွက်ညွှာလေးသည် အရုပ်ကြီးပြတ်လွင့်စဉ်ပြုတ်ကျလာသောအခါ သူနှင့်မြရွက်ညွှာ ဝရုန်းသုန်း ကား လဲပြိုသွားကြလေသည်။

ဝုန်း ...

ဖြုန်း ...

ဖြုန်း ...

ဝုန်း ...

ရေကန်ထဲမှာတော့ ငရဲခန်းပွက်ပွက်ညံနေ၏။

ရောမ ငါးမန်းကြီးနှစ်ကောင် တိုက်ပွဲဖြစ်နေသလို ဝုန်းဒိုင်းကြဲ သည်။

လိပ်ကြီးတစ်ကောင်နဲ့တူသော လူကြီးတစ်ယောက် ရေမျက်နှာ ပေါ်သို့ ခေါင်းထောင်ပေါ်လာလိုက် ... ဆံပင်ရှည်တွေ ဖိုသီဖတ်သီနဲ့ တစ်ယောက်က ပေါ်လာလိုက် ... တစ်ယောက်နဲ့တစ်ယောက် က်လုတိုက်ပွဲဝင်လျက်ရှိသည်။

"မိန်းမယုတ် ... ကျွန်မကို ... ရေ ... ရေနှစ်သတ်တယ်"

"ဘယ်သူလဲ ... မင်းကိုရေနှစ်တဲ့မိန်းမက ဘယ်သူလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူရှိရမှာလဲ … ဟိုမိန်းမ မိန်းမယုတ်ချိုလွင်ပေါ့ … သူ့ကို ကျွန်မသိပ်မုန်းမုန်းသိလို့ … ကျွန်မကို အသေသတ်တာ၊ ဒီမိန်းမ မှာ အကြံဆိုးကြီးနဲ့ … ကျွန်မတို့ မိသားစုထဲရောက်လာတာ ကျွန်မ သိပ် မုန်းတယ် … အရမ်းလည်းကြောက်တာပဲ … အီး … ကျွန်မ ဒီမိန်းမ နဲ့အတူမနေရဲဘူး … အီး … ဟီး … အီး … "

ပြောရင်းက ကောင်မလေးထိတ်ထိတ်ပျာပျာနဲ့တုန်ယင်ကာ တကယ်ပင်ကြောက်ရွံ့လာပုံရသည်။

တော်ကောင်းရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ရှိုက်ကြီးတငင်ငိုချလိုက် တော့သည်။

"တိတ်ပါ ကလေးရယ် … တိတ်ပါကွယ် … မင်းမသေတော့ ပါဘူးနော် … မင်းကို မတရားလုပ်လို့မရပါဘူးကွာ … တိတ်တော့ နော်"

"ဟင့်အင်း … အသေသတ်တာ အသေရေနစ်သတ်နေတာ ကျွန်မ ရေကူးမကျွမ်းကျင်တာသူသိတယ် … အဲဒါကြောင့် ရေနစ်သတ်တာ တော်သေးတာပေါ့ … ဦးဦးလိပ်ကြီး အချိန်မီလာကယ်လို့ မဟုတ်ရင် ကျွန်မ သေပြီ … ယုတ်မာလိုက်တာ … ကျွန်မတို့မိသားစုကို သူ့ဒု ပေးဖို့ သက်သက်ရောက်လာခဲ့တာ … "

"မင်းကို ကယ်လိုက်တာ ဘယ်သူလဲ … "

"ဦးဦးလိပ်ကြီးပါ၊ ဒီမိန်းမ ဦးဦးလိပ်ကြီးကိုတော့ ရေနစ်သတ် မရဘူး … ဦးဦးလိပ်ကြီးက တကယ့်လိပ်လိုပဲ … ရေသိပ်ကျွမ်းကျင်တ ဖေဖေကပြောဖူးတယ် … ဦးဦးလိပ်ကြီးနဲ့ ဦးဦးလိပ်ငယ်တို့က ဘိတ်ကျွ ဘက်က ဆလုံလူမျိုးတွေတဲ့ … မွေးကတည်းက ပင်လယ်ထဲမှာ ကျင်လ

ခဲ့တာတဲ့ … ပုလဲငုတ်တယ်၊ ငါးဖမ်းစက်လှေလိုက်တယ် … ဖေဖေနဲ့ တွေ့မှ ဖေဖေ့နောက်ကို လိုက်ခဲ့တာ … ဖေဖေ့အပေါ်ရော ကျွန်မတို့ မိသားစုတစ်စုလုံးအပေါ်မှာပါ အရမ်းသစ္စာရှိကြတယ် … ဒီမိန်းမ သေပါ စေတော် … သူများတကာကို ဒုက္ခပေးချင်တဲ့မိန်းမ မြန်မြန်သေမှအေး မယ်"

ထိတ်လန့်ဝမ်းနည်းရာမှ ဒေါသဖြစ်လာသော ကောင်မလေးသည် သူ့ရင်ခွင်ထဲမှာ ခေါင်းတိုးဆင်းရာမှ ခေါင်းထောင်လာ၏။ ပြီးတော့ ရေကန် ဆီသို့ကြည့်ကာ …

"ဟာ … ဦးဦးလိပ်ကြီးမရှိတော့ဘူး … ဟိုမိန်းမ ရေထဲကတက် လာပြီ … ဟုတ်တယ် ဒီမိန်းမကလည်း ရေကူးချန်ပီယံ ဒါဆို၊ ဒါဆို ဦးဦးလိပ်ကြီး ရေနစ်ပြီးသေပြီထင်တယ် … ကြည့်စမ်းပါဦး … မခိုးမခန့် ကြည့်နေလိုက်တာ သိပ်မုန်းတာပဲ … "

သာလိကာလေးလို တွတ်တီးတွတ်တာပြောနေသော ကောင်မ ကို သူဘယ်လိုနားလည်လို့ နားလည်ရမှန်းမသိတော့ပါ။

"စိတ်ထိန်းပါ ကလေးရယ် … မင်းဘာတွေမြင်ပြီး ဘာတွေ ပြောနေတာလဲ … ကိုယ် ဘာမှ မမြင်ပါလားကွာ … "

တကယ်လည်း သူမမြင်ပါ။

စောစောက တမြန်းမြန်း၊ တဝုန်းဝုန်း ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ ချောင်သည် အခုတော့လည်း ဘာမှမဖြစ်ခဲ့သလို ပကတိတိတ်ဆိတ် ငြိမ်လို့နေ၏။

အနီးအပါးမှာ ဘယ်သူမှမရှိပါ။

ရေဝဘဲစ်အိမ်၏ လှေကားထိပ်မှာသာ အမြှောက်လ







www.burmeseclassic.com

www.burmeseclassic.com



ရွတ်နဲ့ လူကြီးရပ်နေတာတွေ့ရသည်။

ရေကန်အနီးမှာတော့ သူနှင့်ကောင်မလေးသာရှိသည်။

တစ်လောကလုံး သက်ရှိဆိုလို့ သူတို့နှစ်ယောက်တည်းသာရှိသလို တိတ်ဆိတ်ခြင်းက ကြီးစိုးလျှက်ရှိ၏။

လောကသည် ဖြစ်စဉ်များ မတည်ငြိမ်လှုပ်နေရွေ့နေသော အနန္တ အာကာသကြီးထဲရောက်ရှိနေသလို ထူးထွေဆန်းပြားလှသည်။

စောစောလေးက အခြေအနေတွေနဲ့ လက်ရှိအခြေအနေသည် ကွာချင်တိုင်း ကွာခြားသွားပြီ။

"လာနေပြီ ... ဟိုမိန်းမလာနေပြီ ... ကြောက်တယ်၊ ကျွန်မ ကြောက်တယ် ကျွန်မကို ဖက်ထားပါ"

ကောင်မလေးက ပေါက်ခါစ မြွေပေါက်လေးလို တွန့်တွန့်လူး တွန့်လိမ်ကာ သူ့ရင်ခွင်ထဲအတင်းတိုးဝင်၏။

"မဟုတ်ပါဘူး ကလေးရယ် ... ဘယ်သူမှမရှိပါဘူး ... မင်း အကြောက်လွန်နေတာပါ"

"မဟုတ်ဘူး ... သူလာနေပြီ ... မိန်းမယုတ်လာနေပြီ ... မိစ္ဆာမကြီးလာနေပြီ ... ကြောက်တယ် ... "

သူ စိုးရိမ်သွားသည်။

ချစ်သူ စိတ်ဖောက်ပြန်သွားပြီလား။

သို့မဟုတ် သူကိုယ်တိုင် ရူးသွပ်သွားတာလား။

တစ်ယောက်ယောက်တော့ လွဲမှားနေပြီ။

ကောင်မလေးမြင်တဲ့ မိန်းမကို သူမမြင်ပါ။

အခြေအနေကပဲ သူနဲ့ကောင်မလေးကို စနစ်တကျလွဲချော်စေ





တာပဲလားတော့ မပြောတတ်ပေ။

ကောင်မလေးကတော့ ကြောက်ရွာလွန်း၍ဖြစ်မည်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေရှာသည်မှာ နတ်ဝင်သည်နှင့်မခြားနားတော့ပါ။

သူ ... ကောင်မလေးအတွက်တော့ အားကိုးပြုစရာလူသား အဖြစ်ရှိနေချင်သည်။

ကောင်မလေးစိတ်ဖောက်ပြန်၍ပဲဖြစ်ဖြစ် အကြောင်းလွန်ရှာ၍ပဲ ဖြစ်ဖြစ် ကောင်မလေး၏ စိတ်နှလုံး၊ ကိုယ်ခန္ဓာနှစ်ခုစလုံးအတွက် အားကိုး ခိုတည်ရာဖြစ်ချင်၏။

"ဘာမှမကြောက်ပါနဲ့ကလေးရယ်၊ ကလေးမြင်တဲ့အမြင်ဟာ ကြောက်စရာဖြစ်ဦးတော့ မကြောက်နဲ့တော့ကွယ် ... ကိုယ့်ရင်ခွင်ဟာ အရာရာကိုလုံခြုံစေတယ်လို့ ယုံကြည်လိုက်ပါ၊ မင်းဘဝမင်းစိတ်၊ မင်းကိုယ် အားလုံးအတွက် စိတ်အချရဆုံး နားခိုမှေးစက်ရာ ရပ်ဝန်းအဖြစ် ယုံကြည် လိုက်ပါ၊ ကိုယ့်ရင်ခွင်ဟာ မင်းရဲ့အန္တရာယ်အားလုံးကို ခုတ်ထွင်ရှင်းလင်း ပေးမယ့် ဓားကောင်းတစ်လက်ဖြစ်တယ်၊ ဆူးညှောင့်ခလုတ်ကန်သင်းတွေ ကိုဖျောက်ညီညာစေမယ့် ယန္တရားစက်တစ်လုံးဖြစ်တယ် ... ဘဝအပူတွေ သောကဗျာပါဒတွေအားလုံး ငြိမ်းသတ်ပေးမယ့် ရေစင်ရေစက်တွေဖြစ်ပါ တယ်၊ တိတ်ပါကလေး ... တိတ်လိုက်ပါ၊ မင်းအငိုတွေဟာ ကိုယ့်နှလုံး သားကို ထုတ်ချင်းခတ်မြားတစင်းဖြစ်နေလို့ တိတ်ပါတော့ ... ချစ်သူ ရယ် ကိုယ်မင်းကို သိပ်ချစ်တယ် ... နော် ကလေး၊ လူ့ဘဝရဲ့ခဏတာ ဆိုတာ တကယ့်ကို အခိုက်အတန့်လေးပါကွာ၊ ခဏတာလေးတွေ မှာ ... အပူတွေဆက်နေခြင်းဟာ ဘဝပဲ၊ ဘဝတွေပေါင်းစုခြင်းဟာ သံသရာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ သံသရာအရှည်ကြီးထဲက ဘဝအစုစု၊ အပြတ်ပြတ် အပိုင်းအပိုင်းလေးတွေအားလုံး သာယာလှပဖို့ ခဏတာတိုင်းမှ စိတ်ပျော်ရွှင်ခြင်း ကျေနပ်ခြင်းတွေသာ မွေးမြူကြပါစို့ကလေးရယ် ... အမုန်းမည်းမည်းတွေ၊ သောကပုပ်ပုပ်တွေ၊ အကြောက်ပိန်းပိန်းတွေနဲ့ ဘဝမဆက်ပါနဲ့ကွာ၊ အေးချမ်းခြင်း၊ သာယာခြင်း၊ မေတ္တာရှေ့ထားခြင်းနဲ့လည်း ဒီဘဝတွေလှပအောင် အလှဆင်ကြမယ်လေ၊ မကြောက်နဲ့ ... အကြောက်တရားဆိုတာ အရုပ်ဆိုးတယ်၊ မကြောက်နဲ့၊ အကြောက်တရားဆိုတာလည်းပဲ ခဏတာလေးသာဖြစ်တည်တဲ့စိတ်ရဲ့ ညစ်ထေးမှုဖြစ်တယ်၊ မကြောက်နဲ့၊ အကြောက်တရားသည်လည်း သင်္ခါရအစုပါ ... ခဏပဲ ခဏဆိုမှ ခဏလေးပါ မြရွက်ညှာ ... တိတ်ပါ ချစ်သူ ... တိတ်ပါတော့ ကလေးရယ်''

ရေစိုစိုအိုင်ထွန်းနေသော ကောင်မလေး၏ ဆံနွယ်စိုစိုတွေထဲသို့ သူ့နှာသီးဖျားလေးနဲ့တို့ထိရင်း ... တရစပ် ချော့မြူနှစ်သိပ်နေမိသည်။ အရှည်ကြီးချော့မိ၏။

ကောင်မလေး တစ်ချက် တွန့်ခနဲဖြစ်သွား၏။

သူ ခပ်တင်းတင်းဖက်ရင်း ဆံနွယ်တွေကို နမ်းရှိုက်လိုက်သည်။

ကောင်မလေး ငြိမ်ကျသွားပြန်သည်။

ကောင်မလေး အငိုတိတ်သွားပြီ။

သူကြိုးစားအားစိုက်ပြီး နှစ်သိပ်လိုက်ခြင်းက ထိထိရောက်ရောက်တာပါသွားသည်။

သူ့မြတ်နိုးလွန်းသော ချစ်သူစိတ်ချမ်းမြေ့စေနိုင်၍လည်း သူ့အတိုင်းအဆမဲ့ ပီတိတို့ဖြင့် ရင်သည် တငြိမ့်ငြိမ့် ငြိမ်းချမ်းလွန်းလှေ





တကား ...

ချစ်သူ မြရွက်ညှာကို သူ တမက်တမော နမ်းရှိုက်လိုက်သည်။

ကောင်မလေးကတော့ အပြစ်ကင်းစင်ဝင်းမွတ်သော အလှတို့ဖြင့် လှပနေသည်။

ထူထဲပိတ်သည်း မျက်ခုံးနက်နက်များဆီ သူ့အနမ်းတွေစိုလူးသွား၏။

နီရဲမို့မို့ပါးပြင်နှစ်ဖက်မှာ အနမ်းတွေစိတ်မိသည်။ စင်းစင်းလုံးလုံး နှာတံတစ်လျှောက် အနမ်းတွေခြေရာထပ်၏။

ဖူးဖူးပြည့်ပြည့် နှုတ်ခမ်းနုထွေး၌ အနမ်းတွေ ကျောက်ချရပ်တန့်သည်။

လောကသည် ငြိမ်းချမ်းလွန်းလှေစွ။

ချစ်သူသည် ပျော်ဝင်ငြိမ်သက်သွားသည်။

ကောင်မလေးနှင့်သူ မျက်တောင်တွေ မေးစင်းကာ သာယာခြင်းမှာ တငြိမ့်ငြိမ့် စီးမြော မျောလွင့်နေခိုက် ...

''အား ... ''

သူတစ်ကိုယ်လုံး ကျဉ်စက်နဲ့ အတို့ခံလိုက်ရသလို ဖြင်းခနဲ တုန်ခါသွားသည်။

ကောင်မလေးနှင့် သူ လူလုံးကွဲသွား၏။

''ကလေး ... ဘာဖြစ်လို့လဲကလေး''

တော်ကောင်း မေးပေမဲ့ ကောင်မလေးမဖြေ၊ သူ့ကိုသာ နီရဲရဲမျက်ဝန်းများဖြင့် ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာ အချစ်စိတ်၏နောက်ကွယ်မှ အကြောက်တရားများက ခြေလှမ်းကျဲကြီးနဲ့ ရုန်းထွက်လာ၏။

ကောင်မလေးကတော့ ကြောက်စရာကောင်းလောက်အောင်ကို ငြိမ်သက်လွန်းလှ၏။

ကောင်မလေး မြရွက်ညှာကို သနားစိတ်ကလည်း ရင်မှာ အဆမတန် မောက်လျှံနေသည်။

သနားစိတ်နဲ့ ကောင်မလေးရဲ့နှုတ်ခမ်းဖူးဖူးလေးကို နှစ်သိမ့်နမ်းရန် ရှေ့သို့တိုးကပ်လိုက်၏။

"ဝုန်း ... "

သူ ကောင်မလေး၏အသားကို ထိ၍ ကိုင်၍ မရတော့ပါ။

ကောင်မလေးခန္ဓာကိုယ်မှာပဲ Repulsive Force ရှိနေသည်လား။ သူ့ခန္ဓာကိုယ်မှာပဲ Repulsion တွေ ပြည့်နေလားမသိ။

သေချာတာကတော့ သူနှင့်ကောင်မလေး ထိစပ်မရအောင် တွန်းကန်အားတွေ ပြင်းထန်နေကြသည်။

အန္တရာယ်ဟူသော အသိက မဖိတ်ခေါ်ဘဲ ရောက်လာသည်။

ဒီ ... ဒီကောင်မလေးသည် သူချစ်သူ မြရွက်ညှာ မဖြစ်နိုင်တော့ပါ။

"မင်း ... မင်း ... မြရွက်ညှာမဟုတ်ဘူး"

သူ လက်ညှိုးထိုးပြီး အော်ပြောတော့ ...

သူ့ကိုကြည့်နေသော ကောင်မလေး၏မျက်လုံးနီနီစွေးစွေးကြီး များပိုမိုနီစွေးလာကာ ခေါင်းတစ်ချက်ဆက်၏။

"ဒါဆို မင်းဘယ်သူလဲ"





ကောင်မလေး ပြုံး၏။

ကောင်မလေးအပြုံးက ရင်ခုန်ဖွယ် မဟုတ်ပါ။ ရင်တုန်ဖွယ်ကြီးသာ ...

လူနှင့်မတူသော အပြုံး ...

အပြုံး၏အသက်ဓာတ်မပါသော အပြုံးခဲခဲကြမ်းကြမ်းကြီးက နှုတ်ခမ်းမျက်စောင်းထက် ပိုမိုပူလောင်သည်။

ပြီးတော့ ... ရယ်သည်။

သရဲဘီလူးတစ်ကောင်လို ဖွေးဖွေးရှရှသွားများပေါ်အောင် ရယ်သည်။

ကောင်မလေးသည် လူစိတ်ပျောက်သွားသော အာဃာတကဆေး ကြွလူတစ်ယောက်လို ခက်ထရော်ရင့်အိုလွန်းလှ၏။

ရယ်သည်။

အူလှိုက်သည်းလှိုက်ရယ်သည်။

သူမရယ်နေတာကိုသာ အတိုင်းသား တွေ့နေရပေမဲ့ သူမ၏ ရယ်သံကိုမူ မကြားနိုင်။

သူမ နှုတ်ခမ်းလှုပ်၏။

စကားတစ်မျိုးမျိုးပြောနေခြင်း ဖြစ်သည်။

သို့ပေမဲ့ ဘာဆိုဘာမှ မကြားရပါ။

"မင်း ... မင်း ... ရွှေပွင့်လွှာ ရွှေပွင့်လွှာ မဟုတ်လား"

ကောင်မလေး ခေါင်းတစ်ကြိမ်ညိတ်ပြ၏။

"မင်း ... ဘယ်လိုဖြစ်လို့ ငါ့ဆီရောက်လာတာလဲ ... [illegible]ချစ်သူ မြရွက်ညှာ ဘယ်မှာလဲ ... ထွက်သွား ... မင်း[illegible]"



www.burmeseclassic.com

www.burmeseclassic.com



မင်းက သေပြီးပြီ ... သေပြီးတဲ့ရွှေပွင့်လွှာမဟုတ်လား"

ကောင်မလေး တတိယအကြိမ် ခေါင်းညိတ်၏။

တော်ကောင်း သူမအနီးမှာ မနေရဲတော့ပေ။

သူ ကြောက်ကြောက်နဲ့ ပြေးထွက်ခဲ့တော့သည်။

နောက်မလှည့်ကြည့်တမ်း ပြေးထွက်ခဲ့တော့သည်။

ခြေကုန်သုတ် ပြေးထွက်ခဲ့တော့သည်။

အသက်လု ခြေလှမ်းများဖြင့် ပြေးထွက်ခဲ့တော့သည်။

သူ့ခြေသံများရဲ့နောက် ဟိုးအဝေးကြီးမှာ ကောင်မလေး ကျန်ခဲ့ပြီထင်သည်။

သို့သော် သူ့အထင် အတိအကျလွဲမှားနိုင်၏။

အဘယ့်ကြောင့်မူ ...

သူ့နောက်မှာ ရွှေပွင့်လွှာ၏ ရယ်သံကြီးက ဟိန်းဟိန်းမြည်သော ပတ်မကြီးလို ကျယ်လောင်လွန်း၍ပါ။

ရယ်သံတွေအရဆိုလျှင် ကောင်မလေးသည် သူ့နောက်မှ ဖဝါးထပ်မျှ ကပ်ပါလာခဲ့ပါလိမ့်မည်။ အသေအချာ။

သူ ကြောက်ကြောက်နဲ့ ပြေးခဲ့တော့သည်။



## အခန်း(၇)

သူ့မှာ ပြေးစရာအပေါက်အလမ်းမရှိပါ။ သို့မို့ကြောင့်လည်း ရောဘဝဲစံအိမ်ကြီးဆီသို့ပဲ ပြေးလာခဲ့သည်။ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျနေတော့၏။

ကြောက်ကြောက်နဲ့ပြေးမိသည်က ဖြစ်ချင်တော့လည်း ကြောက်စရာအမြောက်လက္ခဏာအမာရွတ်မျက်နှာကြီးနဲ့ တစ္ဆေလော၊ လူလောမကွဲပြားသည့် လူကြီးဆီသို့သာဖြစ်နေသည်။ မတတ်နိုင် ...

"ကယ်ပါဦး ... ဦးလေး ... ကျွန်တော့်ကို ကယ်ပါဦး"

သူ့တစာစာ အော်ဟစ်အကူအညီတောင်းလိုက်တော့ မိုးရှုပ်တု ကြီးလို ငြိမ်သက်နေသော ပုဂ္ဂိုလ်ကြီး ဖျတ်ခနဲ နိုးထအသက်ဝင်လာ

သူ့ခန္ဓာကိုယ်တစ်နံ့တစ်လျားကို ထွင်းဖောက်မတက် မှုန်ရဲ့သော အကြည့်များဖြင့်ကြည့်သည်။

"ဘာဖြစ်လာတာလဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂနက်သံပေါက်နေသော သတ္တုသံကြီးက LOUD SPEAKER အော်သလို နားကွဲမတတ် မြည်လွှန်လှသည်။

ကျားကြောက်လို့ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး ဆိုသည့်စကားလိုဖြစ်နေပြီထင်သည်။

နောက်ကလိုက်လာသည့်သရဲကိုကြောက်၍ အကူအညီတောင်းမိသည်။ ကူညီမည့်သူကိုယ်တိုင်က သရဲဖြစ်နေပြီလားမသိ။

ဖြစ်ကာမှဖြစ်ရော ... လတ်တလော အခက်အခဲဖြေရှင်းနိုင်ဖို့က ဒီတစ်နည်းသာရှိသည်မဟုတ်လား။

မျက်နှာထက်မှ အမာရွတ်ကြီးနှစ်ခုက ကင်းခြေများနှစ်ကောင် တစ်ကောင်ပေါ်တစ်ကောင် ဖြတ်လျှက် CROSSING POSITION အတိုင်း မျက်နှာ၌ ကင်နေသည်ထင်ရသည်။

"သ ... သရဲ လိုက် လိုက်လို့ပါ"

ရယ်လိုက်သည်လား မဲ့လိုက်သည်လားမသဲကွဲပါ။ မျက်နှာရှိ ကင်းခြေများနှစ်ကောင်ကတော့ တလှုပ်လှုပ်နဲ့ တွန့်ချည်ကွေးချည်ဖြစ်သွားသည်။

"သရဲဘောကြောင်တဲ့ကောင်"

နှိမ့်ချပြစ်တင်စကားဖြစ်ပေမယ့် အသံသြဇာရှိလှသည်မို့ အားကိုးချင်စရာတော့ကောင်းသည်။

နောက်ကြောင်းမအေးသေး၍ ဝင်ပြေးရအောင်ကလည်း ထိုပုဂ္ဂိုလ်ကြီးက လှေကားထိပ်မှာ ပိတ်နေတော့ အခွင့်တောင်းခြင်းကိုသာ စိတ်ရှည်စွာပြုနေရပါသည်။

နောက်သို့လှည့်ကြည့်တော့ လှေကားခြေရင်းမှ စူးစူးရဲရဲကြည့်





နေသော သရဲမ ရွှေပွင့်လွှာကို တွေ့နေရသည်။

လှေကားအတိုင်း ပြေးတက်လာ၍ သူ့မှာနေစရာ ထိုင်စရာမရှိကြောက်ရွံ့သွားမိသည်။

ကျောတွေ တွန့်ခနဲ တွန့်ခနဲ တုန်သွား၏။

မြွေတွင်းထဲကိုမှ ခုန်ချမိသူလို အသက် ဘယ်လိုထွက်ရမှန်းမသိအောင် ဖျတ်ဖျတ်လူးထိတ်လန့်ခြင်းတွေ ခန္ဓာကိုယ်တစ်နံတလျှားတွန့်လူးနေသည်။

အခုချိန်အထိ အမာရွတ်နဲ့ပုဂ္ဂိုလ်ကြီးက သူ့ကို အကူအညီပေးဖို့ အစီအစဉ် ရှိသေးဟန်မတူ။

သူ့မှာ နောက်ဆုတ်မရ၊ ရှေ့တိုးမဖြစ်၊ ဘေးဘီဝဲယာပြေးထွက်ရာ လမ်းလည်းမရှိတော့ပါ။

သို့ပေမဲ့ တော်ကောင်း အားတက်သွား၏။

သူ့ရှေ့မှ ပိတ်ဆီးထားသော ပုဂ္ဂိုလ်ကြီး၏ မျက်လုံးထဲမှာ အရိပ်အမျိုးပြောင်းသွားသည်။

လူသေကောင်လို အေးစက်စက်မျက်လုံးကြီးများထဲတွင် လူသားဆန်မှု အရိပ်အငွေ့လေးတစ်ခု ဖျတ်ခနဲ လက်သွားတာ တွေ့လိုက်ရသည်။

သို့သော် ...

သူ နှာခေါင်းရှုံ့လိုက်မိသည်။

လူသေနံ့ကြီးက နှာခေါင်းဝသို့ တံစို့ထိုးဝါးလုံးလို တိုးဝင်လာသည်။

သရဲမ ရွှေပွင့်လွှာထံမှလော ... သို့မဟုတ် အရှေ့မှာ ရပ်နေသူလော ဘာသတ္တဝါလော ခွဲခြားဖို့မလွယ်သည့် ပုဂ္ဂိုလ်ကြီးထံမှလော သေချာ။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာက မခံသာအောင် နံဟောင်မှုကြောင့် သူတစ်ကိုယ်လုံး ကြက်သီးတွေ အဖီးဖီးထလာခြင်းသာ ဖြစ်၏။

ကြောက်မက်ဖွယ် အနံ့ဆိုးကြီးနှင့်အတူ ခြေလှမ်းတွေကလည်း တော်ကောင်း ကျောပြင်နှင့် နီး၍နီး၍ လာချေပြီ။

တော်ကောင်း ကျောကော့ကြောက်နေမိ၏။

ရှေ့တိုးထမ်းပို့၊ နောက်ဆုတ်လှည်းထုတ်ကိန်းမျိုးနဲ့ ကြုံနေပြီ။

ညှပ်ပူးညှပ်ပိတ်မှ လေးဘက်လေးတန် ညှပ်ပူးညှပ်ပိတ်အနေ အထားထဲ သူအကျဉ်းကျလျှက်ရှိ၏။

ဘယ်သူ့ကို အောက်ကျို့ရမည်နည်း။

ဘယ်သူ့ကို တိုက်ခိုက်ကျော်ဖြတ်ရမည်နည်း။

အန္တရာယ်က ရှေ့နှင့်နောက် လက်တစ်ကမ်းအကွာခီမှာသာ ရှိ သည်။

ဘယ်ပြေးပြေး ဘယ်လိုမှ မလွတ်တော့ပါ။

မိန်းမသရဲက သူ့ကျောပြင်သို့ လက်တံကြီးရှည်ဆန့်လာသလို အမာရွတ်နဲ့သတ္တဝါကြီး၏လက်ကလည်း သူ့ရင်ဘတ်ဆီသို့ စွပ်ခနဲ ဖြေ ဝင်လာ၏။

သရဲလက်နှစ်ချောင်းအကြားမှာ တော်ကောင်း၏အော်သံကြီး တော့ ကမ္ဘာပြိုမယ့် မိုးခြိမ်းသံကြီးလို ပူပန်ဆူလောင် ပွက်ပွက်ညံသွား လေပြီ။

အား ...

အား ...

အား ...

ရဲရင့်အောင်စာပေ

တော်ကောင်း သူ့ကိုယ်သူ သေလူသတ်မှတ်ကာ မျက်စိမှိတ် ထားလိုက်၏။

ငြိမ့်ခနဲ တစ်ချက်ဖြစ်သွားတာသာ သိသည်။

သူ့ခန္ဓာကိုယ်သည် စွန်ရဲအသုတ်ခံရသော ကြက်သားပေါက်ငယ် လေးလို စွေ့ခနဲ မြောက်တက်သွားသည်။

ကြောက်လန့်တကြား ပြူးကာပြဲကာကြည့်မိတော့ ...

သရဲမလေး၏လက်တံရှည်လျားလျားကြီးက လေထဲမှ တဝဲဝဲ ယမ်းနေသည်။

ဒါဆို ...

သူဟာ မျက်နှာမှာ အနက်ရောင်အမြှောက်လက္ခဏာနဲ့လူကြီးရဲ့ ရင်ခွင်ထဲရောက်နေတာပေါ့။

ဘာပဲဖြစ်ဖြစ် ကျေနပ်ရမှာပါ။

တကယ်လည်းပဲ ဒီလူကြီးက ကောင်မလေးလောက် ကြောက်စရာ မကောင်းပေ။

ကောင်မလေးက သရဲမဆိုတာ ကျိန်းသေပေမဲ့ ဒီလူကြီးကတော့ လူဖြစ်နိုင်ချေ ငါးဆယ်ရာခိုင်နှုန်းခန့်သာရှိသည်။ လူအစစ်ဖြစ်နိုင်ချေနှင့် သရဲအစစ်ဖြစ်နိုင်ချေ ၅၀, ၅၀ Probability မှာ ရှိနေသေးသည်။

သို့မို့လည်း လူဖြစ်နိုင်ချေ တစ်ဝက်ရှိသည့် အားကိုးချင်စရာက တွက် သူတော်ကောင်း နတ်ကောင်းစောင်မခြင်းသာ ဖြစ်တော့မည်။

ကျေးဇူးတင်သည်။ ဘာပဲဖြစ်ဖြစ်ပါ။

"ငါ ဘယ်သူလဲ ... မင်းသိလား"

တော်ကောင်း ကမန်းကတန်း ခေါင်းယမ်း၏။

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြွှက်ညှာအဖေ ... မင်းကို ငါ့အိမ်မှာ တည်းခိုခွင့်ပေးလိုက်တဲ့ မြွှက်ညှာအဖေ ... "

"ဗျာ ... ကျွန်တော်က ဦးကို သရဲအောက်မေ့လို့"

"ဘာကွ ... ကဲကွာ ... ကျေးဇူးကန်းတဲ့ကောင်"

သူ့ခန္ဓာကိုယ်လေးကို မြွှက်ညှာအဖေ လွှတ်ချလိုက်၏။

"ဝုန်း"

အီး ...

ဂ ...

သူ့ခန္ဓာကိုယ်လေးမှာ ခြေချခံရသော အုန်းသီးခိုင်ပမာ မြေပြင်ကြွေကျရချေပြီ။

ဆို့အောက်အောက်မြေကြီး၏ အနံ့က Pope Jahn Paul (II) နမ်းသည့် ဇာတိမြေ Poland ရဲ့ မြေသင်းနံ့လို မမွှေးပျံ့နိုင်ပါ။

သစ်ရွက်အဟောင်းအဆွေး၊ မြေဆွေးမြေဟောင်းဖြစ်ဟန်တူသည်။

ပစ်ချခံရသည့်တိုင်အောင် အနည်းငယ်နာကျင်မှုမှအပ ခြေကျိုးလက်ကျိုး၊ ခေါင်းကွဲ၊ ရှနာခြင်း၊ အလျဉ်းမရှိ။

အောက်ခံမြေသားအိအိတွေကို သူလက်နဲ့စမ်းသပ်ကြည့်လိုက်၏။ မြေစာပုံ ကြွက်ကျစ်စာ လတ်လတ်ဆတ်ဆတ်များဖြစ်နေတာတွေ့ရသည်။

လက်အငြိမ်မနေနိုင်။ ခြေအငြိမ်မနေနိုင်စွာ သူ မြေစာပုံ လက်ထိုးနှိုက်မိသောအခါ ...

"ရှူး ... "

"အ မ လေး ဗျ"





လက်မောင်းလုံးခန့်ရှိသော မြွေဟောက်နက်ကြီးတစ်ကောင် တဖြီးဖြီး ပါးပျဉ်းထောင်ထလာ၏။

သူ့မျက်လုံးတွေ စုထွက်ပေါက်ကွဲမတတ် ပြူးကျယ်ကြောက်လန့်သွား၏။

သူ့မှာ ခုခံကာကွယ်စရာ လက်နက်တစ်စုံတစ်ရာမရှိပါ။

တကယ်တော့ လူသည် ဘာမှတန်ကိုးမရှိ စွမ်းအင်ချည့်နဲ့ သတ္တဝါ တစ်ကောင်သာဖြစ်သည်။

ကိုယ့်ကိုယ် ခန္ဓာလောက်ပင်မရှိသော မြွေတစ်ကောင်ကို ရင်ဆိုင်ဆဲ့ ခြေဖျားလက်ဖျားတွေ အေးစက်သွေးပျက်ချောက်ချားနေမိသည်။

လက်နက်မဲ့ချင်း မယှဉ်ပြိုင်ရဲလောက်အောင် သူရဲဘောကြောင်ခဲ့လေ၏။

သူ မြွေအန္တရာယ်မှလွတ်ရန် မြွေတစ်ကောင်လို မြေကြီးပေါ် မှောက်သွားလျှက် နောက်ဆုတ် နောက်ဆုတ်ရှောင်ထွက်မိသည်။

မြွေကြီးကလည်း သားကောင်ကို အလွတ်မပေးသော မုဆိုးတစ်ယောက်လို တစ်ရံမလပ် မျက်ခြေမပြတ် တစ်ရွေ့ချင်းတစ်ရွေ့ချင်း ကပ်လိုက်လာသည်။

နီးသထက်နီး နီးလာသည်။

မြွေဟောက်ကြီး၏ ပါးပျဉ်းခွက်တလှုပ်လှုပ်ကို အသက်တစ်ဖျားကြောက်ကြည့်နေမိ၏။

မြွေဆိုးကြီး ဘယ်ညာယိမ်းတော့ သူသတ္တိတွေ ယိမ်းယိုင်ပြိုလဲ သွားပါသည်။

မြွေနက်ကြီးဦးခေါင်းနောက်ပြန်၍ အနည်းငယ်အားယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သုတ်ခနဲ သူ့ငယ်ထိပ်ဆီ ပေါက်ချလိုက်တော့သည်။

အား...

အား...

ရှူး ...

စွီး ...

ဖရော ရော ...

သူထင်လိုက်သည်က မြွေဟောက်ကြီး၏အစွယ် သူ့ငယ်ထိပ်ပေါ် စိုက်ကျနေလိမ့်မည်ဟုသည်အထင် ...

သို့သော် ...

သူမြင်လိုက်ရသည်က ကြောင်တစ်ကောင်လောက်ကြီးသော မြွေကြွက်မည်းမည်းကြီးနှင့် လုံးထွေးရစ်ပတ်နေသော မြွေဟောက်နက်ကြီးတို့၏ မြင်ကွင်းဖြစ်၏။

သူ့အန္တရာယ်ဟုထင်မှတ်ထားသော အန္တရာယ်စက်ကွင်းမှလွတ်သည်ကိုသိသည်နှင့် တစ်ပြိုင်နက်တည်း တော်ကောင်း ဝုန်းခနဲ ခုန်ထကာ ခြေဦးနှင့်နဖူးတည့်ရာသို့ ကဆုန်ပေါက်ပြေးချလိုက်ပါတော့သည်။

တစ်လှမ်း၊ တစ်ခုန်

နှစ်လှမ်း၊ နှစ်ခုန်

သုံးလှမ်း၊ သုံးခုန် ...

လောက်သာ လှမ်းရခုန်ရချေသည်။

ကံဆိုးမှုက အဆင်သင့် ...

သူ ဝုန်းခနဲ ဟပ်ထိုးလဲကျသွားပါတော့သည်။

"ဗုန်း ...





အင့် ... "

အရေးထဲမှာမှ ခလုတ်တိုက်မိသော ခြေထောက်ကို ဖြတ်ထားခဲ့ချင်သည်။

ခြေထောက်မပါလျှင် ပြေး၍မရ၍သာ မဟုတ်လို့ကတော့ ခြေထောက်စုတ် ခြေထောက်ပဲ့ကို နှမြောနေမည်မဟုတ်။

ရင်ဘတ်သည် မှောက်လဲသည့်အရှိန်ကြောင့် နင်နင်ဆို့ဆို့ကြီး အောင့်၏။

အသက်ရှူရပ် မျက်စိတွေပင် ပြာဝေသွားသည်။ သူ့အားလျှား မှောက်လဲကျရာမှ လက်ထောက်ထဖို့ ကြိုးစားတော့ ...

သူ ခလုတ်တိုက်သည့် ရင်ဘတ်အောက်မှ ခလုပ်ကြီးကို (ခုလုံးလုံး) ငုံ့ကြည့်တော့ ...

အ ...

ဟီး ...

ဟီး ...

ဟီး ...

သူ ပင်မအာရုံကြောကြီး တင်းခနဲ တောင်သွားသည်အထိ ထိတ်လန့်သွားပါ၏။

ဝုန်းခနဲ ခုန်ထလိုက်၏။

ထိုရယ်သံအက်အက်ကြီးနဲ့ သတ္တဝါကြီးကို ငုံ့ကြည့်သည်။

"ဟင် ... "

ထိတ်လန့်အံ့သြ အာမေဋိတ်ကြီး ပါးစပ်ပေါက်မှ ခုန်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အကြိမ်ကြိမ်ခြောက်ခဲ့၊ လှန့်ခဲ့သော နေကြာရိုင်းတောထဲမှာ တွေ့ခဲ့သော မချိုလွင်ဟု ချစ်သူ မြရွက်ညွာပြောပြသော သရဲမကို တွေ့လိုက်ရပါသည်။

တော်ကောင်း ကြောင်တစ်ကောင်လို ခုန်ထလိုက်တော့သည်။

သရဲမက ဆံပင်ဖားလျားချကြီးနဲ့ သူ့ကို ရယ်ပြနေ၏။

ဟီး ...

ဟီး ...

ဟီး ...

မိတ်ဆွေဖွဲ့လိုသည့် ရယ်ခြင်းမျိုးဖြစ်ဦးတော့ သူကတော့ ရန်သူ အသက်နှုတ်မည့်ရန်သူထက်ပင် ထိတ်လန့်နေပါသည်။

ကံဆိုးထဲက ကံကောင်းသည်ဟုပဲ ဆိုရမည်။

သရဲမ သူ့ထံသို့ ထ,လိုက်မလာပါချေ။

သတ္တဝါမှန်လျှင် နောက်ဆုံးထွက်သက်အထိ Servival First အသက်ရှင်သန်ရေး ပဓာနဝါဒကို နားလည်ကျင့်သုံးတတ်သူပီပီ။

တချွေတောထဲမှ အလွတ်ရုန်းပြေးချလိုက်ပါသည်။

မျက်နှာပြင်အနှံ့မှာတော့ မြက်ပင်ကြမ်းကြမ်းများက ဓားအစင်းစင်းနဲ့ ခွဲဖြတ်သလို တချွေလက်သည်းများလို ကုတ်ခြစ်ကြ၏။

သူ ပြေးသည်။

မြက်ရိုင်းတောကြီးလွတ်အောင် ပြေးသည်။

နောက်မှ သရဲတွေ လိုက်လာဦးမည်ထင်၍လည်း ခြေထောက်တွေကို တစ်ရံတစ်ဆစ်မျှပင် မရပ်တန့်ရဲပါ။

"ဟော ... "





မြက်ရိုင်းတောကြီးကျော်လာပြီ။

ရှေ့မှာက နေကြာရိုင်းတောကြီး ...

သူ့ဇာတ်လမ်းဆုံးတော့မည်ကို တော်ကောင်း သိလိုက်သည်။

အငိုနဲ့စသောသူ့ဘဝ အငိုနဲ့ပဲ အဆုံးသတ်သလို ...

နေကြာရိုင်းတောနဲ့စသောသူတစ်ညတာသည်လည်း နေကြာရိုင်းတောနဲ့ပဲ အဆုံးသတ်ပေမည်။

နေကြာရိုင်းပင်များ ထူထဲပိတ်သည်းလာ၏။

အချို့နေကြာရိုင်းများ သူ့နောက်မှာ အပိုင်းပိုင်းအပြတ်ပြတ် ကျိုးကြေကျန်ခဲ့သည်။

သူဆက်ပြေးပါသည်။

သို့သော် ...

သူကံမကောင်းနိုင်ပါ။ သူ့ခြေကျင်းဝတ်မှ ပူခနဲ တစ်ချက်ဖြစ်သွားပြီး ပိုးစိုးပက်စက် ပစ်လဲကျသွားတော့သည်။

မျက်စိတွေမှုးဝေသွား၏။ ခေါင်းထဲမှ ကြယ်စင်၊ ကြယ်စု၊ ကြယ်တန်းရှည်များ တံစို့ထိုး တိုးဝင်လာ၏။

သတိကြပ်ကြပ်ဆွဲလျှက် မျက်စိနှစ်လုံးကို ဖွင့်ကြည့်လိုက်သည်။

"ဟင် ...

လိပ်ကြီး ... "

လူလိပ်ကြီးသည် သူ့ကိုတချွေတစ်ကောင်လို ကြမ်းရိုင်းစွာကြည့်လျှက် သူ့ခြေထောက်ကို မလွှတ်တမ်း ဆုပ်ကိုင်ထားလေသည်။

ဒေါသအမျက်တို့ တရှိန်ရှိန်လောင်မြိုက်နေသော မျက်ဝန်းထဲမှာ သူ့ကို သတ်တော့ဖြတ်တော့မည့်အရိပ်အယောင်တွေ သီးထနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထားသောလက်ကြီးကား ပူလောင်လွန်းရုံမျှသာမက သန်မာလွန်းသော သံပူသံခြေကျင်းလို သူ့ခြေကျင်းဝတ်ကို ဖိညှစ်လိုက်သည်။

သူ ဒီဝဋ်ကြွေးမှ မလွတ်နိုင်တော့တာကို နောက်ဆုံးသိလိုက်ပြီ။

သေခြင်း၏ရနံ့များ သူရှူသွင်းမိသမျှ လေနဲ့အတူ သူအဆုပ်ထဲသို့ ဖောင်းကားပြည့်လျှံသွားပါ၏။

ခြေထောက်သည် ခြေကျင်းဝတ်နေရာမှနေ၍ ပြတ်ကျကာ မြေကြီးပေါ်မှ ဆတ်ဆတ်ခါနေသည်။

လိပ်ကြီး၏လက်က သူ့လည်ပင်းသို့ လျင်မြန်စွာ ပြောင်းရွှေ့ဆုပ်ညှစ်လိုက်သောအခါ ...

သူ့မျက်လုံးတွေ စူထွက်ပေါက်ကွဲသွားတော့သည်။

သူ့ခန္ဓာကိုယ်သည် သေခါစ မြွေတစ်ကောင်လို ဖျတ်ဖျတ်ခါခါ တွန့်ကွေးသွား၏။

သူ့အသံနက်ကြီးက နေကြာရိုင်းတောကြီးတစ်တောလုံး ကျိုးကြေ စုတ်ပြဲသွားလောက်အောင် ကျယ်ကျယ်လောင်လောင်မြည်ဟည်းသွားတော့သည်။

အား ...

အား ...

အား ...



# အခန်း(၈)

"သူငယ်ချင်း ... "

ခေါ်သံက ဟိုးအဝေးကြီးမှ ပြေးလာသလို မှိန်ဖျော့တော့ ...လေး ...

သူ နားစိုက်ထောင်၏။

နားထဲမှာ တဝီဝီ ပန်ကာသံလိုလို ... ပျားအကောင်တစ်သန်း ...သန်းလာသလိုလို ... အူပင်းနေသည်။

"တော်ကောင်း ... သတိထား ... မင်း ... သတိရနေပြီ ဟုတ် ...ယ် ... မင်းသတိရနေပြီ ... တော်ကောင်း"

သူ့နားထဲမှ ပုရစ်မြည်သံလို စကားသံကို နားစိုက်ထောင်... သူ ဒီအသံကြားဖူးသည်။

"ဟုတ်တယ် ... ဒါ ... ဒါ ... "

သူ ... လေးလံပိတ်သည်းနေသော မျက်လွှာကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖွင့်ကြည့်တော့ သူမျက်နှာပေါ် အုပ်စီးထားသော လိပ်ကြီးနှစ်ကောင်ကို တွေ့လိုက်ရသည်။

"အား ... "

သူ မျက်စိမှိတ်ချလိုက်ပြန်၏။

"တော်ကောင်း ... "

သူနားယဉ်နေသောအသံကို ပီသကြည်မြစွာကြားလိုက်၏။

သူကြောက်စိတ်ကို ဖွတ်အတင်းချိုးနှိမ်ကာ နောက်တစ်ကြိမ် မျက်လုံးဖွင့်ကြည့်၏။

"သူငယ်ချင်း ... သူငယ်ချင်း ... ငါပါ ငါ မင်းသူငယ်ချင်း ညွှန့်ဝဏ္ဏပါ"

"ဟင် ... ညွှန့်ဝဏ္ဏဆိုပါလား ... ဒါ ... ဒါဟာ ... ငါ့သူငယ်ချင်း မန္တလေးဆေးတက္ကသိုလ်မှာ အတူတူကျောင်းနေဖက်သူငယ်ချင်း ညွှန့်ဝဏ္ဏ ... "

ဆရာဝန် ညွှန့်ဝဏ္ဏ ...

ပြင်ဦးလွင်မှာ ကိုယ်ပိုင်ဆေးရုံဖွင့်ထားသည့် ညွှန့်ဝဏ္ဏ ...

သူ့မှတ်ဉာဏ်တွေ အမြန်ရစ် ရုပ်ရှင်တစ်ခုလို တဖျပ်ဖျပ်ထင်ဟပ်လာ၏။

မျက်လုံးဖွင့်ကြည့်တော့ ...

"အား ...

ရောဘဝဲစံအိမ်ကြီး"

"ဟော့ကောင် သတိထားစမ်းပါကွာ ... ဘာတွေလျှောက်အော်နေတာလဲဟ ... "





ညွှန့်ဝဏ္ဏက ခပ်ငေါက်ငေါက်လေး မာန်လိုက်၏။

သူမြင်လိုက်ရသော ရောဘဝဲစံအိမ်ကို တစ်ပြန်ထပ်ကြည့်လိုက်တော့ ...

"ဩော် ... "

သူထင်မြင်မိသော ရောဘဝဲစံအိမ်သည် တကယ့်စံအိမ်မဟုတ်ပါဘဲ နံရံပြည့် ပန်းချီကားကြီးဖြစ်၏။

ထို ရောဘဝဲပန်းချီကားချပ်ကြီး၏ ဘေးတစ်ဖက်တစ်ချက်စီမှာက ရောမ လိပ်ကြီး (ပင်လယ်လိပ်ကြီး)နှစ်ကောင်၏ ပုံတူတွေလား ခတ်ပုံထားမသိ။

ကပ်ထားခြင်းဖြစ်၏။

ဒါဆို ... သူတွေ့ခဲ့ရသော အကြောင်းတရားများသည် ထင်ယောင်မြင်မှားမှု ပုံရိပ်များ၏ စိတ်ကောက်ကြောင်းတွေဖြစ်မည်။

သူ ဒီအခန်းထဲမှာ ဘာလို့ရောက်နေသနည်း။

ဆရာဝန် ဆေးခန်းထဲမှာရောက်နေမှတော့ သူဟာ လူနာအဖြစ် ရောက်ရှိနေခဲ့ခြင်းဖြစ်မည်။

"ဟုတ်ပြီ ... သူသတိလစ်သွားခဲ့တာလား"

"မင်းသတိလစ်နေခဲ့တာ တော်ကောင်း"

အခုမှ သူ့နံဘေးမှာ ငုပ်တုတ်လေးထိုင်နေသော မျက်မှန်အဖြူ နှင့် သူငယ်ချင်း ညွှန့်ဝဏ္ဏကို တွေ့ရ၏။

"ငါ သတိလစ်"

"ဟုတ်တယ် သူငယ်ချင်း၊ နေကြာရိုင်းတောထဲမှာ ဆိုင်ကယ် မှောက်ပြီး သတိလစ်နေခဲ့တာ ... တော်သေးတာပေါ့ကွာ ... ငါ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း ကောင်မလေးက သူ့စတော်ဘယ်ရီစိုက်ခင်းကအပြန် မင်းကိုတွေ့ခဲ့လို့ ... "

"အဲဒါနဲ့ ငါကဘယ်လိုဖြစ်လို့ မင်းဆီရောက်လာတာလဲ ညွန့်ဝဏ္ဏ"

"မင်းဟန်းဖုန်းထဲမှာ ငါ့ဖုန်းနံပါတ်ပါလို့ ငါ့ဆီဆက်သွယ်တာပေါ့"

"အခု ငါဘာဖြစ်သွားပြီလဲ ... "

"ဘာမှမဖြစ်ပါဘူးရှင် ... ရှင့်ခြေထောက်မှာ ဆိုင်ကယ်အိတ်ဇောအပူလောင်သွားတဲ့ဒဏ်ရာကလွဲပြီး ဘာမှမဖြစ်ပါဘူးရှင် ... "

ချိုမြမြဆည်းလည်းအလား ချိုမြိန်သော ...

နုရှရှ ရွှေအပြားလေးများ လှုပ်ခတ်သလို နားဝင်ချိုလှသော ကောင်မလေးတစ်ယောက်၏ အသံကြောင့် သူ့အကြည့်တွေ အခန်းတံခါးဝဆီရွေ့သွား၏။

"ဟင် ... မြရွက်ညှာ ... "

"ဟာ ... မင်းက မြရွက်ညှာကိုသိနေတယ် ဟုတ်လား ... တော်ကောင်း"

သူ ခေါင်းမညိတ်မိပါ။

ခေါင်းလည်းမခါအားပါ။

အနီးသို့ ပြုံးတုံ့တုံ့နဲ့ရောက်လာသော ချစ်သူ(အိပ်မက်လိုလို သတိလစ်ကမ္ဘာထဲမှ တွေ့ခဲ့သော) မြရွက်ညှာကိုသာ ရင်ခွင်ထဲ ဆွဲပွေ့လိုက်၏။

"ရှင့်သူငယ်ချင်း အသက်ကယ်တဲ့ကျေးဇူးကို ဆပ်နေတယ် ညွန့်ဝဏ္ဏရေ ... "

"နင်တို့ _ ဩော် _ တယ်လည်းသွက်လိုက်ကြပါလား မြရွက်





ညှာ _ နင်နဲ့တော်ကောင်းက အင်း ... ဟုတ်ပြီ ဟုတ်ပြီ ဟုတ်ပါပြီ ငါ Stay ရှောင်ပေးရတော့မှာပေါ့လေ ... "

ညွန့်ဝဏ္ဏ အခန်းအပြင်သို့ထွက်သွားပြီ။

ကောင်မလေးကို သူ့အနမ်းတွေနဲ့ ဖိသိပ်ထားလိုက်၏။

"အို _ လွှတ်ပါဦးရှင် ... ဘယ်လိုလူနာပါလိမ့် _ တောထဲက စတော်ဘယ်ရီခြံမှာ ဆေးကုပေးတုန်းကလည်း တစ်ဖက်တည်းဖက်နေခဲ့တာ ... "

"မင်းနဲ့ငါ ချစ်သူဖြစ်ခဲ့တယ် မဟုတ်လား မြရွက်ညှာ ... "

"ရှင့်ကို ဘယ်သူပြောလဲ ... "

ကောင်မလေးက ငြင်းသည်လည်းမဟုတ် ... ထောက်ခံသည်လည်းမဟုတ်ဘဲ ပြုံးစစနဲ့ မေးခွန်းတစ်ခွန်းသာ ထွက်ကျလာ၏။

"ဘာပဲဖြစ်ဖြစ် ကိုယ်မင်းကိုချစ်တယ် ချစ်သူရယ် ... "

ကောင်မလေးမျက်နှာမှာ ရှက်ပန်းတွေ ရဲရဲလှုပ်ထပွင့်သွားတော့သည်။

ထိုစဉ် ...

"တော်ကောင်းရေ _ ခဏ ဘရိတ်တိုင်း(Break Time)တော့"

"မြရွက်ညှာ နင့်အဖေရောက်နေတယ် စတော်ဘယ်ရီခြံကို ထိုက်ဦးမလားတဲ့ ... "

ပြောပြီး ခဏအကြာ ... ညွန့်ဝဏ္ဏဝင်လာ၍ သူတို့နှစ်ယောက် ရယ်လုံးခွဲလိုက်ကြ၏။

သူ ခပ်ရှက်ရှက်လေးနဲ့သွားဖြီး တားမိသည်။

သို့သော် သူ့ရှက်ပြုံးတွေ ရုတ်တရက်ရပ်တန့်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်နဲ့အော်ချရင်း မြရွက်ညှာကို ပွေ့ဖက်လိုက်မိ၏။

"သရဲကြီး ... "

"အမေ ... "

သူ့အော်သံနှင့်ထပ်တူ မြရွက်ညှာအသံလေးက ခပ်ချိုချိုလွင့်တက်လာ၏။

ညွန့်ဝဲရွှာ၏နောက်မှ လူကြီးကတော့ ပြုံးသည်။ ရယ်သည်၊ မကွဲပြားသော မဲ့ပြုံးတစ်ချက် ပြုံးကာ သူတို့နှစ်ဦးကိုသာ ရှုစိုက်ကြည့်နေတော့သည်။

ထိုပုဂ္ဂိုလ်ကြီးသည် မျက်နှာမှာ အမြောက်လက္ခဏာအမာရွတ်နှင့် လူကြီးဖြစ်သည်ကိုတော့ အထူးတလည် ဖွင့်ပြောပြဖို့ လိုတော့မည်မထင်။

ပြီး

ပုဏ္ဏာညို



www.burmeseclassic.com